

www.burmeseclassic.com



www.burmeseclassic.com

# အောင်မြင်

စာပေ



၀၄၅၅.၀၃

ကြိုဝက္ခ

မနောစိညာဉ်ပျော်စက်ရှင်/ကြိုဝက္ခ၊ -ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၀၄။

၂၄၁ - စာ၊ ၁၂.၅ × ၁၈.၃ စင်တီ။

(၁) ကြိုဝက္ခ

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ်

၅၀၀၁၀၅၀၃၀၄။

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၁၈၃၀၅၀၄

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊

အမှတ်(၇)၊ သီတာလမ်း၊

တောရကျောင်း။

ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊

အမှတ်(၁)၊

အောင်ဘာလေလမ်း၊

ကျောက်မြောင်း၊

ရန်ကုန်မြို့။

ပထမအကြိမ်၊

၂၀၀၄ ခုနှစ်၊

(စက်တင်ဘာလ)၊

အုပ်ရေ(၅၀၀)၊

တန်ဖိုး(၂၀၀)ကျပ်။

**အတွင်းပုံနှိပ် နှင့်**
**မျက်နှာဖုံးပုံနှိပ်**

အောင်မြင်ပုံနှိပ်တိုက်၊

အမှတ်(၁၆)၊

သစ်ရာပင်လမ်းသွယ်၊

၂၃ ရပ်ကွက်၊

သုဝဏ္ဏ။



www.burmeseclassic.com

www.burmeseclassic.com

# ဒဿယနုလက်ဆောင်

❀ အလုပ်တစ်ခုကို စတင်လုပ်စဉ်မှာ ပထမဦးဆုံး တွေ့ရမည်မှာ အောင်မြင်မှု မဟုတ်ပေ။ ဆုံးရှုံးမှုများပင်ဖြစ်သည်။ ၎င်းတို့မှာ စိတ်ဓာတ်ကြံ့ခိုင်မှုအတွက် ပထမဆုံး ဖြေဆိုရသည့် စာမေးပွဲပင်ဖြစ်သည်။

❀ မည်သည့်အရာမဆို မသိတတ်ဘဲ မှန်း၍ လုပ်ခြင်းသည် အန္တရာယ်များလွန်းလှသည်။ ထို့ထက် တကယ်မသိတတ်ဘဲ မိမိကိုယ်ကို တတ်သိနားလည်နေပြီဟု အထင်ရှိနေခြင်းက ပို၍အန္တရာယ်ကြီးသည်။

❀ နာမည်ကောင်းတစ်ခုအတွက် ဘွဲ့ထူးဂုဏ်ထူးတွေ မလိုအပ်ပါ။ ဂုဏ်သိက္ခာရှိဖို့ပင် အရေးကြီးသည်။

❀ မှန်ကန်ကောင်းမွန်သောဆုံးဖြတ်ချက်တစ်ခုတွင် လမ်းမှားရောက်စေသော..တွေဝေစေသော..စိုးရိမ်ကြောင့်ကြမှုဖြစ်စေသော..နောက်တွန့်သွားစေသော..အချက်အလက်ပေါင်းများစွာက ဝန်းရံလျက်ရှိသည်။

❀ အခြားတစ်ဦးတစ်ယောက်ထံမှ ငွေချေးငှားခြင်းသည် ၎င်းအတွက် အခက်အခဲ တွေ့စေတတ်သလို စိတ်အနှောင့်အယှက်လည်း ဖြစ်စေတတ်သည်။ ငွေရဖို့ မသေချာသော်လည်း သင့်အပေါ် ခင်မင်မှု ပျက်စေမည်ကတော့ အမှန်ပင်ဖြစ်၏။

❀ မိမိရည်မှန်းချက်နှင့် စိတ်ကူးကို အကောင်အထည် ပေါ်လာစေရန် အကောင်းဆုံးနည်းလမ်းမှာ စတင်လုပ်ဆောင်ကြည့်ခြင်းပင် ဖြစ်၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

❀ ပြဿနာလုပ်ရန် လွယ်ကူသလောက် ထိုပြဿနာကို ဖြေရှင်းရန်ကိစ္စမှာ များစွာခက်ခဲလှသည်။ အကောင်းဆုံးကတော့… ထိုပြဿနာကို ဖြစ်တဲ့နည်းနှင့် ဖြေရှင်းပစ်ရန်ပင် ဖြစ်ပါသည်။

❀ မိတ်ဆွေကောင်း ရရန် ကြိုးစားရှာဖွေသော်လည်း ရဖို့ရန် မသေချာပေ။ သင်မရှာဘဲ အလွယ်တကူ ရနိုင်သည်မှာ ရန်သူများပင်ဖြစ်သည်။

❀ အလုပ်တစ်ခုအတွက် အရေးအကြီးဆုံးမှာ အချိန်ဖြစ်သည်။
ယခု လုပ်ဆောင်သင့်သောအလုပ်ကို မလုပ်ခြင်းသည် အချိန်ကို ဖြုန်းတီးရာရောက်ပါသည်။

❀ လူပျော့လူညံ့ အတော်များများတို့သည် အခွင့်အလမ်း ပေါ်ပေါက်လာရန် စောင့်ဆိုင်းကြသည်။ စိတ်ဓာတ်ထက်သန်သော သူတို့သည် အခွင့်အလမ်းကို ဖန်တီးရှာဖွေကြသည်။

❀ မိန်းကလေးတစ်ယောက်၏ကျွန်ဆိုသည်မှာ ရွှေထက် တန်ဖိုးရှိပါသည်။
ရွှေကို ရွှေးဈေးဖြင့် အချိန်ခံရသည့်အခါ နစ်နာသလို ကျွန်သိက္ခာကို မှားယွင်းမှုဖြင့် မလဲသင့်ပါ။

❀ ပန်းတစ်ပွင့်၏လှပခြင်းအတွက် ရေသောက်မြစ် ကောင်းဖို့ လိုသည်။ မိန်းကလေးတစ်ယောက်၏ လှပခြင်းမှာ ဆုံးဖြတ်ချက်ပေါ် မူတည်ပေသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင် ပါဝင်သောအခန်းများ


အခန်း(၁) ဝိညာဉ်ကြောက်နေသည့်အကျဉ်းသား

အခန်း(၂) သေနတ်မီး မကူးသောပတ္တမြား

အခန်း(၃) ရှမ်ဗဲလားမှလာသောသုန္ဒရီ

အခန်း(၄) မြေကျင်းထဲမှ ထလာသောအလောင်း

အခန်း(၅) ကလဲ့စားချေလိုသည့်ဆာဒူးဝိညာဉ်

အခန်း(၆) ဖောက်ပြန်သူတို့၏ကြမ္မာဆိုး

အခန်း(၇) မြေပုံအတွင်းမှ ထလာသော ခေါင်းပြတ်အလောင်း

အခန်း(၈) မေတ္တာစက်ကွင်းထဲမှ သုန္ဒရီ

အခန်း(၉) ပတ္တမြားတစ်လုံးကြောင့် တိုင်းပြည်ပျက်ခဲ့ရပုံ

အခန်း(၁၀) သုန္ဒရီနှင့် ဂမုန်းနက်ရုပ်ထု

အခန်း(၁၁) ဇရပ်ပေါ်မှ ကျောက်ဘီလူးခေါင်းပြတ်

အခန်း(၁၂) အသက်ဝင်လာသော ကျောက်ဘီလူး

အခန်း(၁၃) ကျောက်ဘီလူးပျက်လုံး

အခန်း(၁၄) လောက၏အလှဆုံးအရာ


## ဝိညာဉ်ကြောက်နေသည့် အကျဉ်းသား

ဤဝတ္ထုဇာတ်လမ်းကို ရေးသားဖော်ပြရာတွင် ဟိမဝန္တာနှင့် ပတ်သက်သော အံ့ဩဖွယ်ရာကောင်းသည့် အကြောင်းအရာအချို့လည်း ပါဝင်ပေသည်။

တကယ်တော့ ဒေါက်တာ မင်းထင်ကျော်အနေနှင့် ဟိမဝန္တာတောင်တန်းများသည် စိမ်းလွန်းသောနေရာများတော့ မဟုတ်ပေ။ မိုင်ပေါင်း(၁၅၀၀)ခန့် ရှည်လျားသော ဟိမဝန္တာတောင်တန်းများသို့ နှံ့စပ်အောင် ရောက်နိုင်ဖို့ရန် မလွယ်ကူပေ။

ဟိမဝန္တာသည် လှပသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်ကြသူများ၏အလေးအမြတ်ထားရာ ကေလာသတောင်တော်မဟာနှင့် မန်နာဆာရိုးဗား(Great Lake Manasarovan)မှ မြစ်ချောင်းများအားလုံးတို့၏အားလုံးသော မူလဇစ်မြစ်မှာ ဟိမဝန္တာတောင်တန်းများမှပင် အခြေခံကြလေသည်။

ဟိမဝန္တာတောင်တန်းမှာ မိုင်ပေါင်း(၁၅၀၀)ကျော် ရှည်လျား၍ ရင်းရင်ပြင်တစ်လျှောက်တွင် တောင်ထွတ်ပေါင်းများစွာတို့ ရှိလေသည်။

ပေပေါင်း(၂၉၀၀၀)ကျော်မြင့်လျက် ကမ္ဘာပေါ်မှာ အမြင့်ဆုံးတောင်ဖြစ်သော ဧဝရက်တောင်ပင်လျှင် ဟိမဝန္တာ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပေသည်။

အိန္ဒိယ၊ တရုတ်၊ တိဗက်၊ ပါရှား စသောနိုင်ငံများမှာ ဟိမဝန္တာ၏အလှအပများကို တစ်စိတ်တစ်ဒေသ ခံစားခွင့်ရကြလေသည်။

ဟိမာလယ(Himalaya)နှင်းများ ပျော်မွေ့ရာအိမ်ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။

ဟိမဝန္တာ၌ အစဉ်အမြဲ စီးဆင်းနေသော ရေခဲမြစ်များ၊ တောင်၏မျက်နှာစာ ရင်ပြင်ပေါ်မှာ နေရာယူထားသော နှင်းမှုန်နှင်းစက်များ၊ နှင်းသားတုများ၊ ငွေရောင်တောက်ပလျက်ရှိသော ရေခဲမြစ်များနှင့် တသွင်သွင် စီးဆင်းနေသော စမ်းချောင်းက





လေးပေါင်း မြောက်မြားစွာတို့မှာ ဟိမဝန္တာ၏အသက်သွေးကြောများဖြစ်ပေသည်။

ဟိမဝန္တာသည် လှပသော သဘာဝတရားများကို အစဉ်သဖြင့် ထိန်းသိမ်းထားသလို တရားဓမ္မ ရှာဖွေသူများအတွက် ခိုလှုံစရာ ရင်ခွင်တစ်ခုဆိုလည်း မမှားပေ။

ဟိမဝန္တာသည် သဘာဝတရားကို နှစ်သက်သူတို့အား သဘာဝ၏အမှန်တရား(Gospel of Nature)ကို သင်ကြားပေးတတ်ပေသည်။

လင်းလက်နေသော နက္ခတ်တာရာများ၊

အစဉ်အမြဲ စီးဆင်းနေသော စမ်းချောင်းများ၊

ဥတုနှင့်ရာသီ၏လက်ကမ်းမှုကို ဖီလာဆန့်ကျင်ပြုလေ့မရှိသောပန်းပွင့်များ၊

တောတောင်များနှင့် လိုက်လျောညီထွေမှုရှိအောင် အရောင်ပြောင်းလဲနေထိုင်မှုများမှာ အလှတရားများဖြစ်သလို မပြောင်းလဲသော အမှန်တရားများဟု ဆိုလျှင်လည်း မှားမည်မဟုတ်ပေ။

ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်ကြသူများ၏အလေးအမြတ်ထားရာ ကေလာသတောင်တော်မဟာနှင့် မန်နာဆာရိုးဗား(Great Lake Manasarovan)မှ မြစ်ချောင်းများအားလုံးတို့၏အားလုံးသော မူလဇစ်မြစ်မှာ ဟိမဝန္တာတောင်တန်းများမှပင် အခြေခံကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂန်ဂေါထရီ ရေခဲမြစ်ကိုအခြေပြုကာ စီးဆင်းလာသော ဂင်္ဂါမြစ်မှာလည်း ဟိမဝန္တာ၏အစိတ်အပိုင်းတစ်ခုသာဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ဟိမဝန္တာရင်ပြင်ပေါ်သို့ အကြိမ်ပေါင်းများစွာ ရောက်သော်လည်း သူ့အနေနှင့် ဆန်းကြယ်သော အတွေ့အကြုံများကို အမြဲရရှိခဲ့ပေသည်။

ဒေါက်တာမင်းထင်ကျော်သည် မြန်မာနိုင်ငံမှ ပေးအပ်သော ဒေါက်တာဘွဲ့ ရခဲ့ပြီးနောက်တွင် အမေရိကန်ပြည်ထောင်စုသို့ သွားကာ ဒဿနိကဗေဒနှင့် ယောဂသိပ္ပံဆိုင်ရာ ပညာရပ်များကို ထပ်မံလေ့လာသင်ယူခဲ့သည်။

အမေရိကန်ပြည်ထောင်စု၌ ဒဿနိကဗေဒနှင့်ယောဂသိပ္ပံဆိုင်ရာ ဟိမဝန္တာအပြည်ပြည်ဆိုင်ရာတက္ကသိုလ်(The Himalayan International Institute of Yoga Science and Philophy of the U.S.A)မှာ နာမည်ကျော်တက္ကသိုလ်တစ်ခုပင်ဖြစ်၏။ (၁၉၇၁)ခုနှစ်တွင် ဆွာမိရာမဆိုသော ပုဂ္ဂိုလ်တစ်ဦးက စတင်ထူထောင်ခဲ့ခြင်းဖြစ်ကာ အမေရိကန်ပြည်ထောင်စုအဝှမ်းတွင် ကျောင်းခွဲများစွာ ရှိသည်။ ဌာနချုပ်မှာ ပန်ဆယ်လ်ဗေးနီးယားပြည်နယ်၊ အရှေ့မြောက်ပိုင်း ပေ့ါကော့(န်)နိုတောင်တန်းများ(Pocono Mountains)၌ တည်ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ၎င်းတက္ကသိုလ်မှ ဒဿနိကဗေဒနှင့် ယောဂဆိုင်ရာပညာရပ်များကို ပါရဂူဘွဲ့ရသည်





အထိ သင်ယူအောင်မြင်ခဲ့ပြီးနောက်တွင် ၎င်းပညာရပ်များနှင့် ပတ်သက်သည့် အခြေခံကျသောနေရာဖြစ်သော ဟိမဝန္တာသို့ တစ်ကျော့ပြန်လာခဲ့လေသည်။

အဘယ့်ကြောင့်ဆိုသော်. . .

ယောဂဆိုင်ရာ ကျင့်စဉ်များကို အများဆုံး အသုံးပြုနေသော အိန္ဒိယယောဂီများနှင့်ဆာဒူးများမှာ ဟိမဝန္တာ၌ အများဆုံးရှိသောကြောင့်ဖြစ်သည်။

အိန္ဒိယသို့ ပြန်ရောက်သောအခါ ယောဂသိပ္ပံဆိုင်ရာ ကျောင်းခွဲတစ်ခုရှိသော ဂယာမြို့နှင့် အနီးတဝိုက်သို့ ဦးစွာဝင်ရောက်ရသည်။

ထိုကျောင်းမှ ကျောင်းတာဝန်ခံတစ်ဦး၏အကူအညီပေးမှုကြောင့် လုမ္ဗနီသို့ သွားရသည်။

ထိုမှတစ်ဆင့် စခန်းခွဲတစ်ခုရှိရာ 'ဥသိရဓ္ဗဇ' သို့ သွားရလေသည်။ ထိုနေရာမှာ ဟိမဝန္တာတောင်ခြေနှင့် အနီးဆုံးနေရာတစ်ခုဖြစ်သလို ယောဂီကြီးများနှင့် ဆာဒူးကြီးများကို အများဆုံးတွေ့နိုင်သောနေရာဖြစ်သည်။

ယောဂီကြီးများမှာ မြို့ရွာများသို့ လာလေ့မရှိသော်လည်း ဆာဒူးကြီးများကတော့ အစဉ်မပြတ် တွေ့မြင်နိုင်သည်။ ၎င်းတို့သည် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့ တွန့်လိမ်ရှုပ်ထွေးလျက်ရှိကာ တစ်ကိုယ်လုံး နံငယ်ပိုင်းတစ်ခုသာ ပတ်ထားသည်။

၎င်းတို့ကို ကြည့်လျှင် ချေးညှော်အထပ်ထပ်နှင့်အထင်



www.burmeseclassic.com

www.burmeseclassic.com



ကြီး လေးစားစရာ တစ်ချက်ကလေးမှ မရှိပေ။

သို့သော်လည်း ၎င်းတို့တစ်ကိုယ်လုံးမှာ စူးရှတောက်ပြောင်သော မျက်လုံးကိုတော့ ပိုင်ဆိုင်ထားကြသည်။

ထိုနေရာသို့ ဒေါက်တာမင်းထင်ကျော် ရောက်သွားသောအချိန်မှာ ဒုတိယကမ္ဘာစစ်မီးက အိန္ဒိယတစ်နယ်လုံး ပျံ့နှံ့လျက်ရှိနေပြီး နေရာအနှံ့အပြားတွင် အင်္ဂလိပ်စစ်တပ်များနှင့် စစ်သားများကို တွေ့ရလေသည်။

နေရာအနှံ့အပြားတွင် စစ်စခန်းများရှိပြီး ဒေါက်တာမင်းထင်ကျော်တို့ ယောဂသိပ္ပံဆိုင်ရာ သုတေသနစခန်းပင်လျှင် စစ်တပ်ဝန်းတစ်ခုအတွင်းသို့ ကျရောက်နေတော့သည်။

ဂေါ်ရခါးစစ်သား၊ အင်္ဂလိပ်စစ်သားများနှင့် ရှုပ်ယှက်ခတ်နေသော ထိုနေရာတွင် သုတေသနပြုလုပ်ရသည့်ကိစ္စမှာ လွယ်ကူသောအရာတော့ မဟုတ်ပေ။

စစ်သားများ၏မသင်္ကာသောမျက်လုံးများဖြင့် စောင့်ကြည့်ခြင်းကို ခံရသည်။ သို့သော်လည်း ခြွင်းချက်အနေနှင့်တော့ ၎င်းကို ပညာရှင်တစ်ဦးအနေနှင့်တော့ လွတ်လပ်ခွင့်ပေးထားသည်။

ကံကောင်းသောအချက်မှာ ထိုစခန်း၌ တာဝန်ကျနေသော ဂျင်နရယ်သောင်းထိုက်ဆိုသူမှာ မြန်မာသွေးပါသူ တစ်ယောက်ဖြစ်နေလေသည်။

ဂျင်နရယ်သောင်းထိုက်မှာ အင်္ဂလိပ်သွေးပါသော်လည်း





မြန်မာနိုင်ငံ၌ မွေးဖွားကြီးပြင်းခဲ့သူ ဖြစ်သဖြင့် မြန်မာလူမျိုးများအပေါ် နားလည်မှုရှိသည်။

သို့ကြောင့် မြန်မာလူမျိုးတစ်ယောက်ဖြစ်သော ဒေါက်တာမင်းထင်ကျော်အပေါ်၌ အကူအညီပေးလေ့ရှိသည်။ ၎င်းတို့စခန်းချသောနေရာနှင့် ဒေါက်တာမင်းထင်ကျော်တို့ သုတေသနစခန်းမှာ ကပ်လျက်ရှိသည်။

တစ်နေ့သ၌ စစ်စခန်းရှိရာဘက်မှ ဆူဆူညံညံအသံများ ကြားလိုက်ရပြီး စစ်သားတစ်ယောက် ရောက်လာပြီး ဒေါက်တာမင်းထင်ကျော်ကို လာခေါ်သည်။

"ဂျင်နရယ်က ဆရာ့ကို အမြန်လိုက်ခဲ့ဖို့ ခေါ်ခိုင်းလိုက်ပါတယ်"

"ဘာကိစ္စရှိလို့တဲ့လဲ"

"အရူးကြီးတစ်ယောက်ကို ဖမ်းမိလာလို့ စစ်မေးစရာရှိလို့ ခေါ်တာပါ"

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က လိုက်သွားလေသည်။ ဂျင်နရယ်သောင်းထိုက် ရုံးခန်းထဲ ရောက်သွားသောအခါ အခြားဘယ်သူမှ မရှိပေ။

"ကိုသောင်းထိုက် အခေါ်ခိုင်းတယ်ဆိုလို့ ဘာကိစ္စများရှိလို့လဲ"

"ထိုင်ဗျာ ဆရာမင်းထင်ကျော်"

ဒေါက်တာမင်းထင်ကျော်က စားပွဲရှေ့မှ ကုလားထိုင်



www.burmeseclassic.com

www.burmeseclassic.com



တွင် ဝင်ထိုင်လိုက်လေသည်။

ဂျင်နရယ်သောင်းထိုက်က စီးကရက်ဗူးနှင့်မီးခြစ်ကို သူ့ရှေ့သို့ တွန်းပေးလိုက်သည်။

"နယ်စပ်မှာ တာဝန်ကျနေတဲ့ တာဝန်ခံက အခုမနက်မှာပဲ ယောဂီလိုလို ဆာဒူးလိုလို လူကြီးတစ်ယောက်ကို မသင်္ကာတာနဲ့ ဖမ်းပြီး ကျွန်တော်တို့စခန်းကို ပို့လိုက်တယ်"

ဂျင်နရယ်သောင်းထိုက်က စီးကရက်တစ်လိပ်ကို မီးညှိဖွာရင်း ပြောလိုက်သည်။

"အဲဒီတော့ ကျွန်တော်က ဘာလုပ်ပေးရမလဲ"

"အိန္ဒိယမှာ အလုပ်လုပ်ရတာ သိပ်မလွယ်လှဘူးဗျ၊ ဒီနယ်မှာက ဘာသာရေး ပတ်သက်တဲ့ အဓိကရုဏ်းတွေ အမြဲဖြစ်တယ်၊ ဟိန္ဒူ မူစလင် ပြဿနာတွေကလည်း အများကြီးပဲ၊ ဟိန္ဒူပဲဖြစ်ဖြစ်၊ မူစလင်ပဲဖြစ်ဖြစ် သူတို့ယုံကြည်မှုနဲ့ ပတ်သက်လာရင် နည်းနည်းမှ အထိမခံတတ်ကြဘူး"

"ဒါကတော့ မှန်ပါတယ်"

"ဒီတော့ ကျွန်တော်တို့လည်း တာဝန်နဲ့ စစ်ရေးအရ အုပ်ချုပ်နေရပေမယ့် အတော်ကလေးကို သတိထားပြီး အလုပ်လုပ်ကြရတယ်၊ နည်းနည်းလေး မှားတာနဲ့ ဓာတ်ဆီတိုင်ကီထဲကို မီးခြစ်ချသလို 'ဝုန်းကနဲ' ပေါက်ကွဲမှာ သေချာတယ်"

"ယုံကြည်မှု အစွန်းရောက်မှုတွေပေါ့ဗျာ"

"ယောဂီတွေ ဆာဒူးတွေက ဘာသာရေးနဲ့ ဆက်နွယ်





နေတော့ ဒီကိစ္စမျိုးတွေမှာ ကျွန်တော်က သိပ်နားမလည်ဘူး၊ အမှားအယွင်း လုပ်မိမှာစိုးလို့ ဆရာ့ကို ခေါ်ပြီး အကူအညီတောင်းရတာပါ၊ ဆရာပဲ နည်းနည်းပါးပါး စုံစမ်းစစ်ဆေးပေးပါ"

ဂျင်နရယ်သောင်းထိုက်က အကူအညီတောင်းသည်။

ဒေါက်တာမင်းထင်ကျော်တလည်း ထိုကိစ္စမျိုးဆိုလျှင် စိတ်ဝင်စားသောကြောင့် မငြင်းသာတော့ပေ။

ထိုအခိုက်မှာပင် အပြင်ဘက်မှ စစ်သားတစ်ယောက် အခန်းထဲ ဝင်လာ ခြေစုံရပ်၍ အလေးပြုပြီးနောက် သတင်းပို့လေသည်။

"အပြင်ဘက်မှာ ဖမ်းထားတဲ့ အဖိုးကြီး ရောက်နေပါပြီ ဗိုလ်ကြီး"

"အထဲကို သွင်းလိုက်ကွာ"

ခဏကြာတော့ ဟောင်းနွမ်းနေသည့် အညိုရောင် ဝတ်ရုံကြီးကို ခြုံထားသော ဆာဒူးကြီးတစ်ယောက်ကို ဂေါ်ရခါး စစ်သားနှစ်ယောက်က တစ်ဖက်တစ်ချက်စီ ညှပ်ကာခေါ်လာသည်။

ဆာဒူးကြီးမှာ မျက်နှာတစ်ခုလုံး ဖူးရောင်လျက်ရှိပြီး ပါးစပ်နှင့်နှာခေါင်းတစ်ဝိုက်မှာ သွေးစများပင်ရှိနေလေသည်။

"နယ်ခြားစခန်းက ဂေါ်ရခါးတွေကတော့ လက်လွတ်စပယ် တွယ်လိုက်ကြပြီနဲ့တူတယ်၊ အပြစ်မရှိတဲ့လူဆိုရင်တော့ အပြစ်ကြီးတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဂျင်နရယ်သောင်းထိုက်က ရေရွတ်နေသည်။

ကုလားအဘိုးကြီးကို ပို့ပြီးနောက် စစ်သားနှစ်ယောက်က အပြင်သို့ ပြန်ထွက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က မလှမ်းမကမ်းမှာ ရပ်နေသော ကုလားအဘိုးကြီးကို အကဲခတ်ကြည့်လိုက်သည်။

အဘိုးကြီးမှာ အသက်အရွယ် ခန့်မှန်းရန် ခက်သော်လည်း အတော်ကလေး အသက်ကြီးလှပြီဖြစ်၏။

ကွေ့ကောက်တွန့်လိမ်လျက် ရှည်လျားစွာ ရှိနေသော ဆံပင်နှင့် မုတ်ဆိတ်မွေးများက ပခုံးပေါ် မှတစ်ဆင့် ရင်ဘတ်ပေါ် အထိ ကျနေသည်။

ဝင်းဝတ်ထားသော အညိုရောင်အဝတ်ပိုင်းကြီးမှာ အတော့်ကို ဟောင်းနွမ်းလျက်ရှိပြီး မူလအရောင်ပင် သိပ်မရှိတော့ပေ။ တစ်ထည်တည်းကိုပင် အမြဲတမ်း ဝတ်ဆင်ထားဟန်ဖြင့် နှုတ်ခမ်းသားများမှာ အစိပ်စိပ်အမွှာအမွှာ ကွဲထွက်နေပြီ။

အိန္ဒိယနိုင်ငံ နေရာအနှံ့အပြားတွင် ယောဂီများနှင့် ဆာဒူးကြီးများရှိကြသည်။

၎င်းတို့မှာ ဝတ်စားဆင်ယင်ပုံ မတူသလို အသွင်စရိုက်ချင်းလည်း မတူကြပေ။

ယောဂီများက ဝတ်ရုံအချို့ ဝတ်ကြပြီး လူသူမနီးသည့် ဟိမဝန္တာတောင်တန်းပေါ် မှာ နေထိုင်လေ့ရှိကြသည်။

ယောဂကျင့်စဉ်များကို ကျင့်ရင်း အသက်ရှည်စွာ နေနိုင်





ကြသည်။ အသက်တစ်ရာနှစ်ရာသာမက အချို့လေးငါးရာအထိ အချို့မှာ သက်တမ်းထောင်ချီ၍ နေနိုင်ကြသည်။

စိတ်စွမ်းအင်တန်ခိုးနှင့် အနာဂတ်ကံကြမ္မာကို သိမြင်လေ့ရှိကြသည်။

ဆာဒူးကြီးများကတော့ ထိုသို့မဟုတ်ပေ။

အရှက်လုံရုံ နံငယ်ပိုင်းကလေးကို ခါးမှာ ပတ်ပြီး မြို့ရွာထဲမှာ လှည့်လည်သွားလာနေကြသည်။ အစားအသောက်နှင့် လိုအပ်သောပစ္စည်းများကို သူများထံမှ အလှူခံယူလေ့ရှိသည်။

၎င်းတို့မှာလည်း ယောဂကျင့်စဉ် စွမ်းအင်များ ရှိကြလေသည်။ နှစ်နှစ်သုံးနှစ်ကြာအောင် တစ်နေရာတည်းမှာ ထိုင်၍သော်လည်းကောင်း၊ မတ်တတ်ရပ်၍သော်လည်းကောင်း (အချို့က ခြေနှစ်ဖက်ရပ်၍၊ အချို့က ခြေတစ်ဖက်တည်း ရပ်သည်)နေနိုင်ကြသည်။

အချိန်ကြာမြင့်စွာ နေသဖြင့် ခြတောင်ပို့နှင့် ပုရွက်အုံများ တက်နေသော်လည်း ဂရုမထားကြပေ။

၎င်းတို့မှာ လူတစ်ကိုယ်လုံး စုတ်ပြတ်ညစ်ပတ်နေသော်လည်း မျက်လုံးများမှာ အရောင်လက်နေတတ်သည်။

ဆာဒူးကြီးများမှာ ၎င်းတို့အား ထိခိုက်နစ်နာအောင် လုပ်မိပါက ကျိန်စာဆိုလေ့ရှိသည်။

ဆာဒူးကျိန်စာမှာ ကြောက်မက်ဖွယ် ကောင်းလှပေသည်။ ယခု ဒေါက်တာမင်းထင်ကျော်တို့အနီးသို့ ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



သော ကုလားအဘိုးကြီးမှာ ယောဂီလည်းမဟုတ်၊ ဆာဒူးလည်း မဟုတ်ပါဘဲ သွင်ပြင်တစ်မျိုးနှင့်ဖြစ်သည်။

မျက်နှာတစ်ခုလုံး ဖူးယောင်ပေါက်ကွဲနေအောင် အရိုက်အနှက်ခံထားရသော်လည်း ဂရုပြုဟန်မရှိဘဲ ပြုံးဖြီးဖြီးအမူအယာနှင့် ဒေါက်တာမင်းထင်ကျော်တို့ကို ကြည့်နေလေသည်။

ဒေါက်တာမင်းထင်ကျော်က တစ်ချက်အကဲခတ်ကြည့်လိုက်တော့ မျက်လုံးမှာ ဂဏှာမငြိမ်ဘဲ တစ်ခုခုကို ကြောက်လန့်နေဟန်ရှိသည်။

"ဟိုကုလားထိုင်မှာ ထိုင်ပါ"

ဒေါက်တာမင်းထင်ကျော်က မလှမ်းမကမ်းမှာ ချထားသော ကုလားထိုင်ကို ညွှန်ပြလိုက်သည်။

ပထမ မြန်မာစကားဖြင့် ပြောစဉ်က နားလည်ဟန် မရှိဘဲ နောက်တစ်ကြိမ် ၎င်းတို့ နားလည်နိုင်မည့် ကုလားစကားဖြင့် ပြောလိုက်တော့မှ ခေါင်းညိတ်ပြကာ ပြုံးဖြီးဖြီးအမူအယာနှင့် ကုလားထိုင်မှာ ဝင်ထိုင်လေသည်။

"ဘယ်က လာတာလဲ"

"ဘယ်က လာသလဲဆိုတော့ ဒီလိုပဲ နေရာအနှံ့ ပြေးနေရတာပဲ"

"ဘာကြောင့် ပြေးနေရတာလဲ၊ ဘယ်သူက လိုက်နေလို့လဲ"

"လိုက်တာကတော့ ကြောက်စရာကောင်းတဲ့ သရဲ





သဘက်တွေပဲ"

"ဘာကြောင့် လိုက်တာလဲ"

"ဒါကတော့ ပြောလို့မဖြစ်ဘူး၊ အကြောင်းရှိလို့ပေါ့"

"နယ်စပ်စခန်းတစ်ဝိုက်မှာ မာရှယ်လော ထုတ်ထားတယ်၊ ဒီဘက်က တာဝန်ရှိသူတွေ ခွင့်မပြုဘဲ ဝင်လို့မရဘူး၊ တကယ်လို့ ဖွတ်ဝင်လာရင် သေနတ်နဲ့ ပစ်သတ်ခံရမယ်ဆိုတာ မသိဘူးလား"

ကုလားအဘိုးကြီးက ခေါင်းရမ်းပြသည်။

သူ့အမူအယာမှာ သေနတ်ဖြင့် ပစ်မည်ကိုပင် ကြောက်ရွံ့ဟန်ရှိပုံမရချေ။

"သေနတ်နဲ့ ပစ်တာက အရေးမကြီးဘူး၊ နောက်က လိုက်လာတဲ့ မိစ္ဆာကောင်တွေက ပိုပြီးကြောက်ဖို့ကောင်းတယ်၊ သူတို့နဲ့ မိသွားရင် ကျုပ်ဝိညာဉ်ကို တစ်ခါတည်း နုတ်ယူသွားကြမှာ၊ အခုတောင် ဒီအထဲရောက်နေလို့ သူတို့ မဝင်ဝံ့တာ၊ အပြင်မှာ နေရင် လာချင်လာကြဦးမှာ"

ဟု ပြောကာ စိတ်မချသလို အမူအယာဖြင့် အပြင်ဘက်သို့ တစ်ချက်လှမ်းကြည့်သည်။

ဒေါက်တာမင်းထင်ကျော်က အကဲခတ်သလို ကြည့်နေသလို ဂျင်နရယ်သောင်းထိုက်မှာလည်း အဘိုးကြီးကို ကြည့်ကာ အတော်ကလေး စိတ်ပျက်နေပုံရသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားနေသည်ဟု ထင်နေမိသည်။

"ကျုပ်ကို ပြန်လွှတ်တော့မှာလား"

"နည်းနည်းပါးပါး မေးပြီးရင်တော့ ပြန်လွှတ်ပေးမှာပါ"

"လွှတ်တာမလွှတ်တာက အရေးမကြီးဘူး၊ မနေ့က တည်းက သူတို့ ဖမ်းထားပြီး ဘာမှမကျွေးကြဘူး၊ ဒါကြောင့် ကျုပ်ကို စားစရာတစ်ခု ပေးပါ"

ဟု သူလိုချင်တာကို တောင်းလေသည်။

ဒေါက်တာမင်းထင်ကျော်က ဂျင်နရယ်သောင်းထိုက်ကို ပြောပြလိုက်သောအခါ စစ်သားတစ်ယောက်ကို အမိန့်ပေးလိုက်သည်။ အတန်ကြာတော့ နွားနို့တစ်ခွက်နှင့် ပေါင်မုန့်လာပို့ပေးသည်။

ကုလားအဘိုးကြီးမှာ အစားအသောက်များကို ခေါင်းမဖော်တမ်း စားသောက်လေရာ ခဏချင်းမှာပင် အားလုံးကုန်သွားတော့သည်။

စားသောက်ပြီးသွားတော့မှ မမေးဘဲနှင့် သူပြောလိုရာများ ပြောနေလေသည်။

"ကျုပ်က ဟိမဝန္တာဘက်က လာတာပါ၊ ဒီကို ရောက်လာရတာကတော့ အခြားမဟုတ်ပါဘူး၊ နောက်က သရဲသဘက်တွေ လိုက်လို့ ပြေးမိပြေးရာ ပြေးရင်းနဲ့ ရောက်လာတာပါ၊ အခု ဒီအထဲရောက်တော့မှ ဝင်လို့မရလို့ သူတို့ အပြင်မှာ ကျန်နေခဲ့ကြတာ"





"သရဲသဘက်တွေ ဘာကြောင့် လိုက်နေသလဲဆိုတာ ပြောပြပါလား"

"အဲဒါတော့ ပြောလို့မဖြစ်ဘူး၊ ပြောလိုက်ရင် ကိုယ့်အကြောင်း ကိုယ်ပြန်ဖော်သလို ဖြစ်သွားမှာပေါ့"


ဟု ပြောကာ တဟီးဟီးနှင့် ရယ်နေလေသည်။

နောက်ထပ် အချိန်အတော်ကြာအောင် စစ်မေးကြည့်သော်လည်း အခြေအနေ မထူးတော့သဖြင့် ဂျင်နရယ်သောင်းထိုက်က စစ်သားများကို ခေါ်ကာ တစ်နေရာတွင် ကောင်းမွန်စွာထားရန် မှာကြားပြီး အပ်လိုက်ရာ ဂေါ်ရခါးစစ်သားများက ကုလားအဘိုးကြီးအား ခေါ်ထုတ်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂)

## သေနတ်မီးမကျူးသော ပဒ္မြားများ

နောက်တစ်နေ့မှာလည်း ဂျင်နရယ်သောင်းထိုက်က စစ်သားတစ်ယောက်ကို အခေါ်လွှတ်ပြန်သဖြင့် လိုက်သွားရပြန်သည်။

"အခြေအနေ ဘာထူးသလဲ ကိုသောင်းထိုက်"

"မပြောပါနဲ့တော့ ဆရာမင်းထင်ကျော်ရယ်၊ မနေ့က ရောက်လာတဲ့ ကုလားအဖိုးကြီးကို ခေါ်ထားမိတာ ကျွန်တော်တို့ စခန်းတော့ ဂြိုဟ်ဝင်တာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုကြောင့်များလဲဗျ"

"ညတုန်းက အစောင့်စစ်သားတွေ ပြောတယ်ဗျ၊ အဖိုးကြီးကို ချုပ်ထားတဲ့စခန်းပတ်လည်မှာ မည်းမည်းတွေရော ဖြူဖြူသဏ္ဌာန်တွေရော မကြာခဏ ရောက်လာပြီး လာဝိုင်းနေကြတယ်လို့ ပြောတယ်"

"ဘာတွေလဲဗျ"

"ကျွန်တော်လည်း မသိပါဘူးဗျာ၊ သူတို့ပြောပုံအရတော့ ဖြူဖြူသဏ္ဌာန် မည်းမည်းသဏ္ဌာန်တွေ တွေ့ရလို့ လက်နှိပ်မီးနဲ့ ထိုးကြည့်ပြန်တော့လည်း ဘာမှမတွေ့ရပြန်ဘူးတဲ့"

"ဒီလိုဖြင့် အဖိုးကြီးနောက်ကို သူပြောတဲ့အတိုင်း ဝိညာဉ်တွေ လိုက်လာတာဖြစ်မှာပေါ့"

ဒေါက်တာမင်းထင်ကျော်က စစ်သားတစ်ယောက် လာချပေးသော ကော်ဖီခွက်ကို ယူကာ တစ်ငုံသောက်လိုက်သည်။

ကော်ဖီအရသာမှာ ချိုချိုခါးခါးဖြစ်သည်။

"ဝိညာဉ်ဆိုတာ ဘာလဲဗျ"

"ဝိညာဉ်ဆိုတာ တစ္ဆေသရဲ အပါအဝင် ပရလောကသားတွေကို ပြောတာပါ၊ ရုပ်ခန္ဓာ မရှိဘဲ ဖန်ဆင်းနိုင်တဲ့ ကမ္မဇိဒ္ဓိရှိတဲ့ ဝိညာဉ်တွေကို ပရလောကသားတွေလို့ အားလုံးခြုံပြောလိုက်တာပါပဲ"

"ဒီလိုဖြင့် ညက လာတာတွေဟာ တစ္ဆေသရဲတွေဖြစ်မှာပေါ့"





"ဟုတ်မယ်ထင်တယ် . . . သူပြောတဲ့အထဲမှာ သူ့နောက်ကို သရဲသဘက်တွေ လိုက်နေတယ်ဆိုတဲ့စကား ပါသေးတယ်လေ၊ ခင်ဗျားလည်း ကြားတယ်မဟုတ်လား"

"အင်း . . . ကြားလိုက်မိတယ်၊ ကျွန်တော်က ဒီကိစ္စမျိုးတွေကို သိပ်ပြီးမသိတော့ သူပြောတာကို နားမလည်လိုက်ပါဘူး၊ ဒါထက် သူ့နောက်ကို တစ္ဆေသရဲတွေက ဘာကြောင့် လိုက်နေရတာလဲဗျ"

"ငါလည်း အတပ်မပြောနိုင်ဘူး၊ အမှန်ပြောရရင်တော့ ပရလောကသားတွေဟာ လူတွေနဲ့ ဝေးဝေးနေလေ့ရှိတာပါ၊ မလွှဲမရှောင်သာမှ တွေ့ကြမြင်ကြရတာပါ။

အခု သူ့နောက်ကို တကောက်ကောက် လိုက်နေတယ်ဆိုတော့ အကြောင်းတစ်ခုရှိလို့သာဖြစ်မှာပေါ့ဗျာ"

"နောက်ထပ် ထူးဆန်းတာတစ်ခုလည်း ရှိသေးတယ်ဗျ"

"ဘာများပါလိမ့်"

"ညတုန်းက အဖိုးကြီး နေတဲ့အခန်းထဲက အနီရောင်အလင်းတန်းတွေ ထွက်နေတာ မြင်ကြရသတဲ့"

"မီးရောင်လားဗျာ"

"မီးရောင်ကတော့ ဒီလောက် နီနီရဲရဲအလင်းရောင်တွေ မမြင်ရပါဘူး၊ ဒီအဖိုးကြီးက နည်းနည်းတော့ ထူးဆန်းနေတာ အမှန်ပဲ"

ထိုသို့ နှစ်ယောက်သား ပြောဆိုနေကြစဉ် အပြင်ဘက်မှ



www.burmeseclassic.com

www.burmeseclassic.com



သေနတ်သံများ ကြားလိုက်ရသဖြင့် ဂျင်နယ်သောင်းထိုက်က အပြင်သို့ ထွက်သွားရာ ဒေါက်တာမင်းထင်ကျော်ကလည်း နောက်မှ လိုက်သွားလေသည်။

အပြင်ဘက်ရောက်တော့ ခြံစည်းရိုးအနားမှာ ရပ်နေသော အဖိုးကြီးကို တွေ့ရသည်။

မလှမ်းမကမ်းမှာလည်း စစ်သားသုံးယောက်က သေနတ်များ ကိုင်ကာ ရပ်နေကြသည်။

ကုလားအဖိုးကြီးက ဒေါက်တာမင်းထင်ကျော်ရှိရာသို့ ပြုံးဖြီးဖြီးနှင့် လှမ်းကြည့်နေသည်။

"ဘာဖြစ်တာလဲ"

"ဒီအဖိုးကြီး အပြင်မထွက်နဲ့လို့ ပြောတာ မရဘဲ ဖွတ်ထွက်သွားလို့ သေနတ်နဲ့ ပစ်တာ ဗိုလ်ကြီး"

"ထိသွားသေးလား"

"သူ့ကို သေနတ်နဲ့ ချိန်ပစ်ရင် ကျည်ဆံမထွက်ဘူး ဗိုလ်ကြီး၊ တစ်နေရာမှာ လွဲပစ်တော့မှ ကျည်ဆံထွက်သွားတာ"

"ကျည်ဆံတွေကရော ကောင်းရဲ့လား"

"အသစ်တွေပါ ဗိုလ်ကြီး၊ တခြားနေရာကို ပစ်ရင် ဝေါကနဲ ထွက်သွားပြီး သူ့ကို ချိန်ပစ်မှ မထွက်တာပါ"

ဂျင်နရယ်သောင်းထိုက်က ဇဝေဇဝါ ဖြစ်သွားဟန်ရှိသည်။

ဒေါက်တာမင်းထင်ကျော်က များစွာစိတ်ဝင်စားသွားလေသည်။

"သူ့ကို သွားခေါ်လာခဲ့"

ဟု အမိန့်ပေးလိုက်ရာ စစ်သားနှစ်ယောက်က ကုလားအဘိုးကြီးကို သွားခေါ်လေသည်။

သို့သော် စစ်သားနှစ်ယောက်ကို အကိုင်မခံဘဲ သူ့ဖာသာ လျှောက်လာလေသည်။

ဒေါက်တာမင်းထင်ကျော်အနီးသို့ ရောက်လာသောအခါ သွားများ ပေါ်အောင် ပြုံးပြသည်။

"ဒီမျက်နှာဖြူစစ်သားတွေကို နည်းနည်းလောက် အစွမ်းပြနေတာပါ"

ဟု ကုလားစကားဖြင့် ပြောလိုက်သည်။

"ဘယ်လိုပညာပြတာလဲ"

"သေနတ်မပြောနဲ့ . . . အမြောက်နဲ့ ပစ်ရင်တောင် မီးမကူးတဲ့ သိဒ္ဓိရှိတဲ့ပစ္စည်း ပါလာတယ်လေ"

ဂျင်နရယ်သောင်းထိုက်ကတော့ ဒေါက်တာမင်းထင်ကျော်နှင့် ကုလားအဖိုးကြီးတို့ ကုလားဘာသာဖြင့် အချင်းချင်း ပြောနေကြသည်ကို နံဘေးနားမှ နားထောင်နေသည်။

"ကျွန်တော့်ကို ပြပါလား၊ ခဏလောက် ကြည့်ပါရစေ"

"ပြတာကတော့ ဟုတ်ပါပြီ၊ ဟိုစစ်သားတွေ မြင်ရင် လုမယူဘူးလို့ အာမခံနိုင်သလား"

"သူတို့ မယူစေရပါဘူး၊ ကျွန်တော်အာမခံပါတယ်"







www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့မှ ၎င်းခါးကြားထဲမှာ ဝှက်ထားသော အိတ်ကလေးတစ်လုံးကို ထုတ်ပြသည်။

ထိုအိတ်ကလေးကို ဖွင့်လိုက်သောအခါ ကျောက်နီ တစ်လုံး ထွက်လာသည်။

ကျောက်နီမှာ အရည်အသွေးကောင်းလှသောကြောင့် နေရောင်ခြည်နှင့် ထိတွေ့လိုက်သောအခါ အနီရောင်အလင်း တန်းများ ပတ်ဝန်းကျင်တဝိုက်သို့ ဖြာထွက်သွားလေတော့သည်။

"အရည်အသွေးကောင်းလှချည်လား၊ ပတ္တမြား ထင်တယ်"

"မှန်ပါတယ်. . . 'ဝိညာဉ်မျက်လုံး' လို့ ခေါ်တဲ့ ပတ္တမြား ပါပဲ"

"သေနတ်မီးမကူးတာ ဒီပတ္တမြားလား"

"ဟုတ်ပါတယ်. . . မယုံရင် စမ်းကြည့်ပေါ့"

ထိုသို့ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ဂျင်န ရယ် သောင်းထိုက်ကို အကြောင်းစုံ ပြောပြလိုက်သည်။

"ဖြစ်နိုင်ပါ့မလားဗျ"

"ဟုတ်မဟုတ် သိရအောင် စမ်းကြည့်ပေါ့"

ဟု ပြောသဖြင့် ပတ္တမြား ထည့်ထားသောအိတ်ကို ကျောက်တုံးတစ်တုံးပေါ် တင်ထားလိုက်သည်။

ပြီးလျှင် ဂျင်နရယ်သောင်းထိုက်က ၎င်းခါးကြားမှ ခြောက်လုံးပြူးသေနတ်ကို ထုတ်ကာ ချိန်၍ပစ်သည်။





'ဒိုင်း. . ဒိုင်း' ဟူ၍ သေနတ်သံ မြည်ရမည့်အစား တချောက်ချောက်နှင့်သာ မောင်းရိုက်သံ ပေါ်ထွက်လာသည်။

စိတ်မြန်လှသော ဂျင်နရယ်သောင်းထိုက်က ပတ္တမြား ထည့်ထားသောအိတ်နှင့် နီးနိုင်သမျှ နီးအောင် ကပ်ပစ်ပြန် သည်။

"ချောက်. . . ချောက်"

နံဘေးနားမှ ကြည့်နေသော စစ်သားများမှာ တအံ့ တဩနှင့် ပါးစပ်အဟောင်းသားဖြစ်နေကြသည်။

ဂျင်နရယ်သောင်းထိုက်က ခြောက်လုံးပြူးသေနတ်ကို ပြန်ထည့်ပြီး နံဘေးနားမှာ ရပ်နေသော စစ်သားတစ်ယောက်ထံ မှ ရိုင်ဖယ်သေနတ်ကို ယူကာ အနီးကပ် ချိန်၍ပစ်ပြန်လေသည်။

'ဒိုင်း. . ဒိုင်း' ဟု အသံမထွက်ဘဲ တချောက်ချောက်နှင့် သာ မြည်နေတော့သည်။

စိတ်မကျေနပ်သဖြင့် ပစ်ပြီးသား ကျည်ဆံနှစ်တောင့်ကို ရိုင်ဖယ်ထဲ ပြန်ထည့်ပြီး အခြားနေရာသို့ ပစ်ရာ 'ဒိုင်း' ကနဲ မြည်သံကြီး ပေါ်လာတော့သည်။

မမျှော်လင့်ဘဲ အနီးကပ် ပေါ်လာသော သေနတ်သံ ကြောင့် နံဘေးနားမှာ ရပ်နေသူများအားလုံး လန့်သွားကြလေ တော့သည်။

ဒါတင် မကသေးဘဲ အခြားစစ်သားတစ်ယောက်ထံမှ စက်သေနတ်တစ်လက်ကို ယူကာ ကျည်ကပ်အသစ်ထည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထပ်ပစ်ပြန်သည်။

ရှေးနည်းအတိုင်းပင် ပတ္တမြား ထည့်ထားသောအထုပ်ကို ချိန်ပစ်တိုင်း ကျည်ဆံမထွက်ဘဲ အခြားနေရာသို့ ပစ်တိုင်း 'တဝေါဝေါ' နှင့် အသံများ ထွက်ပေါ်လာလေသည်။

ဤသို့ဖြင့် အတန်ကြာအောင် စမ်းကြည့်ကြသော်လည်း အခြေအနေက မထူးလှပေ။

နောက်ဆုံးမှာတော့ ဝိညာဉ်မျက်လုံးဟု အမည်ပေးထားသောပတ္တမြားမှာ သေနတ်ကျည်ဆံ မီးမကူး ဟူသောအချက်ကို အားလုံးလက်ခံလိုက်ကြရသည်။

စမ်းသပ်မှု ပြီးသောအခါ ဒေါက်တာမင်းထင်ကျော်က ကျောက်တုံးပေါ်မှာ တင်ထားသောအထုပ်နားသို့ လျှောက်သွားကာ ကောက်ယူလိုက်သည်။

စောစောက သေနတ်နှင့် ပစ်၍စမ်းနေစဉ်က 'တဟားဟား' ရယ်နေသော ကုလားအဖိုးကြီးမှာ ဒေါက်တာမင်းထင်ကျော်က ပတ္တမြားထုပ်ကို ကောက်ယူလိုက်သည်ကို မြင်သောအခါ စိုးရိမ်ထိတ်လန့်မှုများဖြစ်ပေါ်လာသည်။

ဒေါက်တာမင်းထင်ကျော်က အထုပ်တွင်းမှ ပတ္တမြားကို နှိုက်ယူလိုက်သည်။

"ဟေ့. . မလုပ်နဲ့. . မလုပ်နဲ့"

ကုလားအဖိုးကြီးက ကပျာကယာ လှမ်းတားသည်။

သို့သော် ပတ္တမြားက ဒေါက်တာမင်းထင်ကျော်လက်ထဲ





ပါလာလေပြီ။

ပတ္တမြား လက်ထဲ ရောက်လာသည်နှင့်ပင် တစ်စုံတစ်ခု ထူးခြားနေသည်ဟုတော့ စိတ်ထဲမှာ ခံစားလိုက်မိသည်။

ဒေါက်တာမင်းထင်ကျော်က ပတ္တမြားကို အသေအချာ ကြည့်လိုက်သည်။

ပတ္တမြားမှာ ကွမ်းသီးလုံးအရွယ်သာသာခန့်ရှိသည်။

အနီးစပ်ဆုံးမှာ လူတစ်ယောက်၏မျက်လုံးအရွယ်ခန့် ရှိလေသည်။

ပတ္တမြားကို နေရောင်ခြည်၌ ထောင်ကြည့်သောအခါ လှုပ်ရှားနေသော ကြိုးကလေးများကို မြင်ရသည်။

ထိုကြိုးကလေးများမှာ မျက်လုံးပေါ်မှာ ယှက်သန်းနေသည့် သွေးကြောကလေးများနှင့် တူလှပေသည်။

"ဟင်. ."

ဒေါက်တာမင်းထင်ကျော်မှာ ပတ္တမြားကို ကြည့်နေရင်း အထိတ်တလန့်ဖြစ်သွားလေသည်။

အခြားမဟုတ်ပေ. . .။

ပတ္တမြားအတွင်းမှ မျက်လုံးသဏ္ဌာန်ကြီး ပေါ်လာသောကြောင့်ဖြစ်သည်။

ထိုမျက်လုံးမှာ လူ၏မျက်လုံးသဏ္ဌာန်အတိုင်း အနက်ရောင်အလုံးဖြင့် ပေါ်လာပြီး ဒေါက်တာမင်းထင်ကျော်အား စိုက်ကြည့်နေသဖြင့် အလန့်တကြား မျက်နှာလွှဲလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . အထဲကို ပြန်ထည့်လိုက်၊ အမြန်ပြန်ထည့်လိုက်"

ဟု အော်ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ပတ္တမြားကို အိတ်အတွင်းသို့ ပြန်ထည့်လိုက်သည်။

ထိုအခိုက်မှာပင် ကုလားအဖိုးကြီးက အနားသို့ ရောက်လာပြီး ဒေါက်တာမင်းထင်ကျော်လက်ထဲမှ အထုပ်ကို ဆတ်ကနဲ ဆွဲယူလိုက်သည်။

"ဘာတွေ့လိုက်သလဲ၊ ဘာမြင်လိုက်သလဲ"

ဟု မေးသည်။

"မျက်လုံးတစ်လုံး တွေ့လိုက်တယ်"

"ဒုက္ခတွေ့တော့မှာပဲ . . . လူတွေ သေကြဦးတော့မှာပဲ"

ဟု ထိတ်လန့်ကြောက်ရွံ့နေသော အမူအယာဖြင့် ပြောဆိုကာ အနားမှ ထွက်ပြေးသွားလေသည်။

ထိုအခါ စစ်သားများက သေနတ်ဖြင့် ပစ်ရန် လှမ်းချိန်လိုက်ရာ ဂျင်နရယ်သောင်းထိုက်က မပစ်ရန် လှမ်းတားလိုက်သဖြင့် ရပ်လိုက်ကြလေသည်။

ကုလားဘုန်းကြီးက အပြင်သို့ ထွက်သွားလေတော့သည်။

ထိုအခါမှ ဂျင်နရယ်သောင်းထိုက်နှင့် ဒေါက်တာမင်းထင်ကျော်တို့မှာ စခန်းအတွင်းသို့ ပြန်ဝင်လာကြသည်။





"ဘယ်လိုလဲ ဆရာမင်းထင်ကျော်၊ ကျွန်တော်ကတော့ မျက်စိနဲ့ တပ်အပ်မြင်လိုက်လို့သာ လက်ခံရတယ်၊ စိတ်ထဲကတော့ သိပ်မယုံချင်ဘူးဗျာ"

"ဒါမျိုးက သိပ်ထူးဆန်းတာဗျ၊ မယုံလို့မရဘူး"

"ခင်ဗျားကြည့်တော့ ဘာမြင်လိုက်ရသလဲ"

"မျက်လုံးကြီးတစ်လုံး မြင်လိုက်ရတယ်"

"ပတ္တမြားထဲမှာ မျက်လုံးက ဘယ်လိုရောက်နေတာလဲ"

"ဒါကတော့ ထူးဆန်းမှုတစ်ခုဖြစ်မှာပဲ၊ အဖိုးကြီးက ပတ္တမြားကို ဝိညာဉ်မျက်လုံးလို့ ပြောတယ်၊ ဘာပဲဖြစ်ဖြစ် ဒီပတ္တမြားဟာ ဝိညာဉ်လောကနဲ့ ပတ်သက်နေတာကတော့ အမှန်ပဲဗျ"

ဂျင်နရယ်သောင်းထိုက်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျွန်တော်ကတော့ ဒါမျိုးတွေ သိပ်နားမလည်ပါဘူး၊ ဒါထက် ကျောက်မျက်ရတနာတွေက သေနတ်ပြီးတဲ့ သိဒ္ဓိအစွမ်းတွေ ရှိနိုင်သလားဗျ"

"သာမန်ကျောက်မျက်ရတနာတွေကတော့ ဒီလိုအစွမ်းသိဒ္ဓိမျိုးတွေ မရှိပါဘူး၊ ဝိညာဉ်လောကနဲ့ ဆက်နွယ်နေတဲ့ ကျောက်မျက်ရတနာတွေကတော့ ဒီလိုအစွမ်းသိဒ္ဓိမျိုး ရှိတတ်ပါတယ်၊

အချို့လည်း လူကို အန္တရာယ်ပေးတဲ့ ကျောက်မျက်ရတနာမျိုးတွေလည်း ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုရတနာ မျိုးတွေလဲဗျ"

"အနောက်နိုင်ငံမှာတော့ 'ဟုပ်' (Hope Diamond) ဆိုတဲ့စိန်ကြီးတစ်လုံးဟာ ပိုင်ရှင်တွေကို ဒုက္ခအမျိုးမျိုး ပေးလေ့ ရှိတယ်၊ အချို့ပိုင်ရှင်တွေဆိုရင် သေကြတယ်၊

မြန်မာနိုင်ငံမှာတော့ ပတ္တမြားငမောက်ဆိုတဲ့ ပတ္တမြား ကြီးဟာ ပိုင်ဆိုင်တဲ့လူတွေကို တစ်နည်းနည်းနဲ့ အန္တရာယ်ကျ ရောက်စေတယ်"

"ဆက်ပြောပါဦးဗျ"

"ရတနာပစ္စည်းတွေထဲမှာ စိန်နဲ့ပတ္တမြားဟာ တန်ဖိုးကြီး သလောက် ထိခိုက်မှုလည်း အတော်များတယ်ဗျ၊

ကမ္ဘာပေါ်မှာ အကြီးဆုံးစိန်ဖြစ်တဲ့ ကာလီနန်(Cullinan) စိန်တို့၊ (၁၈၅၀)ပြည့်နှစ်မှာ အရှေ့အိန္ဒိယကုမ္ပဏီက ဝိတိုရိယ ဘုရင်မကြီးကို ဆက်သလိုက်တဲ့ ကိုဟီနူး(Kohinoor)တို့ဆိုရင် ကမ္ဘာပေါ်မှာ နာမည်ထင်ရှားသလောက် သူတို့နဲ့ ပတ်သက်တဲ့ ဆိုးကျိုးတွေလည်း အများကြီးရှိတယ်၊

ကာယကံရှင်တွေက မကောင်းတဲ့ဆိုးကျိုးတွေကို လျှို့ ဝှက်ထားလို့သာ မသိကြရတာပါ"

"ဒါကတော့ သဘာဝပေါ့ဗျာ"

"ဒုတိယကမ္ဘာစစ်အတွင်းက ပြင်သစ်စစ်သား တစ် ယောက်က အိန္ဒိယနိုင်ငံမှာ ရှိတဲ့ ရုပ်တုကြီးတစ်ခုက စိန်တစ်လုံး ကို ခိုးယူခဲ့ဖူးတယ်၊ အဲဒီစိန်ရဲ့အမည်က အောလော့(Orloff)တဲ့





ဗျ၊

အဲဒီခေတ်ကာလ တန်ဖိုးတင် အမေရိကန်ဒေါ်လာ လေးသန်းခွဲလောက် တန်ဖိုးရှိတယ်၊

အဲဒီစိန်ကို သူဌေးတစ်ယောက်က ဝယ်ပြီး ရုရှားနိုင်ငံ ဒုတိယမြောက် ကက်သရင်းဘုရင်မကို လက်ဆောင်ပေးခဲ့တယ်၊

အဲဒီစိန်နဲ့ ပတ်သက်ပြီး ကြောက်မက်ဖွယ်ရာအဖြစ်ဆိုး တွေလည်း အများကြီးဖြစ်ခဲ့တယ်"

"ဆရာမင်းထင်ကျော်က အချက်အလက်တွေကို အတော်ကလေး တိတိကျကျ မှတ်သားထားတာပဲ၊ ဒါထက် ပတ္တမြားနဲ့ ပတ်သက်တဲ့အကြောင်းတွေကိုရော ပြောပါဦးဗျ"

"ပတ္တမြားနဲ့ ပတ်သက်လို့ ပြောရရင်တော့ တခြားတိုင်း ပြည်က အကြောင်းတွေထက် မြန်မာပြည်က နာမည်ကြီးတဲ့ ပတ္တမြားငမောက်အကြောင်းက စိတ်ဝင်စားဖို့ကောင်းတယ်ဗျ"

"အဲဒီပတ္တမြားငမောက်က အခု ဘယ်မှာလဲ"

"သီပေါမင်း ပါတော်မူတော့ ပတ္တမြားငမောက်ကို ကာ နယ်စလေဒင် ယူသွားခဲ့တယ်၊ အိန္ဒိယ ထွက်ခါနီးမှာ စလေဒင်က စောကြည့်ပါရစေဆိုပြီး ယူသွားခဲ့ပြီး ပြန်မပေးတော့ဘူးလေ၊

ပတ္တမြားငမောက်ရဲ့ရတီချိန်က (၉၀)ကျော်ရှိတယ်"

"မနည်းလှပါလား. . . ပတ္တမြားငမောက်နဲ့ ပတ်သက် တဲ့ ရာဇဝင်ကိုလည်း ပြောပါဦးဗျ"

ဟု ဂျင်နရယ်သောင်းထိုက်က ပြောသဖြင့် ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



မင်းထင်ကျော်က ပတ္တမြားငမောက်နှင့် ပတ်သက်သည့် အကြောင်းအရာများကို အတိုချုပ်ကာ ပြောပြလေသည်။

မြန်မာဘုရင်အဆက်ဆက် အထွဋ်အမြတ်ထား၍ အသုံးပြုခဲ့သော ပတ္တမြားငမောက် ကျောက်မျက်ရတနာကို မိုးကုတ်မြို့ ပတ္တမြားနယ်မြေအတွင်း 'အင်းခေါင်' မှ ရရှိခဲ့သည်။

(အင်ကြင်းတောင်နှင့် ကျောက်ဆောင်လှူးတောင်မှ ရသည်ဟုလည်း အချို့က ဖော်ပြသည်)

ချင်းတွင်းနယ်သား ငမောက်ဆိုသူသည် မိုးကုတ်နယ်၌ လာရောက်ကာ လယ်ယာအလုပ်ကို လုပ်ကိုင်နေစဉ် တစ်ညသောအခါ ၎င်းခြံဝန်းအတွင်း၌ အရောင်တလက်လက် တောက်ပနေသည်ကို တွေ့မြင်ရသဖြင့် သွားရောက်ကြည့်ရှုရာ အလွန်တရာ လှပသော ကျောက်နီပတ္တမြားကြီးတစ်လုံးကို ရရှိလေသည်။

ငမောက်လည်း ပတ္တမြားကြီးကို ကောက်ယူသိမ်းဆည်းထားပြီး ကာလကြာသော်အခါ ထိုကျောက်ကို နှစ်ပိုင်းခွဲ၍ တစ်ပိုင်းကို ယောက်ဖဖြစ်သူအား တရုတ်ပြည်သို့ သွားရောက်ရောင်းချစေသည်။

ကျန်တစ်ပိုင်းကို ယူကာ သက္ကရာဇ်(၁၀၂၃)ခုနှစ်၊ ငါးထပ်ကြီးဒါယကာ ပင်းတလဲမင်းထက်ထက်တွင် အင်းဝမြို့တော်သို့ သွားရောက်ကာ ရှင်ဘုရင်အား ဆက်သလိုက်လေသည်။

ဘုရင်မင်းမြတ်လည်း များစွာနှစ်သက်ဝမ်းမြောက်မှုဖြ





တာ ငမောက်အား ဆုတော်လာဘ်တော် များစွာချီးမြှင့်ပေးသနားလိုက်လေသည်။

ထိုပတ္တမြားကို ငမောက်ဆိုသူက လာရောက်ဆက်သ, သဖြင့် 'ငမောက်ပတ္တမြား' ဟု အမည်ပေးရာမှ အချို့က ပတ္တမြားငမောက်ဟုပင် အလွယ်တကူ ခေါ်ကြလေသည်။

တရုတ်ပြည်သို့ သွားရောက်ရောင်းချသော ကျောက်တစ်ပိုင်းမှာလည်း...

ထိုအချိန်က တရုတ်ပြည်တွင် 'မင်' ခေါ် မင်းဆက်ပျက်စီး၍ တိုင်းပြည်မငြိမ်မသက်ဖြစ်နေချိန်နှင့် ကြုံသဖြင့် ရောင်းချ၍မရပေ။

တိုင်းပြည်ပျက်၍ တိုက်ခိုက်မှုများ ဖြစ်ပေါ်နေရာ ကျောက်ရောင်းရန် သွားသောသူမှာ အသတ်ခံရပြီး ကျောက်တစ်ပိုင်းမှာလည်း တရုတ်များလက်သို့ ပါသွားလေတော့သည်။

ထိုတရုတ်များက မြန်မာပြည်သို့ ဝင်ရောက်လာသောအခါ ၎င်းတို့ ရလာသော ကျောက်တစ်ပိုင်းအား ဘုရင်အား လာရောက်ဆက်သကြလေသည်။

ထိုကျောက်တစ်ပိုင်းကို ရသောအခါ ရှင်ဘုရင်က ၎င်းထံ၌ ငမောက် ဆက်သထားသော ပတ္တမြားတစ်ပိုင်းနှင့် ဆက်စပ်ကြည့်ရာ တစ်လုံးတည်းဖြစ်သွားလေတော့သည်။

ထိုအခါ ဘုရင်က ကျောက်ကို နှစ်ပိုင်းခွဲ၍ရောင်းဖွန်းသိသဖြင့် များစွာအမျက်ဒေါသဖြစ်ပြီး မင်းပရိယာယ်ဖြင့်ရေဝေး



www.burmeseclassic.com

www.burmeseclassic.com



ရာ တောင်ကုန်းပေါ်မှာ မီးလောင်စင်ကြီးများ ပြုလုပ်ကာ ငမောက်နှင့် ဆွေခုနစ်ဆက်အား မီးလောင်တိုက်သွင်းကာ ကွပ်မျက်စေသည်။

မီးလောင်တိုက်သွင်းနေသော အဖြစ်အပျက်ကို လှမ်းမြင်သောအခါ ငမောက်၏အစ်မဖြစ်သူ ဒေါ်နန်းမှာ ဘေးလွတ်ရာသို့ ပြေးလေတော့သည်။

တောင်တစ်တောင်ထိပ်သို့ ရောက်သောအခါ မီးလောင်တိုက်သွင်းနေရာသို့ မျှော်ကြည့်ရင်း ရင်ကွဲနာကျကာ သေရှာလေသည်။

ဥင်းတောင်ကို 'ဒေါ်နန်းကြည့်' တောင်ဟု အမည်တွင်လေသည်။

တောင်ထိပ်မှာလည်း စေတီတစ်ဆူတည်ထားကြသည်။

ငမောက်တို့ကို ကွပ်မျက်ရာ ရေဝေးအရပ်ကိုလည်း ရေဝေအရပ်ဟု အမည်တွင်လျက်ရှိပေသည်။

"ငမောက်ပတ္တမြားဟာ မြန်မာနိုင်ငံမှာတော့ နာမည်အကြီးဆုံးနဲ့ တန်ဖိုးအရှိဆုံး ပတ္တမြားတစ်လုံးပါပဲ၊

ဒါပေမယ့် မထိုက်တဲ့လူတွေလက်ထဲမှာ ရောက်သွားရင်တော့ အတော့်ကို အန္တရာယ်ပေးနိုင်တာကို တွေ့ရတယ်၊

ပတ္တမြားကို ဖျက်ဆီးတဲ့ငမောက်ဆိုရင်လည်း တစ်ဆွေတစ်မျိုးလုံး အသေဆိုးနဲ့ သေရတယ်၊ တရုတ်ပြည်ကို သွားရောင်းတဲ့လူလည်း အသတ်ခံရတယ်၊





သူ့ဆီက လုယူသွားခဲ့တဲ့ တရုတ်တွေလည်း စစ်ရှုံးလို့ ပြေးခဲ့ရပြီး မြန်မာပြည်ကို ရောက်လာကြတယ်"

"မှန်ပါတယ်. . . ရတနာပစ္စည်းဆိုတာ ထိုက်တန်မှ အသုံးပြုခွင့်ရကြတယ်"

"အခု ကုလားအဖိုးကြီးလက်ထဲက ပတ္တမြားကလည်း သာမန်တော့ မဟုတ်ဘူးဗျ၊ တခြားမကြည့်နဲ့. . . သေနတ်မီး မကူးတာသာ ကြည့်ပေရော့"

"ဒီလိုကျောက်မျက်ရတနာတိုင်းမှာ အစွမ်းသိဒ္ဓိ ရှိနိုင်သလားဗျ"

"ဒီလိုတော့ မဟုတ်ပါဘူး၊ အချို့ကျောက်မျက်ရတနာတွေကတော့ သာမန်ပါပဲ၊ အချို့ကျောက်မျက်ရတနာတွေကတော့ အစောင့်အရှောက်တွေ ရှိကြတယ်၊

လူတွေ စီရင်တဲ့ ပြဒါးလုံး၊ သံလုံးတွေလည်း ဒီလိုသိဒ္ဓိမျိုး ရှိနိုင်ပါတယ်"

ဟု ပြောဆိုကာ ဒေါက်တာမင်းထင်ကျော်လည်း မိမိစခန်းရှိရာသို့ ပြန်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃)

## ရှမ်ပိန်ဖလားမှ လာသောလူ့သွေး

ဒေါက်တာမင်းထင်ကျော်သည် မိမိစခန်းသို့ ပြန်ရောက်သောအခါ ထူးဆန်းသော ကျောက်မျက်ရတနာအကြောင်းကို မှတ်သားထားသော စာအုပ်စာတမ်းများကို ရှာဖွေကာ ဖတ်ရှုလေသည်။

ထိုမှတ်တမ်းများထဲတွင် ဝိညာဉ်ကိန်းအောင်းနေသော ကျောက်မျက်ရတနာများအကြောင်းကို တွေ့ရလေသည်။

ထိုအထဲတွင် လူသွေးကို စုပ်ယူ၍ သတ်ဖြတ်တတ်သော သွေးစုပ်ပတ္တမြားတစ်လုံးအကြောင်းလည်း ပါလေသည်။

ထိုပတ္တမြားမှာ ဝတ်ဆင်သည့်လူ၏သွေးကို တဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်း စုပ်ယူလေ့ရှိရာ ထိုလူမှာ တဖြည်းဖြည်းနှင့် သေဆုံးသွားရလေသည်။

ညဉ့်အချိန်ရောက်လာလျှင် ပတ္တမြားအတွင်းမှ သေးငယ်သော မည်းမည်းသဏ္ဍာန်တစ်ကောင် အပြင်သို့ ထွက်လာသည်။

အပြင်သို့ ရောက်တော့မှ တဖြည်းဖြည်း ကြီးလာကာ လူရှိရာသို့ ပူးကပ်လာလေသည်။

ထိုကဲ့သို့ ပူးကပ်လာသည်ကို လူက မသိပေ။

ဤသို့ဖြင့် ရက်ကြာသောအခါ လူမှာ တဖြည်းဖြည်းနှင့် သေဆုံးသွားရတော့သည်။

ဒေါက်တာမင်းထင်ကျော်မှာ အတော်ညဉ့်နက်သည် အထိ မှတ်တမ်းများကို ဖတ်ကြည့်နေသည်။

ညဉ့်နက်ပိုင်းရောက်လာတော့ တိတ်ဆိတ်ငြိမ်သက်လာသလို အအေးဓါတ်ကလည်း ပိုများလာသည်။

တောင်တန်းများဘက်မှ အူလိုက်သည့် ခွေးအူသံများနှင့် ညဉ့်ငှက်အော်သံများကို တစ်ခါတစ်ရံ ကြားရလေသည်။

ဒေါက်တာမင်းထင်ကျော်က နေရာမှ ထကာ ပြတင်းပေါက်နားသို့ သွားရပ်လေသည်။

သုတေသန ပြုလုပ်ရန်အတွက် တည်ဆောက်ထားသော စခန်းမှာ အတော်ကျယ်ဝန်းလေသည်။

ပင်မအဆောက်အဦးအပြင် အခြားဝန်ထမ်းနှင့် အလုပ်





သမားများ နေသော အဆောက်အဦးများလည်းရှိသည်။

သူနေသော အခန်းပြတင်းပေါက်မှ လှမ်းကြည့်လျှင် ခြံဝန်းတစ်ခုလုံးကို လှမ်းမြင်နိုင်သည်။

မီးလုံးများ ထွန်းထားသောကြောင့် နေရာအတော်များများကို ဝိုးတဝါး လှမ်းမြင်ရသည်။

ညဦးပိုင်းအချိန်က ခြံဝန်းထဲ၌ သွားလာနေသော အလုပ်သမားအချို့ ရှိသော်လည်း ညဉ့်နက်ပိုင်းရောက်သောအခါ လူသွားလူလာ မတွေ့ရတော့ပေ။

ဒေါက်တာမင်းထင်ကျော်က ပြတင်းပေါက်ကို ဖွင့်၍ အဝေးဆီသို့ မျှော်ကြည့်နေသည်။

ကောင်းကင်ပေါ်မှာ လရောင်ရှိသဖြင့် အဝေးဆီသို့ လှမ်းမြင်ရသည်။

လရောင်အောက်၌ မြူနှင်းများ ဖုံးလွှမ်းထားသော တောင်တန်းကြီးများကို ဝိုးတဝါး လှမ်းမြင်နေရသည်။

ဒေါက်တာမင်းထင်ကျော်က အဝေးဆီသို့ မျှော်ကြည့်နေရင်း နေ့လည်က ကြည့်ခဲ့ရသော 'ဝိညာဉ်မျက်လုံး' ဟု အမည်ပေးထားသော ပတ္တမြားအကြောင်းကို စဉ်းစားနေမိသည်။

ထိုအခိုက်မှာပင် အဝေးဆီမှ ခွေးဟောင်သံများ ပေါ်ထွက်လာသဖြင့် လှမ်းကြည့်လိုက်သောအခါ နှင်းမှုန်များအောက်၌ တဖြည်းဖြည်း လျှောက်လာသော လူရိပ်သဏ္ဍာန်တစ်ခုကို လှမ်းမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ မိမိဓာတ်ခွဲခန်းမှ အလုပ်သမားတစ်ယောက်ဟု ထင်လိုက်မိသည်။

စခန်းထဲ ဝင်လာတော့မှ မဟုတ်မှန်း သိရသည်။

၎င်းဝင်လာသူမှာ တစ်ကိုယ်လုံး အနက်ရောင်ပုဝါရှည်ကြီးကို ခေါင်းပေါ်မှ အုပ်ကာ ခြုံလာလေသည်။

မလှမ်းမကမ်း ရောက်တော့ ဒေါက်တာမင်းထင်ကျော်ရှိရာ ပြတင်းပေါက်ရှိရာသို့ တစ်ချက်လှမ်းကြည့်သည်။

မှောင်နေသဖြင့် သဲသဲကွဲကွဲ မမြင်ရပေ။

ထို့နောက် ဆင်ဝင်အောက်သို့ ဝင်သွားသောအခါ မမြင်ရတော့ပေ။ မိမိဆီသို့ လာသော ဧည့်သည်တစ်ယောက်များဖြစ်လေမလားဟု တွေးကာ စာကြည့်ခန်းထဲမှ ဧည့်ခန်းရှိရာသို့ ထွက်လာခဲ့လေသည်။

ဧည့်ခန်းထဲ ရောက်သောအခါ ဧည့်ခန်းကုလားထိုင်ပေါ်မှာ လူတစ်ယောက် ထိုင်နေသည်ကို အံ့သြဖွယ်ရာ တွေ့မြင်ရသည်။

ထိုသူမှာ ယခုတိုင် အဝတ်နက်ကြီးကို ခေါင်းပေါ်မှာ ခြုံထားဆဲပင်ရှိသေး၏။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ ဝင်ပေါက်တံခါးကို ဘယ်သူမှ ဖွင့်မပေးဘဲနှင့် အခန်းထဲ ဘယ်လိုရောက်လာလေသလဲဟု စဉ်းစားနေသည်။

မိမိများ မေ့လျော့၍ တံခါးကို မပိတ်မိဘဲ ထားခဲ့





သလောဟု သံသယရှိနေသည်။

ဒေါက်တာမင်းထင်ကျော် ဝင်လာတာ မြင်တော့ ထိုင်နေသူက ဦးခေါင်းပေါ်မှာ ခြုံထားသောအဝတ်နက်ကို ဆွဲဖယ်လိုက်လေသည်။

"ဟင်. . ."

ထူးခြားစွာ ရောက်လာသောဧည့်သည်မှာ ယောကျ်ားတစ်ယောက် မဟုတ်ပေ။

လှပချောမောသည့် မဂိုကုလားမတစ်ယောက်ပင်ဖြစ်ပေသည်။

သူမ၏မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း စသည်တို့က မိန်းမချောတစ်ယောက်ဖြစ်ကြောင်း ဖော်ပြလျက်ရှိနေကြသည်။

"ဘယ်က လာတာလဲ၊ ဘာကိစ္စရှိလို့လဲ"

ဒေါက်တာမင်းထင်ကျော်က မြန်မာစကားဖြင့် မေးလိုက်သောအခါ သူမကလည်း မြန်မာစကားနှင့်ပင် ပီပီသသ ပြန်ပြောလေသည်။

"ဟိမဝန္တာက လာတာပါပဲ၊ ကိစ္စကတော့ ဆရာနဲ့ တွေ့ရအောင် လာခဲ့တာပါ"

"ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်ပါ"

"ကျွန်မနာမည် 'သုန္ဒရီ' လို့ ခေါ်ပါတယ်"

"သုန္ဒရီက ကျွန်တော်ကို ဘယ်လိုသိပြီး ကျွန်တော့်ကို ဘာကိစ္စနဲ့ တွေ့ချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာက ကျွန်မတို့ကို မသိပေမယ့် ကျွန်မတို့ကတော့ ဆရာ့ကို ကောင်းကောင်းသိကြပါတယ်"

"ဟင်. ."

ထိုစကားကြောင့် စိတ်ထဲမှာ နည်းနည်းတော့ အံ့သြသွားမိသည်။

"ဟို. . . ဘယ်လိုသိနေကြတာလဲဟင်၊ ကျွန်တော်တို့ချင်းက အခုမှ မြင်ဖူးကြတာ မဟုတ်လား"

သုန္ဒရီဆိုသောမိန်းကလေးက တစ်ချက်ပြုံးလိုက်လေသည်။

"ထားပါတော့လေ. . . ဒီအကြောင်းတွေကို နောက်မှပဲ ပြောပြပါ့မယ်၊ အခုလောလောဆယ် ကျွန်မလာတာ ဆရာ့ကို အကူအညီ တောင်းချင်လို့ပါ ဆရာ"

"ဘယ်လိုအကူအညီမျိုးပါလိမ့်၊ တတ်နိုင်တဲ့ အကူအညီမျိုးဆိုရင်တော့ ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဆရာ၊ ဒါထက် ဆရာတို့ဆီကို ဆာဒူးကြီးတစ်ယောက် ရောက်လာတယ် မဟုတ်လား"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်က အနည်းငယ် စဉ်းစားကြည့်လိုက်သည်။

ယခုရက်ပိုင်းအတွင်းမှာတော့ သူ့ဆီ ရောက်လာသော အခြားဧည့်သည် မရှိပေ။

သူ့မိတ်ဆွေ ဂျင်နရယ်သောင်းထိုက်ရှိရာသို့ ကုလား





အဖိုးကြီးတစ်ယောက် ရောက်လာသည်ကို တွေးမိလိုက်သည်။

"ယခုရက်ပိုင်းအတွင်းမှာ ကျွန်တော့်ဆီကိုတော့ ဘယ်သူမှ မလာပါဘူး၊ ကျွန်တော့်မိတ်ဆွေရဲ့စခန်းမှာတော့ ကုလားအဖိုးကြီးတစ်ယောက်တော့ ရောက်နေတယ်"

"သူ့ကို ပြောတာပါပဲ ဆရာ၊ သူ့နာမည်က 'ချန္ဒရ' လို့ခေါ်တယ်၊ သူ့ဆီမှာ ထူးဆန်းတဲ့ ပတ္တမြားတစ်လုံး ပါလာတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒီပတ္တမြားကို ဆရာမြင်လိုက်တယ် မဟုတ်လား"

"မြင်လိုက်ပါတယ်"

"ဘယ်လိုထူးခြားမှုမျိုးတွေ တွေ့ရသလဲ ဆရာ"

"သေနတ်နဲ့ ပစ်တာ မီးမကူးဘူး၊ ကျွန်တော်ယူကြည့်လိုက်တော့ အဲဒီပတ္တမြားထဲမှာ မျက်လုံးတစ်လုံး တွေ့လိုက်ရတယ်"

ထိုသို့ပြောလိုက်သောအခါ သုန္ဒရီမျက်နှာပေါ်မှာ မှုန်မှိုင်းသွားသည်ကို သတိပြုမိလိုက်သည်။

အတန်ကြာမှ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"အမှန်ပါပဲ ဆရာ၊ အဲဒီပတ္တမြားက သာမန်ပတ္တမြားတစ်လုံး မဟုတ်ပါဘူး၊ ကျွန်မတို့ ကိုးကွယ်တဲ့ နတ်ဘုရားရုပ်တုရဲ့ မျက်လုံးတစ်ဖက်ပါပဲ"

"ဟင်. . . နတ်ဘုရားမျက်လုံးက သူ့ဆီကို ဘယ်လိုက



www.burmeseclassic.com

www.burmeseclassic.com



နေ ဘယ်လိုရောက်လာတာလဲဟင်"

ထိုအခါ သုန္ဒရီက အောက်ပါအကြောင်းအရာအချို့ကို ပြောပြလေသည်။

ဆာဒူးချုန္ဒရမှာ ဟိမဝန္တာတောင်ကြောပေါ်အနှံ့ လှည့်လည်သွားလာကာ ယောဂကျင့်စဉ်များကို ကျင့်ကြံနေသူဖြစ်သည်။

တစ်နေ့သောအခါ ကျောက်တောင်တစ်ခုပေါ်သို့ ရောက်သွားစဉ် အဝေးဆီမှ ထူးခြားသောအသံအချို့ကို ကြားရသဖြင့် အံ့ဩသွားမိလေသည်။

သူသည် ဟိမဝန္တာတောင်ပေါ်တွင် လှည့်လည်နေထိုင်ခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်ပေသည်။

နေရာအတော်များများကို ရောက်ခဲ့ဖူးသော်လည်း ယခုကဲ့သို့ ထူးခြားသောအသံမျိုး တစ်ကြိမ်တစ်ခါမှ မကြုံဖူး မကြားဖူးခဲ့ပေ။

ငင်းကြားရသောအသံမှာ အခြားမဟုတ်ပေ။

ကြေးစည်ထုသံ၊ ဖားစည်တီးသံများပင်ဖြစ်သည်။

သူသည် ထိုအသံများ ကြားရသောအခါ တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းများ ထသည်အထိ အံ့ဩသွားလေသည်။

သို့ဖြင့် ထိုအသံများ ကြားရာဘက်သို့ တက်လာခဲ့ရာ အတော်နီးသောနေရာသို့ ရောက်သောအခါ ဘုရားစာ၊ တရားစာများကို သံပြိုင်ရွတ်ဆိုနေသံများကိုပါ မသဲမကွဲ ကြားရလေ





သည်။

တဖြည်းဖြည်းနှင့် တက်သွားရာ နောက်ဆုံး သူ့ရှေ့တွင် ကျောက်နံရံကြီးတစ်ခု ဆီးတားနေတော့သည်။

ရှေ့ဆက်သွားလို့လည်း မရတော့ပေ။

အသံများမှာ ထိုကျောက်နံရံကြီးအတွင်းဘက်မှ ကြားနေရခြင်းဖြစ်တော့သည်။

ချုန္ဒရသည် ထိုနေရာတဝိုက်သို့ လိုက်လံကြည့်ရှုရာ တစ်နေရာသို့ ရောက်သောအခါ ကျောက်နံရံကြီးတစ်နေရာတွင် ထူးထူးခြားခြား ကွဲအက်နေသော အပေါက်ကြီးတစ်ခုကို တွေ့ရလေသည်။

ထိုနေရာ ရောက်သောအခါ အတွင်းမှ အသံများကို အတိုင်းသားကြားနေရလေသည်။

ကြေးစည်သံ၊ ဖားစည်သံများအပြင် မောင်းထုသံများ၊ တရားစာများကို သံပြိုင်ရွတ်ဆိုနေသောအသံများ၊

ထို့ပြင် လူသံသူသံများကိုပါ အတိုင်းသား ကြားနေရသည်။

ချုန္ဒရသည် တအံ့တဩဖြင့် ကွဲအက်နေသောအပေါက်မှ အတွင်းသို့ လှမ်းကြည့်လိုက်သည်။

ထူးဆန်းသောမြင်ကွင်းများကြောင့် သူ့မျက်စိကိုပင် မယုံနိုင်အောင်ဖြစ်သွားလေသည်။

လယ်ကွက်များ၊ သီးနှံစိုက်ခင်းများ၊



www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်ခြံများ၊ သီးပင်စားပင်ကြီးများက နေရာမလပ်ရှိနေကြသည်။

ထိုနေရာများတဝိုက်မှာတော့ ပုံစံတူဆောက်ထားသော အိမ်ငယ်ကလေးများနှင့် အစွန်ဘက်မှာတော့ ကျောင်းဆောင်ကဲ့သို့ ကြီးမားသော အဆောက်အဦးကြီးအချို့ကို လှမ်းမြင်ရသည်။

ချန္ဒရသည် ထူးဆန်းသောမြင်ကွင်းများကြောင့် တအံ့တဩ လှမ်းကြည့်နေစဉ် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ ဆွတ်ဆွတ်ဖြူကာ အသက်အရွယ်ကြီးလှပြီဖြစ်သော ကုလားလူမျိုး အဖိုးကြီးတစ်ယောက် ထွက်လာသည်။

"ခင်ဗျားက ဒီရွာကလား"

ခေါင်းညိတ်ပြသည်။

"ဒီနေရာမှာ လူတွေ နေတဲ့ရွာရှိတာ အံ့ဩစရာပဲ၊ ဘယ်အချိန်ကတည်းက နေကြတာလဲဟင်"

"နှစ်ပေါင်း ထောင်နဲ့ချီပြီး ကြာနေပြီ"

ထိုစကားကြောင့် အံ့ဩသွားသည်။

"ကြေးစည်သံ ဖားစည်သံတွေလည်း ကြားရတယ်၊ တရားစာ ရွတ်ဆိုသံတွေလည်း ကြားရတယ်၊ ဘာလုပ်နေကြတာလဲဟင်"

"ဘုရားဝတ်ပြုနေကြတာပါ"

"ကျုပ် အထဲကို ဝင်ကြည့်ချင်တယ် . . . ခွင့်ပြုမလား"

အဘိုးကြီးက အတန်ကြာအောင် မျက်စိမှိတ်ကာ ငြိမ်





သက်နေသည်။

သူသည် ချန္ဒရကို ဝင်ခွင့်ပေးသင့်မပေးသင့် စဉ်းစားနေဟန်ရှိသည်။

အတန်ကြာတော့မှ သက်ပြင်းတစ်ချက် ချလိုက်သည်။

"သင့်ကို ဝင်ခွင့်ပေးရမှာပေါ့၊ ဘာကြောင့်လဲဆိုတော ဒီနေရာဟာ လျှို့ဝှက်စွာဖြင့် ကွယ်ပျောက်နေသောနေရာဖြစ်တယ်၊ လူတိုင်း မတွေ့နိုင်သလို ရောက်ဖို့လည်း မလွယ်လှဘူး၊ အခု သင်က ဒီနေရာကို ရောက်လာတယ်၊ ဝင်ပေါက်တံခါးကလည်း အလိုအလျောက် ပွင့်နေတယ်၊ ကံကြမ္မာက သင့်ကို ဒီနေရာကို လာခွင့်ပေးလိုက်တာ ဖြစ်မှာပါ"

ဟု ပြောကာ နောက်သို့ ပြန်လှည့်သွားလေသည်။

ချန္ဒရကလည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အဖိုးကြီးနောက်မှ ဝင်လိုက်သွားသည်။

သူဝင်သွားပြီးနောက်တွင် ဟနေသော ကျောက်တံခါးချပ်ကြီးမှာ အလိုအလျောက် ပြန်ပိတ်သွားတော့သည်။

ထိုအခြေအနေကိုတော့ ချန္ဒရတစ်ယောက် မသိလိုက်တော့ပေ။

အတွင်းသို့ ရောက်သောအခါ ပို၍အံ့ဩဖွယ်ကောင်းသောမြင်ကွင်းများကို တွေ့မြင်ရသည်။

အရိပ်အာဝါသကောင်းလှသော သီးပင်စားပင်များ၊ ကံ့ကော်၊ ခရေကဲ့သို့ အပွင့်ရသော အပင်ကြီးများ၊



www.burmeseclassic.com

www.burmeseclassic.com



ပိတောက်နှင့် အင်ကြင်းပင်ကြီးများက နေရာအနှံ့ အုပ်မိုးထားသောကြောင့် အရိပ်အာဝါသ ကောင်းလှပေသည်။

ထို့ပြင် စိုက်ပျိုးထားသောလယ်ကွက်များ၊ စိုက်ခင်းများနှင့် ဥယျာဉ်ခြံများမှာ သူ့နေရာနှင့်သူ စနစ်ကျလှပြီး ဖြစ်ထွန်းအောင်မြင်မှုလည်း ရှိပေသည်။

ရွာတန်းကဲ့သို့ ဆောက်ထားသော သစ်သားအိမ်၊ ဝါးအိမ်ကလေးများမှာ တပုံစံတည်း၊ တညီတည်း ရှိနေကြသည်။

နေထိုင်ကြသူများမှာ ကုလားလူမျိုးများဖြစ်ဟန်ရှိသော်လည်း အသားအရေက အဝါရောင်သန်းနေသည်။

မိန်းမယောက်ျားဟူသမျှ ရုပ်ရည်က သန့်ပြန့်စင်ကြယ်ကြသည်။ အများအားဖြင့်တော့ အေးချမ်းသော သွင်ပြင်လက္ခဏာမျိုး ရှိကြလေသည်။

ချန္ဒရစိတ်ထဲမှာတော့ ၎င်းတို့မှာ သီးသန့်နေထိုင်လေ့ရှိသော လူမျိုးတစ်မျိုးဖြစ်ရမည်ဟု တွေးလိုက်မိသည်။

ရှေ့မှ သွားနေသောအဖိုးကြီးက ချန္ဒရကို တစ်နေရာရောက်အောင်ခေါ် သွားလေသည်။

ထိုနေရာမှာ ဘုရားကျောင်းဆောင်ကြီးနှင့် မဝေးလှသော အဆောက်အဦးတစ်ခုဖြစ်သည်။

ဝါးကပ်များ မိုးထားပြီး အကာနှင့်အခင်းကိုလည်း ဝါးများဖြင့်ပင် ပြုလုပ်ထားလေသည်။

"ဒါ သင်နေရမယ့်နေရာပဲ၊ ဒီမှာ သင်ပျော်သလောက်





နေနိုင်ပါတယ်"

ဟု ပြောကာ အဖိုးကြီး ပြန်ထွက်သွားလေသည်။

ထိုအခါမှ ချန္ဒရမှာ ထူးဆန်းအံ့သြဖွယ်ကောင်းသောနေရာနှင့် ပတ်ဝန်းကျင်ကို လေ့လာကြည့်ရသည်။

သူရောက်နေသောနေရာမှာ လူများ နေသောနေရာနှင့်တော့ မနီးလှပေ။

နတ်ဘုရားကျောင်းဆောင်ကြီးနှင့် နီးပြီး ယောဂီကျောင်းကဲ့သို့ ဆောက်ထားသော သီးသန့်အဆောက်အဦးဖြစ်ဟန်ရှိသည်။

စောစောက ကြားနေရသော ကြေးစည်သံ၊ ဖားစည်သံနှင့် တရားစာ ရွတ်ဆိုသံများမှာ နတ်ဘုရားကျောင်းတော် ရှိရာဘက်မှ ကြားနေရခြင်းဖြစ်သည်။

ယခုတော့ အသံများ တိတ်ဆိတ်လျက်ရှိနေသည်။

လှမ်းကြည့်လိုက်တော့ တိတ်ဆိတ်စွာဖြင့် လူများ ပြန်ထွက်သွားနေကြသည်ကို လှမ်းမြင်ရသည်။

အတန်ကြာတော့ ငြိမ်သက်သွားသည်။

ထိုအခါမှ ချန္ဒရသည် တဲအတွင်းမှ ထွက်ကာ နတ်ဘုရားကျောင်းရှိရာသို့ ထွက်လာခဲ့သည်။

နတ်ဘုရားကျောင်းမှာ ဖြူဆွတ်နေသော စကျင်ကျောက်တုံးကြီးများဖြင့် ပြုလုပ်ထားပြီး ကြီးမားခန့်ထည်မှုရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကျောင်းပုံသဏ္ဍာန်မှာ ဟိန္ဒူလူမျိုးတို့ ဆောက်လေ့ရှိသော ဘုရားကျောင်းပုံသဏ္ဍာန်မျိုးဖြစ်သည်။

အပေါက်ဝမှာ ဟင်းလင်းဖွင့်ထားသဖြင့် အတွင်းသို့ ဝင်သွားရာ နံရံတွင် ကြေးစည်ဖားသည်များ၊ မောင်းနှင့် တုံးမောင်းများ ထားရှိပြီး အခန်းအတွင်းမှာလည်း ဘုရားရှိခိုးသောနေရာများနှင့် တရားထိုင်ရန်နေရာများရှိသည်။

အရှေ့ဘက် အခန်းဆောင်အတွင်းမှာတော့ ကြီးမားသော နတ်ဘုရားရုပ်တုကြီးရှိသည်။

စကျင်ကျောက်သားဖြင့် ထုလုပ်ထားခြင်းဖြစ်ပြီး ထုလုပ်ထားပုံမှာလည်း လက်ရာမြောက်လှသည်။

ဘုရားခန်းဆောင်တစ်ခုလုံး အလင်းရောင် ရသောသလင်းကျောက်သားများဖြင့် ပြုလုပ်ထားသဖြင့် လင်းနေသည်။

ရုပ်ထုကြီး၏ပုံမှာ တင်ပလ္လင်ခွေထိုင်လျက် တရားဟောနေသော မုဒြာပုံစံမျိုးဖြစ်သည်။

အထူးခြားဆုံးမှာ မျက်လုံးနေရာပင်ဖြစ်သည်။

အပြင်မှ ဝင်နေသော အလင်းရောင်များကြောင့် ရုပ်တု၏မျက်နှာပြင်တပိုက်မှာ အနီရောင်များ ထင်ဟပ်နေသည်။

ရုပ်တု၏မျက်လုံးနေရာမှ အနီရောင်များ ဖြာထွက်နေသည်ကို မြင်သောအခါ ချန္ဒရမှာ များစွာစိတ်ဝင်စားမိလေသည်။

သို့သော်လည်း မိမိနေရာသို့ ဟန်မပျက် ပြန်လာကာ အခြားသူများ မရိပ်မိစေရန် ယောဂကျင့်စဉ်များကို ကျင့်နေလေ





သည်။

ထိုနေရာသို့ ရောက်နေသောရက်များမှာ သူ့အတွက် စားသောက်စရာအတွက် မပူရပေ။

အချိန်တန်လျှင် သက်သက်လွတ် စားသောက်စရာများ လာပို့ပေးကြသည်။

ထိုသို့ပို့ပေးသည်မှလွဲ၍ သူ့ကို မည်သူကမှ နှုတ်ဆက်ခေါ်ပြောမှု မရှိကြဘဲ သူတို့ လုပ်စရာရှိသည့် အလုပ်များကိုသာ လုပ်နေကြသည်။

ထိုရွာမှ လူများမှာ အလုပ်ချိန် ရောက်လျှင် လယ်ကွင်းများ၊ စိုက်ခင်းများ၊ ဥယျာဉ်ခြံများ ရှိရာသို့ သွားကာ အလုပ်လုပ်ကြသည်။

အလုပ်မှ ပြန်လာလျှင် စမ်းချောင်း၌ ရေမိုးသန့်စင်ကာ သတ်သတ်လွတ် အစားအစာများကို စားသောက်ကြသည်။

ပြီးပါက ဘုရားကျောင်းသို့ လာကာ ဘုရားစာ၊ တရားစာများကို သံပြိုင်ညီညာစွာဖြင့် ရွတ်ဆိုပူဇော်ကြသည်။

ထိုအချိန်တွင် ကြေးစည်နှင့်ဖားစည်များကို တီးကြသည်။

ထိုသို့ပူဇော်ပြီးသည်နှင့် ၎င်းတို့နေထိုင်ရာအိမ်များသို့ တိတ်ဆိတ်စွာ ပြန်သွားကြကာ တရားထိုင်ကြလေသည်။

အချိန်မည်မျှကြာအောင် တရားထိုင်ကြသည်ကိုတော့ မသိရဘဲ နောက်တစ်နေ့ နံနက်လင်းသောအချိန်ရောက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



လယ်ယာစိုက်ခင်းများသို့ ထွက်သွားကြသည်ကို လှမ်းမြင်ရသည်။

ဒါက ထိုရွာသားများ၏နေ့စဉ်အလုပ်ဝတ္တရားများ ဖြစ်ကြပေသည်။

ထိုရွာ၏အမည်ကို စုံစမ်းကြည့်ရာ 'ရှမ်ဗဲလား သို့မဟုတ် မနောသုခရွာ' ဖြစ်ကြောင်း သိရလေသည်။

ချန္ဒရစိတ်ထဲမှာတော့. . .

"ရှမ်ဗဲလားဆိုတာ ဒဏ္ဍာရီထဲမှာသာ ရှိတယ်လို့ ထင်နေတာ၊ အခု ဒီမှာ တကယ်ပဲ လာတွေ့နေရပါလား၊

နာမည်တူနေတာများ ဖြစ်မလား"

ဟု တွေးမိသည်။

သူသည် မနောသုခရွာသို့ ရောက်ခဲ့ပြီးနောက် ဝင်လာခဲ့သော ကျောက်တံခါးပေါက်ရှိရာသို့ တစ်ခေါက်မှ မရောက်တော့ပေ။

ဝင်လာခဲ့စဉ်ကလို ပွင့်နေသလား၊ ဒါမှမဟုတ် ပြန်ပိတ်နေသလားဆိုသည်ကိုတော့ သူမသိပေ။

တကယ်တော့ ထိုကျောက်တံခါးပေါက်ကြီးမှာ သူဝင်ခဲ့ပြီးနောက်တွင် အလိုအလျောက် ပြန်ပိတ်သွားခဲ့ချေပြီ။

ချန္ဒရသည် ထိုရွာသို့ ရောက်ပြီးနောက်တွင် ရွာသူရွာသားများနှင့်အတူ နတ်ဘုရားကျောင်းကို သွားကာ တရားစာများ ရွတ်ဆိုခြင်း၊ ပြီးလျှင် မိမိနေရာသို့ ပြန်ကာ ယောဂကျင့်စဉ်များကို ကျင့်လေသည်။





ရွာသားများကတော့ သူ့ကို မြင်လျှင် တရားထိုင်နေသည်ဟု ထင်ကြလေသည်။

ထို့ပြင်. . .

ညဦးပိုင်း လူရှင်းသွားသောအချိန်တွင် နတ်ဘုရားကျောင်းရှိရာသို့ တစ်ခေါက်ထပ်သွားကာ ဘုရားဝတ်ပြုပြန်သည်။

ညဦးပိုင်းအချိန်လောက်တွင် နတ်ဘုရားကျောင်းထဲမှာ လူသိပ်မရှိတော့ဘဲ ညဉ့်နက်ပိုင်းရောက်သောအခါ အားလုံးပြန်သွားကြသောကြောင့် သူတစ်ယောက်သာ ကျန်ခဲ့လေသည်။

ထိုအခါ ချန္ဒရသည် နတ်ဘုရားရုပ်တုကြီးကို အသေအချာ ကြည့်ရှုခွင့်ရလေသည်။

သူ အဓိက စိတ်ဝင်စားသောအရာမှာ အခြားမဟုတ်ပေ။

အနီရောင်အလင်းတန်းများ ထွက်နေသော နတ်ဘုရားရုပ်ကြီး၏မျက်လုံးပင်ဖြစ်၏။

တစ်နေ့သ၌ ချန္ဒရသည် နတ်ဘုရားကျောင်းအတွင်းမှာ အတော်ညဉ့်နက်အောင် နေလေသည်။

ထိုနေ့ညက မိုးတဖွဲဖွဲရွာနေပြီး ပတ်ဝန်းကျင်တစ်ခုလုံးမှာ မည်းမှောင်နေသောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ လူသွားလူလာ မတွေ့ရသလောက် ရှင်းနေသည်။

ထိုအခြေအနေကပင် သူ့အတွက် အကြံအစည် အထ



www.burmeseclassic.com

www.burmeseclassic.com



မြှောက်စေရန် အခွင့်အရေးပေးနေသကဲ့သို့ ရှိတော့သည်။

ညဥ့်နက်ပိုင်းအချိန်ရောက်သောအခါ မိုးက တဖွဲဖွဲ ရွာနေရာမှ တဖြည်းဖြည်း သည်းလာသည်။

လေပြင်းများ တိုက်ခတ်လာသောကြောင့် တဝေါဝေါနှင့် ဆူညံသံများ ပေါ်ထွက်လာသည်။

မိုးသက်လေပြင်းများ ကျလာသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းလာသည်။

မီးရောင်မရှိတော့သော နတ်ဘုရားကျောင်းအတွင်းမှာ ပိန်းပိတ်အောင် မှောင်နေတော့သည်။

တစ်ခါတစ်ရံ လျှပ်စီးလက်လိုက်သည့်အခါ အပြင်မှ အလင်းရောင်များက သလင်းကျောက်သားများမှတစ်ဆင့် အတွင်းသို့ ရောက်လာသဖြင့် ဝင်းကနဲ လက်ကနဲ ဖြစ်သွားတတ်သည်။ ထိုအခါမျိုးတွင် နတ်ဘုရားရုပ်ထုကြီး၏မျက်လုံးဆီမှ အနီရောင် အလင်းတန်းများ ပေါ်လာတတ်သည်။

ချန္ဒရသည် နောက်ဆုံး ဆုံးဖြတ်ချက် ချလိုက်ပြီးနောက် အခြေအနေကို ကြည့်ကာ ရုပ်ထုကြီးအပေါ်သို့ ဖက်တက်သွားလေသည်။ သူ့လက်ထဲမှာ မီးပူဇော်ရာတွင် အသုံးပြုသော ကြေးမီးတိုင်အချွန်တစ်ခုလည်း ပါလာသည်။

နတ်ဘုရားရုပ်ထုကြီးမှာ ကြီးမားသည်ဆိုသော်လည်း တင်ပလ္လင်ခွေ အနေအထားမို့ ကျောဘက်မှ ပခုံးပေါ် ရောက်အောင် တက်ရန် မခက်ခဲလှပေ။





ပခုံးပေါ် ရောက်၍ အခြေအနေကို ဝေ့ကြည့်လိုက်သောအခါ အမှောင်ဖုံးနေသော ဘုရားကျောင်းအတွင်း၌ မည်းမည်းသဏ္ဌာန်များက ၎င်းရှိရာသို့ ဝိုင်းကြည့်နေကြဟန် ရှိလေသည်။

"ဟင်. . . စောစောက ဘယ်သူမှ မရှိပါဘူး၊ အခုဘယ်က ရောက်လာကြတာပါလိမ့်"

ဟု တွေးတောနေစဉ် အပြင်ဘက်မှ လက်လိုက်သောလျှပ်စီးရောင်က အတွင်းသို့ ဝင်လာသည်။

မီးရောင်ဖြင့် လှမ်းထိုးလိုက်သကဲ့သို့ ဖြစ်သွားကာ အတွင်းပိုင်းကို မြင်ရလေသည်။

ထိုအခါ စောစောက မြင်နေရသော မည်းမည်းသဏ္ဌာန်များ ကွယ်ပျောက်သွားပြီး နတ်ဘုရားကျောင်းထဲမှာ ဘာမှမရှိတော့ပေ။

"ငါစိတ်ထင်လို့ ဖြစ်မှာပါ"

ဟု တစ်ယောက်တည်း တွေးကာ အသင့်ပါလာသော ကြေးခွက်အချွန်ဖြင့် နတ်ဘုရားရုပ်ထု၏မျက်လုံးတစ်ဖက်ကို ထိုးကော်ထုတ်လိုက်သည်။

သို့သော်လည်း တော်တော်နှင့် မရဘဲ အတန်ကြာအောင် အားစိုက်ကော်လိုက်တော့မှ ကျွတ်ထွက်လာသည်။

"ဂျိန်း. . . ဂျလိန်း"

မျက်လုံးကျွတ်ထွက်သွားသည်နှင့် ကြောင်မက်ဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသော မိုးကြိုးပစ်သံကြီး ပေါ်လာပြီးနောက် လျှပ်စီးရောင်များလည်း တဝင်းဝင်း လက်သွားလေတော့သည်။

ချန္ဒရမှာ ပတ္တမြားမျက်လုံးကို ရသော်လည်း ကြောက်မက်ဖွယ်ရာအခြေအနေများကြောင့် အောက်သို့ မဆင်းဝံ့သေးဘဲ ထိုနေရာမှာပင် ငြိမ်နေရသေးသည်။

အတန်ကြာတော့မှ နတ်ဘုရားရုပ်ထုပေါ်မှာ ပြန်ဆင်းကာ အပြင်သို့ ထွက်ခဲ့လေသည်။

ထိုအချိန်မှာ မိုးက ရွာနေဆဲပင် ရှိသေး၏။

မိုးချုန်းသံများကလည်း အဆက်မပြတ် ပေါ်ထွက်နေပြီး လျှပ်စီးရောင်များကလည်း တဝင်းဝင်း တလက်လက်ပင် ဖြစ်နေသေး၏။ သို့သော်လည်း သူသည် ထိုနေရာမှာ ကြာကြာမနေဝံ့တော့ဘဲ သူဝင်လာသော တံခါးပေါက်ရှိရာသို့ ရောက်အောင် ခပ်သုတ်သုတ် ပြေးလာခဲ့လေသည်။

နတ်ဘုရားကျောင်းနှင့် ကျောက်တံခါးပေါက်ဝမှာ မဝေးလှပေ။

ထိုနေရာသို့ ရောက်သောအခါ ထွက်စရာအပေါက်ကို ရှာမတွေ့ဘဲ ကျောက်နံယံကြီးသာ ဆီးခံနေလေသည်။

ကျောက်နံယံကြီးတစ်လျှောက် လိုက်လံရှာဖွေသော်လည်း ထွက်ပေါက်ဟူ၍ တစ်ပေါက်မှ မတွေ့ရပေ။

"မဟုတ်ပါဘူး. . . ငါဝင်လာတုန်းက ဝင်ပေါက်က အကျယ်ကြီးပါ။ အခု ရှာမတွေ့ရအောင် အပေါက်က ဘယ်





ရောက်သွားလို့လဲ"

မကျေမနပ်နှင့် ထိုနေရာတစ်ဝိုက်ကို လိုက်လံရှာဖွေသော်လည်း အပေါက်ရှာမတွေ့ပေ။

ထိုအခိုက်မှာပင် ရွာရှိရာဘက်မှ ဆူဆူညံညံအသံများကို ကြားရလေသည်။

ထိုအသံများကြောင့် ချန္ဒရမှာ ထိတ်လန့်တကြား ဖြစ်သွားလေသည်။ အသံများက တဖြည်းဖြည်းနှင့် နီးလာချေပြီ။

ထိုအခိုက်မှာပင် ကျောက်နံယံပေါ်မှ မည်းမည်းသဏ္ဌာန်ကြီးတစ်ကောင် 'ဝုန်း'ကနဲ ခုန်ချလာသည်။

ထိုသဏ္ဌာန်ကြီးမှာ မျက်နှာကို မမြင်ရသော်လည်း အရပ်အမောင်းက ချန္ဒရနှင့် နှစ်ဆခန့် မြင့်မားလေသည်။

"မင်းလိုက်ရှာနေလည်း အပေါက်ကို တွေ့ရမှာ မဟုတ်ဘူး"

"ဘယ်ရောက်သွားပြီလဲ"

"နံယံပေါက်က ပွင့်ချိန်တန်ပွင့်ပြီး ပိတ်ချိန်တန် သူ့အလိုအလျောက် ပြန်ပိတ်သွားတာမျိုးပဲ"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"မပူပါနဲ့. . . ငါ မင်းကို လွတ်အောင် ကူညီပေးလိုက်ပါ့မယ်"

ထိုစကားကြားသောအခါ ချန္ဒရမှာ များစွာဝမ်းသာသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင်လည်း ကျေးဇူးတင်ပါတယ်၊ ကူညီမယ် ဆိုရင်လည်း ဒီအထဲကနေ အပြင်ရောက်အောင် မြန်မြန်လုပ်ပေး ပါဗျာ"

ဟု အလောတကြီး ပြောလိုက်သည်။

"ဒီအတိုင်းတော့ ဘယ်ရပ့်ါမလဲ၊ မင်းဆီမှာ ပတ္တမြားကြီး ပါလာပြီဆိုတော့ ဒီပတ္တမြားနဲ့ ပတ်သက်ပြီးတော့ လူတွေ အများ ကြီး သေရဦးမယ်၊ အဲဒီလို သေတဲ့လူတွေရဲ့ဝိညာဉ်တွေက ငါ အပိုင်စားရမှုဖြစ်မှာပေ့ါ၊ မင်းတာဝန်က ဒီပတ္တမြားကို လူတွေ ရှိတဲ့နေရာကို ယူသွားပေးဖို့ပဲ၊ ဘယ်လိုလဲ. . . လုပ်ပေးနိုင်ပ့ါ မလား"

ဟု ထူးဆန်းသောစကားကို ပြောသည်။

ချန္ဒရကလည်း မထူးတော့ပြီမို့. . .

"စိတ်ချပါ. . . လုပ်ပေးပ့ါမယ်၊ ကျုပ် ဒီအထဲက လွတ် အောင်သာ လုပ်ပေးပါ"

ဟု ပြောသဖြင့် မည်းမည်းသဏ္ဌာန်ကြီးက ချန္ဒရကို ထိုနေရာမှ အပြင်ရောက်အောင် အကူအညီပေးလိုက်လေ သည်။

ထိုနေရာတွင် သုန္ဒရီဆိုသောအမျိုးသမီးက စကားကို ရပ်လိုက်လေသည်။

ဒေါက်တာမင်းထင်ကျော်မှာလည်း ထူးဆန်းသော အ ကြောင်းအရာများကို ကြားရသောအခါ များစွာအံ့ဩနေလေ





သည်။

"ဒါဖြင့် ဟိမဝန္တာတောင်ရဲ့တစ်နေရာမှာ ရှမ်ဗဲလားလို့ ခေါ်တဲ့ မနောသုခရွာဆိုတာ တကယ်ရှိတယ်ပေ့ါနော်"

"ဟုတ်ကဲ့. . . ရှိပါတယ်

"ဒါဖြင့် အဲဒီနေရာဟာ ကျွန်တော်တို့ ကြားဖူးနေတဲ့ ရှမ်ဗဲလားများလား"

"ရှမ်ဗဲလားဆိုတာ အားလုံးနဲ့ သက်ဆိုင်တဲ့နေရာတစ်ခု ဖြစ်ပါတယ်၊ သာမန်လူတွေနဲ့ အဆက်အသွယ်မရှိဘဲ မေတ္တာ စွမ်းအင်နဲ့ နေတဲ့နေရာ မှန်သမျှ ရှမ်ဗဲလားလို့ ခေါ်လို့ရပါတယ်၊ ရှမ်ဗဲလားလို့ သတ်မှတ်လို့ရတဲ့နေရာ အတော်များများရှိပါတယ်၊ ဆရာတို့ မြန်မာနိုင်ငံမှာတော့ ဝိဇ္ဇာတွေ စုဝေးတဲ့နေရာကို ရှမ်ဗဲ လားလို့ သတ်မှတ်ရင် ရနိုင်ပါတယ်"

ဟု ရှင်းပြသည်။

"အခု ကျွန်တော့်ကို အကူအညီတောင်းမယ့်ကိစ္စက ဘာများလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ချန္ဒရ ယူသွားတဲ့ ဝိညာဉ် မျက်လုံးလို့ ခေါ်တဲ့ ပတ္တမြားကြီးကို ပြန်ရအောင် အကူအညီပေး စေချင်တာပါပဲ"

"ကျွန်တော်က ပတ္တမြားကို ပြန်ရအောင် ယူလာပြီးရင် ဘယ်နေရာကို လာပို့ပေးရမလဲ"

"ကျွန်မ လာယူပ့ါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဆက်ဘော်သွယ်ရမှာလဲ"

"ကျွန်မပဲ ဆက်သွယ်ပါ့မယ်၊ အဲဒီအချိန်ကျရင် ကျွန်မတို့ နေတဲ့ မနောသုခရွာကို အလည်ခေါ်ပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ. . ခင်ဗျား အကူအညီတောင်းတဲ့ကိစ္စကိုလည်း ကျွန်တော်ကြိုးစားပေးပါ့မယ်"

"ဒီစကားကြားရတာ ဝမ်းသာလှပါတယ်၊ ဒါပေမယ့် တစ်ခုတော့ သတိပေးပါရစေ၊ ဒီပတ္တမြား လက်ထဲ ရောက်တဲ့လူတွေဟာ စိတ်ထားမမှန်ရင် ဘေးဆိုးအန္တရာယ်တွေနဲ့ တွေ့ပြီး သေကြလိမ့်မယ်၊

ဆရာအနေနဲ့ သတိဝီရိယနဲ့ ဆောင်ရွက်စေချင်ပါတယ်"

ဟု သတိပေးသည်။

"ကောင်းပါပြီ"

"ကျွန်မ ပြန်ပါဦးမယ်"

ဟု ပြောကာ အခန်းထဲမှ ပြန်ထွက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သောအခါ အမှောင်ရိပ်ထဲမှာ တရွေ့ရွေ့ လျှောက်သွားသော သုန္ဒရီ၏ပုံရိပ်ကို ဝိုးတဝါး လှမ်းမြင်လိုက်ရလေသည်။





## အခန်း(၄)

## မြကျွန်းထဲမှ ထဘောဝေသောအဝေးဘောင်း

နောက်တစ်နေ့မနက်ပိုင်းအချိန်တွင် ဂျင်နရယ်သောင်းထိုက် ကိုယ်တိုင်ရောက်လာသည်။

"ဆရာမင်းထင်ကျော်ရေ. . . ကျွန်တော်တို့ဆီက ထွက်ပြေးသွားတဲ့ ကုလားအဘိုးကြီးတော့ ပြန်တွေ့ပြီတဲ့ဗျ"

"ဘယ်လိုပြန်တွေ့တာလဲ"

"ကျွန်တော့်ဆီက စစ်သားတွေ တောထဲမှာ ကင်းလှည့်ရင်း ဇရပ်ပျက်တစ်ခုပေါ်မှာ တွေ့ခဲ့တာဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အခု ဒီကိုခေါ်လာခဲ့ပြီလား"

"ခေါ်လာလို့ မရတော့ဘူးဗျ၊ အဘိုးကြီးက သေနေပြီတဲ့"

"ဟင်. . ."

"အဲဒါ ကျွန်တော်ကိုယ်တိုင် သွားကြည့်မလို့ ခင်ဗျားကို လာခေါ်တာဗျ"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်မှာ ကပျာကယာ အဝတ်အစားလဲပြီး ဂျင်နရယ်သောင်းထိုက်နှင့်အတူ လိုက်လာခဲ့လေသည်။ စစ်သားများ တွေ့ခဲ့သောနေရာမှာ တောတွင်းတစ်နေရာ၌ ဖြစ်လေသည်။

"စစ်သားတွေ တွေ့တော့ သူအသက်မရှိတော့ဘူးလား"

"သူ့အလောင်းကို စစ်သားတွေ အရင်တွေ့တာ မဟုတ်ဘူး၊ တောင်ပေါ်ကို ဆေးမြစ်ဆေးဥ ရှာဖွေတဲ့ အဖွဲ့တစ်ဖွဲ့က အရင်တွေ့တာတဲ့၊ သူတို့က ကင်းလှည့်လာတဲ့ စစ်သားတွေကို လာပြောတော့မှ သိကြရတာ"

"ဒါဖြင့် အဲဒီအဖွဲ့တွေကိုရော ခေါ်ထားသေးလား"

"ခေါ်ထားတယ်. . . အဲဒီနေရာမှာ စစ်သားအချို့လည်း ကျန်နေခဲ့တယ်"

ဟု ပြောရင်း လာခဲ့ကြရာ တောတွင်း၌ ရှိသော ဇရပ်ပျက် ရှိရာသို့ ရောက်လာကြသည်။





ထိုနေရာမှာ တောထူထပ်သောနေရာဖြစ်ပြီး ဂျင်နရယ်သောင်းထိုက်တို့ တာဝန်ကျရာ နယ်ခြားစခန်းနှင့်လည်း မဝေးလှပေ။

ဇရပ်မှာ နှစ်ပေါင်းများစွာကတည်းက ရှိနေဟန်ဖြင့် အမိုးအကာများပင် ပျက်စီးလျက်ရှိနေသည်။

ဇရပ်ပတ်ဝန်းကျင်မှာ ဂေါ်ရခါးစစ်သားအချို့ ရှိနေပြီး ဇရပ်ပေါ်မှာတော့ ကုလားလူမျိုး သုံးယောက်တွေ့ရသည်။ ပလိုင်း၊ ဓားနှင့် ရိက္ခာထုပ်များ ပါကြသော တောင်တက်အဖွဲ့သားများ ဖြစ်ကြဟန်ရှိသည်။

ဒေါက်တာမင်းထင်ကျော်တို့ ဇရပ်ပေါ် တက်သွားသောအခါ နေရာဖယ်ပေးကြသည်။

ကုလားအဘိုးကြီးအလောင်းက ဇရပ်အလယ်လောက်တွင် ရှိသည်။ အညိုရောင်ဝတ်ရုံကြီး ဖရိုဖရဲနှင့် ခွေခွေကလေး လဲကျကာ သေဆုံးနေခြင်းဖြစ်သည်။

ဂျင်နရယ်သောင်းထိုက်က အလောင်းအနီး သွားသဖြင့် ဒေါက်တာမင်းထင်ကျော်ကပါ လိုက်သွားလေသည်။

အဘိုးကြီး၏အလောင်းမှာ ခပ်စောင်းစောင်း အနေအထားရှိပြီး မျက်နှာက ကြမ်းပြင်ပေါ်သို့ မှောက်ကျနေသဖြင့် ဂျင်နရယ်သောင်းထိုက်က ပြန်တည့်ပေးလိုက်သည်။

"အိုး. . ."

"ဟာ. . . ဘယ်လိုဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြား ရေရွှတ်လိုက်သံများ ပေါ်ထွက်လာသည်။ ဒေါက်တာမင်းထင်ကျော်ကိုယ်တိုင်ပင် အနည်းငယ် လန့်သွားမိလေသည်။

အဘိုးကြီး၏မျက်နှာမှာ မသေခင်က ကြောက်မက်ဖွယ်ကောင်းသော အရာတစ်ခုကို တွေ့ရသဖြင့် ထိုကဲ့သို့ ရုပ်ပျက်ဆင်းပျက် ဖြစ်နေဟန်ရှိသည်။

မျက်လုံးနှစ်လုံးက အပြင်သို့ ပြူးထွက်နေပြီး သွေးကြောများပင် ပေါက်ထွက်နေသည်။

နှာခေါင်းက အတွင်းသို့ ချိုင့်ဝင်နေပြီး ပါးစပ်က ဟကာလျှာက အပြင်သို့ ထွက်နေသည်။

အဆမတန် အော်ဟစ်ထားဟန်ဖြင့် ကျိုးတို့ကျဲတဲသွားများက ဖြီးပြနေသကဲ့သို့ ပေါ်နေသည်။

ဂျင်နရယ်သောင်းထိုက်က ကိုယ်ပေါ်မှ အဝတ်စကို ဆွဲဖယ်ကာ ဒဏ်ရာဒဏ်ချက် ရှိမရှိကို စစ်ဆေးနေသည်။

ထိုသို့ စစ်ဆေးနေရင်းမှ အဘိုးကြီးဆီမှာ ပါသွားသော ဝိညာဉ်မျက်လုံးဟု အမည်ပေးထားသော ပတ္တမြားကိုလည်း မသိမသာ ရှာဖွေနေဟန်ရှိလေသည်။

"အခြေအနေ ဘာထူးလဲဗျ"

"ဒဏ်ရာဒဏ်ချက်တော့ ဘာမှမတွေ့ရဘူးဗျ၊ သူ့ဘာသာ ရောဂါတစ်ခုခုကြောင့် သေတာဖြစ်မယ်"

"ပတ္တမြားရော တွေ့သလား"





"မတွေ့မိဘူး"

"ဒီလိုဆိုရင် တစ်စုံတစ်ယောက်က သူ့ကို တစ်နည်းနည်းနဲ့ သတ်ပြီး ပတ္တမြားကို ယူသွားတာဖြစ်မယ်၊ တောင်တက်သမားတွေကို နည်းနည်းလောက် စစ်မေးကြည့်ပါလား"

ဟု ပြောလိုက်ရာ ဂျင်နရယ်သောင်းထိုက်က ကုလားစကား နားလည်ကျွမ်းကျင်သော ဒေါက်တာမင်းထင်ကျော်ကိုပင် တာဝန်လွှဲပေးသဖြင့် တောင်တက်သမားသုံးယောက်ကို မေးမြန်းကြည့်ရသည်။

"မင်းတို့ သူနဲ့ ဘယ်လိုစတွေ့တာလဲ"

"ကျွန်တော်တို့ တောင်ပေါ် တက်လာတော့ သူက ဇရပ်ပေါ်မှာ အရင်ရောက်နေတာပါ၊ ကျွန်တော်တို့လည်း သူ့ကို တရားကျင့်နေတဲ့ ဆာဒူးကြီး ထင်ပြီး ပါလာတဲ့ အစားအသောက်တွေကို ပေးပါသေးတယ်၊ ဒါပေမယ့် သူက ဘာမှမစားဘူး"

"နောက်တော့ ဘယ်လိုဖြစ်သွားတာလဲ"

"သူ့ကြည့်ရတာ သိပ်ပြီးနေကောင်းတဲ့ပုံ မပေါ်ဘူး၊ ကျွန်တော်တို့ ရောက်ကတည်းက အဲဒီနေရာမှာပဲ ခွေအိပ်နေတာပဲ တွေ့ရတယ်၊ ညဘက်ရောက်တော့ ကျွန်တော်တို့ အိပ်ပျော်နေတုန်း ကြောက်လန့်တကြားနဲ့ စူးစူးဝါးဝါး အော်သံတစ်ချက် ကြားလိုက်ရတယ်"

"ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါနဲ့ ကျွန်တော်တို့လည်း ထကြည့်လိုက်တော့ မျက်လုံးပြူး လျှာထွက်ပြီး ဆန့်ငင်ဆန့်ငင်ဖြစ်နေတာကို တွေ့ရတယ်၊ ဒါနဲ့ တတ်သရွေ့မှတ်သရွေ့ ပြုစုတော့လည်း မရပါဘူး၊ မနက်လင်းကာနီးတော့ ဗူးဗူးဝါးဝါး အော်ပြီး အသက်ထွက်သွားတော့တာပါပဲ"

ဒေါက်တာမင်းထင်ကျော်က ၎င်းတို့သုံးယောက်ကို အကဲခတ်ကြည့်လိုက်တော့ အမှန်အတိုင်း ပြောနေသည်ဟု ယူဆရပေသည်။

"မင်းတို့ သူ့ကို ဝိုင်းဝန်းပြုစုတဲ့အချိန်မှာ ဘာပစ္စည်း တွေ့သေးသလဲ"

"ကျွန်တော်တို့ ကြည့်တဲ့အချိန်မှာတော့ သူ့ဆီမှာ ဘာမှ မတွေ့ရပါဘူး"

ထိုသို့ပြောသည်ကိုပင် ဂျင်နရယ်သောင်းထိုက်က စိတ်မကျေနပ်သဖြင့် လူသုံးယောက်တို့ကို နှံ့နှံ့စပ်စပ် ရှာခိုင်းရာ စစ်သားများက ရှာဖွေကြသည်။

ကိုယ်တွင်းကိုယ်ပြင်ပါမကျန် ရှာသည့်အပြင် ၎င်းတို့ ယူလာသောပစ္စည်းများကို လှန်လှောရှာသော်လည်း ပတ္တမြားမဆိုထားနှင့်၊ ကျောက်ခဲတစ်လုံးကိုမျှ မတွေ့ရပေ။

နောက်ဆုံး စိတ်တိုင်းကျ ကျေနပ်အောင် ရှာဖွေပြီးတော့ လူသုံးယောက်ကို ပြန်လွှတ်လိုက်သည်။

ထို့နောက် ကုလားအဘိုးကြီးအလောင်းကို မြေမြှုပ်





သင်္ဂြိုဟ်ကာ စခန်းသို့ ပြန်သွားကြလေတော့သည်။

စစ်သားများလည်း ထိုနေရာတစ်ဝိုက်သို့ တစ်နေကုန် ကင်းလှည့်နေကြပြီး နေဝင်ရီတရောအချိန်ရောက်သောအခါ စခန်းသို့ ပြန်သွားကြလေတော့သည်။

ညဉ့်ဦးပိုင်းအချိန် ရောက်သောအခါ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

ထိုအချိန်မှာပင် အမှောင်ရိပ်ထဲမှ အဝတ်နက်များ ခြုံထားကြသည့် လူသုံးယောက် ထွက်လာလေတော့သည်။

"စစ်သားတွေ ပြန်သွားတာ သေချာရဲ့လား"

"သေချာပါတယ်. . . ငါ တောစပ်က သေသေချာချာ လှမ်းမြင်လိုက်တာပဲ"

"တော်ကြာ မနက်ကလို သူတို့နဲ့ တည့်တည့်တိုးနေလို့ အစစ်အဆေးခံနေရဦးမယ်"

"စိတ်မပူပါနဲ့. . . ဒီတစ်ခါတော့ တကယ်ပြန်သွားတာပါ"

"မနက်က ဟိုလူစစ်တော့ စကားမမှားအောင် အံတော်ထိန်းပြောလိုက်ရတာ၊ သူ့မျက်နှာကြည့်ရတာ ငါတို့ကို သိပ်ပြီး ယုံကြည်ပုံမရဘူး"

"မယုံလည်း လက်ဆုပ်လက်ကိုင်မှ မမိတာ၊ ဘယ်တတ်နိုင်မှာလဲ"

ဟု အချင်းချင်း ပြောဆိုနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူသုံးယောက်မှာ အခြားမဟုတ်ပေ။

မနက်က ဒေါက်တာမင်းထင်ကျော် စစ်မေးလိုက်သော တောင်တက်သမားသုံးယောက်တို့ပင်ဖြစ်သည်။

အဖြစ်အပျက်အမှန်မှာ ဤသို့ဖြစ်သည်။

၎င်းတို့သုံးယောက် ဟိမဝန္တာတောင်ခြေနှင့် မဝေးလှသော ရွာတစ်ရွာမှ ဖြစ်ကြပြီး တောင်ပေါ် တက်၍ ဆေးမြစ်ဆေးဥ ရှာဖွေသောအလုပ် လုပ်ကြသည်။

တစ်နေ့တော့ တောင်ပေါ် တက်လာကြရင်း ဇရပ်ဟောင်းတစ်ခုနား ရောက်သောအခါ ကုလားအဖိုးကြီးတစ်ယောက်မှာ ဇရပ်ပေါ်မှာ ထိုင်လျက် တစ်စုံတစ်ခုအား ကြည့်နေသည်ကို လှမ်းမြင်ရသဖြင့် သစ်ပင်ကွယ်မှ ချောင်းကြည့်ကြသည်။

အဖိုးကြီး ကြည့်နေသောအရာမှာ နေရောင်ခြည်ကြောင့် အရောင်တလက်လက် တောက်ပနေသည်။

သူတို့ ဝင်သွားသည်ကို မြင်သောအခါ အဖိုးကြီးက သူကြည့်နေသောအရာအား ခါးကြားထဲသို့ ဝှက်ထားလိုက်လေသည်။

လူသုံးယောက်မှာ တစွန်းတစ မြင်လိုက်ကြသော်လည်း ဘာမှမမေးဘဲ ဟန်မပျက် ဇရပ်ပေါ် တက်နားကြသည်။

ညအချိန်ရောက်သောအခါမှာ သုံးယောက်သား အဖိုးကြီးဆီမှ ပစ္စည်းကို အတင်းအဓမ္မ တောင်းယူကြလေသည်။





အဖိုးကြီးက ထုတ်မပေးဘဲ ခါးခါးသီးသီး ငြင်းဆန်လေသည်။ နောက်ဆုံး အကြမ်းဖက်ကာ လုယူမည် ကြံသောအခါ အဘိုးကြီးက ခါးကြားထဲမှ အရာကို ထုတ်ကာ မြိုချလိုက်တော့သည်။

ထိုအခါ တစ်ယောက်က စိတ်မရှည်သောကြောင့် လည်ပင်းကို ညှစ်ကာ အတင်းပြန်ထုတ်ခိုင်းသည်။

ထိုသို့ပြုလုပ်ရင်းနှင့်ပင် အသက်ရှူကျပ်ကာ သေဆုံးသွားလေတော့သည်။

ထိုအခါမှပင် ဘယ်လိုလုပ်ရမှန်း မသိအောင် ရှိကြသဖြင့် ဟန်မပျက် ထားကာ စစ်သားများကို သွားရောက်အကြောင်းကြားလိုက်ခြင်းဖြစ်၏။

ယခု စစ်သားများ ပြန်သွားတော့မှ စိတ်ချလက်ချ ပြန်လာပြီး အဖိုးကြီးအလောင်းကို ပြန်ဖော်၍ ရှာဖွေကြရန်ဖြစ်သည်။

သုံးယောက်သား အလောင်းမြှုပ်ထားရာနေရာသို့ သွားကာ တူးဖော်ကြလေသည်။

ညဦးပိုင်းအချိန်ကျော်လာပြီမို့ အမှောင်ထုများက ပတ်ဝန်းကျင်တဝိုက်တွင် ဖုံးလွှမ်းထားလေသည်။

လေတိုးသံလိုလို စကားပြောသံလိုလို မသဲကွဲသော အသံများကလည်း အမှောင်ရိပ်များဆီမှ အဆက်မပြတ် ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း သုံးယောက်စလုံးမှာ လောဘဇောတက်နေသောကြောင့် ထိုအရာများကို ဂရုမပြုကြတော့ဘဲ အဖိုးကြီးအလောင်း မြှုပ်ထားသောမြေပုံကို လိုက်လံရှာဖွေကြသည်။

လောလောဆယ် မြှုပ်နှံထားသောနေရာမို့ ခက်ခက်ခဲခဲတော့ မရှာရပေ။

သစ်ကိုင်းသစ်ခက်များ လတ်လတ်ဆတ်ဆတ် ခုတ်၍ပုံထားသဖြင့် အလွယ်တကူပင် ရှာတွေ့နိုင်သည်။

မြေပုံနေရာရောက်သည်နှင့် [illegible]ပေါ်မှ အုပ်ထားသောသစ်ကိုင်းသစ်ခက်များကို ဖယ်လိုက်ပြီး မြေသားများကို တူးဖယ်ထုတ်လိုက်သည်။

နေ့လည်ပိုင်းအချိန်ကမှ မြှုပ်ထားသဖြင့် မြေသားများမှာ ပွနေဆဲမို့ အလွယ်တကူပင် တူး၍ရသည်။

အတန်ကြာတော့ အဖိုးကြီးအလောင်းက ပေါ်လာသည်။

မှုန်ဝါးသောအလင်းရောင်ဖြင့် အဖိုးကြီး၏ကြောက်မက်ဖွယ်ရာကောင်းသောမျက်နှာကြီးက အရင်ပေါ်လာသည်။

လည်ပင်းညှစ်ခံထားရသောကြောင့် မျက်လုံးက ပြူးထွက်နေကာ လျှာက အပြင်သို့ ထွက်နေသည်။

ရုတ်တရက် ကြည့်လျှင် မြေတွင်းထဲမှ သူတို့ကို မော့ကြည့်နေသကဲ့သို့ရှိလေသည်။

သူတို့သုံးယောက်မှာ လောဘစိတ်ကြောင့် သတ်တုန်း





က သတ်လိုက်သော်လည်း ယခုကဲ့သို့ ကြောက်မက်ဖွယ်ရာ မျက်နှာကြီးကို တွေ့မြင်ရသောအခါ ကြောက်ရွံ့စိတ်များ ဝင်လာလေသည်။

“ဒီအဖိုးကြီး ကြည့်ရတာ ငါတို့ကို ကျေနပ်ပုံမရဘူး၊ သေတာတောင် မော့ကြည့်နေသလိုပဲ”

“မင်းကလည်းကွာ. . . သေတဲ့လူက မော့ကြည့်ပါ့မလား၊ လည်ပင်းညှစ်လိုက်လို့ မျက်လုံးပြူးထွက်နေတာပါ”

“အခု ဘယ်လိုလုပ်ကြမှာလဲ”

[illegible]ာက်ကို ဘယ်လိုယူမှာလဲ”

“ဘယ်လိုယူမလဲကွာ. . . ရင်ခွဲပြီး အထဲမှာ ရှာယူရမှာပေါ့”

“ငါတော့ မလုပ်ဝံ့ဘူး. . . ကြောက်တယ်”

“မင်းကြောက်ရင် ဘေးဖယ်နေ. . . ငါခွဲမယ်”

ဟု ပြောကာ တစ်ယောက်က အလောင်းအနီးသို့ သွားကာ အပေါ်မှ မြေသားများကို ယက်ဖယ်လိုက်သည်။

ထို့နောက် သုံးယောက်သား အလောင်းကို ကျင်းထဲမှ ဆွဲထုတ်ကာ အပေါ်သို့ တင်လိုက်သည်။

အဖိုးကြီးအလောင်းမှာ သေဆုံးသည်မှာ မကြာသေးသဖြင့် ပျော့ပျောင်းနေဆဲပင်ရှိသေး၏။

သူတို့သုံးယောက်ထဲတွင် အတော်အတန် သတ္တိရှိဟန်တူသော မာရစ်ဆိုသူက ဓါးဖြင့် အလောင်း၏ရင်ကို ခွဲလိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုသို့ခွဲလိုက်သောအခါ အဖိုးကြီးအလောင်းမှာ အသက်ရှိနေသေးသူပမာ တဆတ်ဆတ် တုန်သွားပြီးနောက် သွေးစိမ်းရှင်ရှင် ပန်းထွက်လာလေသည်။

ပန်းထွက်လာသောသွေးများက ဓါးဖြင့် ခွဲနေသော မာရစ်ကိုယ်ပေါ် သို့ပင် စွန်းပေကုန်သည်။

အလောင်းကို ရင်ခွဲပြီးသောအခါ မာရစ်က အဖိုးကြီးမြိုချလိုက်သောပတ္တမြားကို လိုက်ရှာလေသည်။

ထိုအချိန်မှာပင် အဖိုးကြီးအလောင်းမှာ တဆတ်ဆတ် တုန်ယင်လျက်ရှိပြီး အသက်ဝင်နေသည့်ပမာ 'တဟီးဟီး' နှင့် ညည်းညူနေလေသည်။

ထိုအခြေအနေကြောင့် သတ္တိကောင်းလှသော မာရစ်ပင် အနည်းငယ် ကြောက်ရွံ့စိတ် ဝင်လာလေသည်။

သို့သော်လည်း လုပ်မိမှတော့ မထူးတော့ပြီမို့ ဝမ်းခေါင်းတွင်းမှ ကလီစာများကို အပြင်သို့ ဆွဲထုတ်ကာ သူလိုချင်သော ပတ္တမြားကို အရေးတကြီး ရှာဖွေနေလေသည်။

အူနှင့်အစာအိမ် စသည်တို့ကို ခွဲ၍ရှာဖွေသော်လည်း ပတ္တမြားကို အစအနမှပင် မတွေ့ရပေ။

"မဟုတ်ပါဘူး. . ! မနက်က ငါတို့ရှေ့မှာတင် သူမြိုချလိုက်တာ အားလုံးမြင်လိုက်ရဲ့သားနဲ့ အခု ရှာမတွေ့တော့ဘူးကွ"





"သေသေချာချာ ရှာစမ်းပါကွာ၊ ဒီအကြောင်းကို ငါတို့သုံးယောက်ကလွဲပြီး ဘယ်သူမှ သိတာမဟုတ်ဘူး"

"ဒါဖြင့် မင်းတို့ လာရှာကြည့်စမ်းကွာ၊ အဖိုးကြီးက သူ့ရဲ့ ပစ္စည်းကို မပေးချင်လို့ ဖွက်ထားလေရော့သလား"

"မဟုတ်တာ. . . သေပြီးတဲ့လူကတော့ ဖွက်ထားပါ့မလား၊ မင်းဖယ်စမ်း၊ ငါရှာမယ်"

ဟု ပြောကာ ထွန်းဇော်ဆိုသူက တစ်လှည့်ဝင်ရှာသော်လည်း မတွေ့ပေ။

နောက်ဆုံး ကြောက်ရွံ့ထိတ်လန့်နေသော ရာဂျစ်က ဝင်ရှာတော့မှ လည်ချောင်းထဲမှာ တစ်နေသော ပတ္တမြားကို တွေ့ရလေသည်။

အဖိုးကြီးမှာ ပတ္တမြားက လည်ချောင်းထဲမှာ တစ်နေသဖြင့် အသက်ရှူလမ်းကြောင်းပိတ်ကာ သေဆုံးရခြင်းဖြစ်ပေသည်။

ထို့နောက် လည်ချောင်းကို ခွဲ၍ ပတ္တမြားကို ထုတ်ယူလိုက်သည်။

"ဟာ. . ငါတို့သုံးယောက်တော့ ပွပြီကွ၊ ဒါဟာ သာမန်ကျောက်မဟုတ်ဘူးကွ. . . ပတ္တမြားကြီးကွ"

သုံးယောက်သား ဝမ်းသာအားရဖြင့် သွေးစွန်းနေသော ပတ္တမြားကြီးကို တစ်ယောက်တလှည့်ယူကြည့်ကြလေသည်။

"ဘယ်လိုလုပ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခုလောဇော်ဆယ်တော့ ဒီအလောင်းကြီးကို မြေကျင်းထဲ ပြန်ထည့်ပြီး ပြန်ဖို့ထားရမယ်၊ ဒါမှ စစ်သားတွေ ဒီနေရာကို နောက်တစ်ခေါက် ရောက်လာရင် မရိပ်မိမှာကွ"

ဟု ပြောကာ သွေးသံရဲရဲနှင့် ဖြစ်နေသော ကုလားအဖိုးကြီးအလောင်းကို မြေကျင်းထဲ ပြန်ထည့်ကြသည်။

ထိုအချိန်မှာပင် အဖိုးကြီးအလောင်းမှာ တဆတ်ဆတ်တုန်ယင်လျက်ရှိပြီး ပါးစပ်မှလည်း 'တဟင်းဟင်း' နှင့် ညည်းညူသံအချို့ ထွက်နေလေသည်။

မြေကျင်းထဲ ချလိုက်သောအခါ 'ငေါက်' ကနဲ ပြန်ထိုင်လာသည်။

"ဟင်. ."

"ဟ. . ဘယ်လိုဖြစ်တာလဲ"

"အပမှီတာ ထင်တယ်၊ ဒီအတိုင်း ကြည့်မနေကြနဲ့လေ၊ မြေကျင်းထဲ ပြန်လှဲပြီး အပေါ်က မြေသားတွေနဲ့ မြန်မြန်အုပ်ကြလေ"

ဟု ပြောကာ သုံးယောက်သား ငေါက်ကနဲ ထထိုင်လာသော အလောင်းကို ကျင်းထဲသို့ အတင်းပြန်လှဲကာ အပေါ်မှ မြေသားများဖြင့် ဖိကာ ဖို့လိုက်ကြသည်။

သို့တိုင်အောင် အတင်းကျုံးထနေသောကြောင့် သုံးယောက်သား ဖိသူကဖိ၊ မြေသားများနှင့် ဖို့သူကဖို့နှင့် အချိန်အတော်ကြာအောင် လုပ်တော့မှ ပြီးသွားလေတော့သည်။





"လာဟေ့. . . ဒီနေရာက အမြန်သွားကြစို့၊ တော်ကြာနောက်တစ်ခါ ပြန်ထလာရင် နိုင်မှာမဟုတ်တော့ဘူး"


ဟု ပြောကာ ထိုနေရာမှ ခပ်သုတ်သုတ် ထွက်ခဲ့ကြသည်။

မလှမ်းမကမ်းရောက်မှ စိတ်မဖြောင့်သဖြင့် နောက်သို့ လှည့်ကြည့်လိုက်သောအခါ ၎င်းတို့ ဖို့ထားခဲ့သောမြေသားများမှာ အပေါ်သို့ ကြွတက်လာသည်ကို မြင်တွေ့ကြရသဖြင့် ထွေထွေထူးထူး မစဉ်းစားတော့ဘဲ ခြေကုန်သုတ်ကာ ပြေးကြရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၅)

# ကလဲ့စားချေလိုသည့် တာရူးပီညာဉ်

မာရစ်၊ ထွန်းဇ ရာဂျစ်တို့ နေသောရွာမှာ ဟိမဝန္တာ တောင်ခြေနှင့် မဝေးလှသော တောစပ်တစ်နေရာ၌ဖြစ်သည်။

အိမ်ခြေသိပ်မများလှဘဲ လေးဆယ်ကျော် ငါးဆယ်ခန့်သာရှိသည်။

အများအားဖြင့်တော့ ကုလားလူမျိုးများဖြစ်ကြပြီး မြန်မာ အစရှိသော အခြားလူမျိုးများလည်းရှိသည်။

တစ်ရွာလုံး ငွေကြေးဥစ္စာ ပြည့်စုံသူမရှိဘဲ လက်လုပ်လက်စားများပင်ဖြစ်သည်။

မာရစ်တို့သုံးယောက် ရွာသို့ ပြန်ရောက်လာပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းမှာတော့ ယခင်က အေးအေးချမ်းချမ်း ရှိလှသော ရွာကလေးမှာ ညစဉ်ညတိုင်းလိုလို ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာများနှင့် ကြုံတွေ့လာကြလေသည်။

ညအချိန် အမှောင်ရိပ်သန်းလာသည်နှင့် တောစပ်ဘက်မှ ခွေးအူသံ၊ ခွေးဟောင်သံများ စူးစူးဝါးဝါး ပေါ်ထွက်လာလေ့ရှိသည်။

အသံကြားရာသို့ လှမ်းကြည့်လိုက်လျှင် မည်းမည်းသဏ္ဌာန်များ လှုပ်ရှားသွားလာနေကြသည်ကို လှမ်းမြင်ကြရသည်။

ခွေးအူသံများ ကြားရပြီဆိုလျှင် ရွာထဲမှ ကလေးငိုသံများမှာ တစ်နေရာမဟုတ် တစ်နေရာမှ စီကနဲ လောင်ကနဲ ပေါ်ထွက်လာတတ်ပေသည်။

ညဉ့်နက်ပိုင်းရောက်လာလျှင်တော့ ရွာအနောက်ဘက်မှ အသံသြသြကြီးဖြင့် အော်သံကို ကြားကြရသည်။

"ငါ့ပစ္စည်းပြန်ပေး၊ ငါ့ပစ္စည်းပြန်ပေး"

ထိုကဲ့သို့ ကြောက်လန့်ဖွယ်ရာအသံကြီးကို ကြားရသဖြင့် အထိတ်ထိတ်အလန့်လန့် ရှိနေကြစဉ် အချို့ကလည်း အရဲစွန့်ပြီး အသံကြားရာသို့ လှမ်းကြည့်ကြသည်။

ထိုအခါ ဗိုက်ပေါင်းလောင်းဖွင့်လျက် ထွက်ကျနေသော အူအခွေများကို လက်တစ်ဖက်ဖြင့် နှပွေ့ကိုင်ထားသော မည်းမည်းသဏ္ဌာန် အဖိုးကြီးတစ်ယောက်ကို တွေ့ကြရသည်။





ထိုကဲ့သို့ ညစဉ်ညတိုင်း ကြောက်လန့်ဖွယ်ရာများကို တွေ့ရသဖြင့် အချို့လည်း တစ်ညလုံး မအိပ်ဝံ့သောကြောင့် ထိုင်နေကြရသည်။

ထိုရက်အတွင်း၌ ရွာထဲမှ ကလေးတစ်ယောက်နှစ်ယောက် လန့်၍ ရုတ်တရက် သေဆုံးသွားလေသည်။

နောက်ပိုင်းရောက်လာတော့ လူကြီးအချို့ပါ သေဆုံးကြပြန်သည်။ ကြောက်မက်ဖွယ်အသံကြီးကို ညစဉ်ညတိုင်း ကြားရပြီး မည်းမည်းသဏ္ဌာန်ကြီးကိုလည်း တွေ့ကြရသဖြင့် သွေးလန့်ကာ သေဆုံးသူများ တစ်ယောက်ပြီးတစ်ယောက် များလာသော်လည်း ဘာကြောင့် ထိုကဲ့သို့ ဖြစ်သည်ကိုတော့ ဘယ်သူမှ မသိကြပေ။

ကာယကံရှင်များဖြစ်ကြသော မာရစ်၊ ထွန်းဇနှင့် ရာဂျစ်တို့သုံးယောက်ကတော့ ဘာကြောင့် ထိုကဲ့သို့ ဖြစ်နေသည်ကို ရိပ်မိသောကြောင့် ပို၍ကြောက်လန့်နေကြသည်။

သူတို့သုံးယောက်ထဲမှာမှ ပို၍ကြောက်တတ်သော ရာဂျစ်ဆိုသူမှာ ညအချိန်ရောက်လာလျှင် နေစရာမရှိအောင် ထိတ်လန့်ကြောက်ရွံ့နေလေသည်။

ထိုသို့ကြောက်ကာမှ ညစဉ်ညတိုင်းလိုလို သူ့တဲနောက်ဘက်မှ အသံသြသြကြီးနှင့် လာအော်နေတော့သည်။

"ငါ့ပစ္စည်းပြန်ပေး. . . ငါ့ပစ္စည်းပြန်ပေး"

ထိုသို့ အော်ရုံမက မည်းမည်းသဏ္ဌာန်ကြီးက တဲ



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်မှ ခေါက်တုန့်ခေါက်ပြန် လျှောက်နေသည်ကို တွေ့မြင်ရသဖြင့် ရာဂျစ်၏ကလေးတစ်ယောက်မှာ ကောက်ကာငင်ကာ ဖျား၍ ရုတ်တရက် သေဆုံးသွားလေသည်။

ထိုအခါ ရာဂျစ်က ကျန်နှစ်ယောက်ဆီသို့ သွားကာ မိမိတို့ ယူလာသောပတ္တမြားကြီးကို မူလနေရာသို့ ပြန်ပို့ပေးရန် ပြောသော်လည်း ကျန်နှစ်ယောက်က လုံးဝလက်မခံကြပေ။

နောက်ဆုံးတော့ ကြောက်မက်ဖွယ်ရာ အန္တရာယ်က ရာဂျစ်ရှိရာသို့ ရောက်လာတော့သည်။

ကလေးတစ်ယောက် သေဆုံးပြီးနောက်တွင် မိန်းမက မနေဝံ့တော့သဖြင့် ကလေးများကို ခေါ်ကာ ၎င်းမိဘအိမ်သို့ ပြောင်းနေလေသည်။

ရာဂျစ်ကတော့ ၎င်းတဲမှာ ဆိတ်နှင့်နွားများ မွေးထားသောကြောင့် ပစ်ထားခဲ့၍မရသဖြင့် ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် ဆက်နေရလေသည်။

တစ်ညတော့ အိမ်နောက်ဘက်မှ အသံသြသြကြီး ကြားရသဖြင့် ထရံပေါက်မှ ချောင်းကြည့်လိုက်သောအခါ နွားတင်းကုပ် အစပ်နားတွင် ဝမ်းဗိုက်မှ ထွက်ကျနေသော အူများကို လက်တစ်ဖက်ဖြင့် ပွေ့ကာရပ်နေသော ကုလားအဘိုးကြီးကို တွေ့ရသည်။

"ငါ့ပစ္စည်းပြန်ပေးပါ"

ရာဂျစ်ရှိရာသို့ လှမ်းကြည့်ပြီး လက်တစ်ဖက်ကို ဆန့်





တန်းကာ တောင်းနေသောကြောင့် တဲပေါ်မှာ မနေဝံ့တော့သဖြင့် အိမ်ရှေ့ပေါက်မှ ဆင်းပြေးတော့သည်။

သို့သော် မလွတ်တော့ပေ။

သူ အိမ်ရှေ့အပေါက်မှ ဆင်းပြေးသောအခါ အိမ်ရှေ့ပေါက်ဝမှ ကုလားအဘိုးကြီးက ရောက်နေသည်။

အိမ်ရှေ့မှာ အခြေအနေမကောင်းသဖြင့် နောက်ဘက်မှ ဆင်းပြေးရန် ကြံပြန်တော့လည်း ကြောက်စရာကောင်းသော မည်းမည်းသဏ္ဌာန်ကြီးက အိမ်နောက်ဘက်မှာ ရောက်နေပြန်သည်။

နောက်ဆုံးတော့ ဘယ်လိုမှ မနေဝံ့တော့သဖြင့် အသံကုန် ဟစ်ကာ အကူအညီတောင်းလိုက်လေတော့သည်။

"လာကြပါဦးဗျို့ . . . ကယ်ကြပါဦး"

ထိုသို့ အကူအညီတောင်းသည့်အသံကို အနီးပတ်ဝန်းကျင်မှ ကြားသည့်လူက ကြားလိုက်ရသော်လည်း ထိုအချိန်မျိုးတွင် မည်သူကမှ အပြင်မထွက်ဝံ့တော့ပေ။

သို့ကြောင့် . . .

ရာဂျစ်တစ်ယောက် ငယ်သံပါအောင် အော်ခေါ်၍ အကူအညီတောင်းနေသော်လည်း တစ်ယောက်မှ ထွက်မလာကြပေ။ ညဉ့်နက်ပိုင်းအချိန်ရောက်သောအခါ ရာဂျစ်အော်သံ ပျောက်သွားလေတော့သည်။

နောက်တစ်နေ့မနက်ပိုင်းအချိန်တွင် ရာဂျစ်အိမ်သို့



www.burmeseclassic.com

www.burmeseclassic.com



သွားကြည့်ကြသောအခါ နွားတင်းကုပ်ရှေ့တွင် ရုပ်ပျက်ဆင်းပျက် အသက်ပျောက်နေသော ရာဂျစ်အလောင်းကိုသာ တွေ့ကြရသည်။

ရာဂျစ်သေဆုံးသွားသောအခါ ကျန်နှစ်ယောက်မှာ မိမိတို့အလှည့် ရောက်လာလေမလားဟု တွေးတောကာ များစွာကြောက်ရွံ့နေကြလေသည်။

"ဘယ်လိုလုပ်မလဲ မာရစ်"

"ငါတို့ ဒီမှာ ဆက်နေရင်တော့ ဒီအဘိုးကြီးသရဲ လိုက်လာမှာ အမှန်ပဲ၊ ဒီတော့ ဒီရွာကနေ ထွက်ပြေးကြရင် ပိုမကောင်းဘူးလား"

"ဘယ်လိုပြေးကြမလဲ"

"နသိရဥ္စဇရွာမှာ ငါ့အမျိုးတွေ ရှိတယ်၊ အဲဒီကို သွားနေရရင် မကောင်းဘူးလား"

"ဖြစ်ပါ့မလား. . . အဲဒီရွာရဲ့အနားမှာတင် စခန်းချနေတဲ့ စစ်သားတွေလည်း ရှိတယ်၊ နောက်ပြီး ငါတို့ကို စစ်ဆေးတဲ့လူလည်း ရှိတယ်မဟုတ်လား၊ တော်ကြာ ငါတို့ကို မြင်ပြီး မှတ်မိသွားရင် မခက်ပေဘူးလား"

"မှတ်မိတော့လည်း ဘာဖြစ်သလဲ၊ ငါတို့ လုပ်ခဲ့တာတွေ သူတို့ မြင်တာမှ မဟုတ်တာ၊ ဘာမှလုပ်လို့မရပါဘူး"

မာရစ်က ပြောသဖြင့် ထွန်းဇလည်း မာလဝရွာတွင် မနေဝံ့တော့သဖြင့် ထိုအကြံအစည်အတိုင်း ပြုလုပ်ရန် သဘော





တူရလေသည်။

ထို့နောက်တွင် ၎င်းတို့ ဝှက်ထားသောပတ္တမြားကို ပြန်ယူကြပြီး နှစ်ယောက်သား ရွာမှ ထွက်ပြေးကြလေသည်။ ၎င်းတို့ မာလဝရွာနှင့် နသိရဥ္စဇရွာမှာ အတန်ငယ် ဝေးသောကြောင့် တောတောင်များကို ဖြတ်ကျော်ကာ သွားရလေသည်။

နေ့အချိန်တွင် တောလမ်းခရီးမှ ခပ်သုတ်သုတ် သွားကြပြီး ညအချိန်ရောက်သောအခါ သစ်ပင်ကြီးများပေါ် တက်ကာ တစ်ယောက်တစ်လှည့် အိပ်ကြရသည်။ နေ့ဘက်အချိန်တွင် ကြောက်မက်ဖွယ်ရာများ မတွေ့ရသော်လည်း ညအချိန်ရောက်လာသောအချိန်မှာ ဝမ်းဗိုက်ဟောင်းလောင်းပွင့်လျက် ထွက်ကျနေသောအူများကို လက်တစ်ဖက်ဖြင့် ပွေ့ထားသောသရဲ ရောက်လာပြီး. . .

"ငါ့ဟာပြန်ပေး. . . ငါ့ပစ္စည်းပြန်ပေး"

နှင့် တစ်ညလုံး ခြောက်လှန့်တတ်ပြီး မိုးလင်းကာနီးအချိန်ရောက်မှ ကွယ်ပျောက်သွားပေသည်။

နှစ်ယောက်သား ကြောက်ကြောက်လန့်လန့်နှင့် ထွက်ပြေးကြရာ နသိရဥ္စဇရွာနှင့် နီးလာသောအခါ မာရစ်စိတ်ထဲမှာ အတွေးတစ်မျိုး ဝင်လာလေသည်။

အခြားမဟုတ်ပေ. . .။

ထိုမျှ အရည်အသွေးကောင်းပြီး တန်ဖိုးကြီးမားသော ပတ္တမြားကြီးအား မြို့သို့ သွားရောက်ရောင်းချပါက ငွေကြေး



www.burmeseclassic.com

www.burmeseclassic.com



မြောက်မြားစွာ ရရှိမည်ကို တွက်ဆမိသည်။

ထိုငွေများဖြင့် သူ့ဘဝကို ထူထောင်လျှင် ဆင်းရဲတွင်းမှ လွတ်ကာ လူချမ်းသာဘဝကို ချက်ချင်းရောက်နိုင်မည်ကိုလည်း တွေးမိသည်။

သို့ကြောင့် ပတ္တမြားနှင့် ပတ်သက်သော ဝေစုကို အဖော်ဖြစ်သော ထွန်းဇကို ခွဲမပေးချင်တော့ပေ။

ထိုသို့ စိတ်ရိုင်းများ ဝင်လာသောအခါ ထွန်းဇအပေါ်မှာ အကောက်ကြံလေတော့သည်။

ထိုသို့ အကြံအစည်ဝင်လာသည်နှင့် အခွင့်ကောင်းကို ချောင်းနေလေသည်။

တစ်ညတွင် ထွန်းဇ အိပ်ပျော်ချိန်ကို စောင့်ပြီး အိပ်ပျော်သွားသည်နှင့် ကျောက်တုံးတစ်တုံးကို ယူပြီး ခေါင်းကို ထုချလိုက်သည်။

"ကဲကွာ. . ."

"အား. . ."

ထို့နောက်တွင်မှ သေချာအောင် ခါးထဲမှာ ပါလာသော ဓားမြှောင်ဖြင့် ရင်ဝကို နှစ်ချက်သုံးချက် စိုက်ချလိုက်သည်။ ပြီးလျှင် ပတ္တမြားကို ယူပြီး ထွက်ပြေးသွားလေတော့သည်။ ဦးခေါင်းကို ကျောက်တုံးဖြင့် အထုခံရရုံမက ရင်ဝကို ဓားဖြင့် အထိုးခံရသော ထွန်းဇမှာ မသေသေးဘဲ အသက်ငွေ့ငွေ့ ကျန်နေသေးသည်။





အချိန်ကလည်း တောတွင်း၌ မည်းမှောင်နေဆဲပင် ရှိသေး၏။ ထွန်းဇမှာ ဒဏ်ရာဒဏ်ချက်များက ပြင်းထန်သောကြောင့် နေရာမှ မထနိုင်တော့ဘဲ တအင်းအင်းနှင့်သာ ညည်းညူနေရသည်။ ထိုအခိုက်မှာပင် သူရှိရာသို့ တရွေ့ရွေ့ လာနေသော မည်းမည်းသဏ္ဍာန်ကို လှမ်းမြင်ရသည်။

သစ်ကိုင်းသစ်ခက်များ လှုပ်ရှားလာသည်ကို အရင်မြင်နေရပြီးမှ ထိုသဏ္ဍာန်ကို တွေ့ရခြင်းဖြစ်၏။

ပထမတော့ မာရစ်များ တကျော့ပြန်လှည့်လာလေသလားဟု ထင်ကာ စိတ်ပူသွားသည်။

အနားရောက်လာတော့မှ မဟုတ်မှန်း သိရသည်။

အမွှေးများကို လက်တစ်ဖက်နှင့် ပွေ့ထားသော မည်းမည်းသဏ္ဍာန်ကြီးပင်ဖြစ်သည်။

ထိုသဏ္ဍာန်က ထွန်းဇနားမှာ ရပ်ပြီး အတန်ကြာအောင် ငုံ့ကြည့်နေသည်။ ထိုအခိုက်အတန့်လေးမှာ ထွန်းဇတစ်ယောက် အသက်မရှူဝံ့အောင် ထိတ်လန့်နေတော့သည်။

အတန်ကြာတော့ မည်းမည်းသဏ္ဍာန်က သူ့အနီးမှ ပြန်လှည့်ထွက်သွားလေသည်။

ထွန်းဇလည်း ဒဏ်ရာက ပြင်းသဖြင့် သတိမေ့သွားလေတော့သည်။

နောက်တစ်ကြိမ် သတိပြန်ရလာသောအခါ ဦးခေါင်းနှင့် ကိုယ်ပေါ်မှ ဓားဒဏ်ရာများက နာကျင်ကိုက်ခဲနေသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့ကိုယ်သူ အသက်မသေမှန်း သတိပြုမိလေသည်။

"ငါဘယ်ရောက်နေတာပါလိမ့်"

ဟု တွေးတောကာ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ သူရောက်နေသောနေရာမှာ ကျောက်ဂူတစ်ဂူအတွင်း၌ ဖြစ်မှန်း သိရလေသည်။ သူနှင့် မနီးမဝေးမှာလည်း မီးပုံတစ်ခုရှိသည်။

မီးဖိုမှ အပူငွေ့များက ခံစားနေသော ဝေဒနာများကို အတန်အသင့် သက်သာမှု ရစေသည်။

ထို့နောက် ပြန်လည်အိပ်ပျော်သွားပြန်သည်။

နောက်တစ်ကြိမ် သတိရလာသောအခါ ဒဏ်ရာဒဏ်ချက်များမှ နာကျင်မှုဝေဒနာများ အတော်အသင့် လျော့ပါးနေလေပြီ၊ ဒီတစ်ကြိမ် သတိပြန်ရလာသောအခါ သူ့အနီးသို့ လူတစ်ယောက် ရောက်လာလေသည်။

မော့ကြည့်လိုက်သောအခါ ယောဂီကြီးတစ်ယောက် ဖြစ်မှန်း သိရလေသည်။

ဖြူဖွေးသော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများအပြင် ဆံပင်များကပါ ပခုံးပေါ် အထိ ဝဲကျနေသည်။ ပါးလွှာသောဝတ်ရုံကို ခြုံထားသည်။

"သင်သတိရလာပြီလား"

"ကျွန်တော်ဘယ်ရောက်နေတာလဲ"

"ကျွန်ုပ်နေတဲ့ဂူထဲ ရောက်နေတာပါ၊ သင့်အတွက် အသက်အန္တရာယ် မရှိတော့ပါဘူး"





"ကျွန်တော့်အသက်ကို အခုလို ကယ်တင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ယောဂီကြီး"

"ကျွန်ုပ်ကို ကျေးဇူးတင်ရမှာထက် သင့်အကြောင်းကို လာပြောပြတဲ့ ဝိညာဉ်ကိုပဲ ကျေးဇူးတင်ရမှာပါ"

ထိုစကားကြောင့် စိတ်ထဲမှာ အံ့ဩသွားမိသည်။

"ဝိညာဉ်ဟုတ်လား. . . ဘယ်က ဝိညာဉ်လဲဟင်"

"သင်တို့ သတ်ဖြတ်လိုက်တဲ့ ဆာဒူးကြီးရဲ့ဝိညာဉ်ပဲပေါ့"

"ဟင်. . ."

"သင်တို့ ဆာဒူးတစ်ယောက်ကို သတ်ဖြတ်ခဲ့တယ် မဟုတ်လား"

ထွန်းဇော်မှာ မငြင်းသာတော့သောကြောင့် အမှန်အတိုင်း ဝန်ခံလိုက်ရလေသည်။

"ဟုတ်. . . ဟုတ်ပါတယ်"

"သင်တို့က ဆာဒူးကို သတ်လိုက်တဲ့အတွက် ဆာဒူးကျိန်စာသင့်နေကြတယ်၊ အမှန်တော့ အဲဒီဆာဒူးကလည်း မလုပ်အပ်တဲ့အရာတစ်ခုကို လုပ်ခဲ့တဲ့အတွက် နတ်ဘုရားကျိန်စာသင့်နေတဲ့လူပဲ၊ သူ့ဆီက သင်တို့ ယူခဲ့တဲ့ပတ္တမြားက အခြားမဟုတ်ဘူး၊ နတ်ဘုရားရုပ်ထုရဲ့မျက်လုံးတစ်ဖက်ပဲ"

ထိုစကားကြောင့် များစွာထိတ်လန့်တုန်လှုပ်သွားလေသည်။ ထိုပတ္တမြားနှင့် စပ်လျဉ်း၍ ကြောက်မက်ဖွယ်ကောင်းသော အဖြစ်အပျက်များကိုလည်း ပြန်သတိရလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆာဒူးကြီးကလည်း သူပြုခဲ့တဲ့အကုသိုလ်ကံအတိုင်း အသက်သေခဲ့ရပြီ၊ သင်တို့ထဲကလည်း တစ်ယောက် အသေဆိုးနဲ့ သေခဲ့ရပြီမဟုတ်လား"

"မှန်ပါတယ်. . ."

"အခုလည်း ဆာဒူးကြီးရဲ့ဝိညာဉ်က ကျွန်ုပ်ထံ ရောက်လာပြီး သင့်အသက်ကို ကယ်ပေးဖို့ အကူအညီလာတောင်းခဲ့တယ်"

"ဘာကြောင့်လဲဟင်"

"တကယ်လို့ သင်သေသွားခဲ့ရင် ပတ္တမြားနဲ့ သက်ဆိုင်တဲ့လူတွေကို ကလဲ့စားချေခွင့် ရတော့မှာ မဟုတ်ဘူး၊ သင်အသက်ပြန်ရှင်မှ သက်ဆိုင်တဲ့လူတွေကို ကလဲ့စားချေရမှာ မဟုတ်လား၊ ကျွန်ုပ်ကတော့ လူတစ်ယောက်အသက်ကို ကယ်လိုက်တာပါပဲ၊ ကျန်တဲ့ သံသရာကြွေးပါမယ့်ကိစ္စကိုတော့ ကျွန်ုပ်မသိပါဘူး၊ ဒါက သင်တို့နဲ့ သက်ဆိုင်တဲ့အပိုင်းပဲဖြစ်ပါတယ်"

ဟု ပြောဆိုကာ ထွန်းဇံကိုယ်နှင့် ဒေါင်းပေါ်မှ ဒဏ်ရာများကို ဆေးကုသပေးလေသည်။

ထွန်းဇံစိတ်ထဲမှာတော့ ဆန်းကြယ်လှသော ဝိညာဉ်လောကသားများအကြောင်းကို တွေးတောနေမိလေသည်။





အခန်း(၆)

# ဖောက်ပြန်သူ့ဝိညာဉ်၏ကြမ္မာဆိုး

ဝိညာဉ်မျက်လုံးဟု အမည်ပေးထားသော ပတ္တမြားကြီးကို ယူဆောင်သွားသော မာရစ်မှာ လမ်းတစ်လျှောက်လုံး အန္တရာယ်အမျိုးမျိုးနှင့် တွေ့ရလေသည်။

နောက်ဆုံး တောထဲတွင် ဝက်ဝံဖြူတစ်ကောင်နှင့် ဝက်ပင်းတိုးသဖြင့် အသက်မသေအောင် ပြေးနိုင်ခဲ့သော်လည်း လူတစ်ကိုယ်လုံး ဝက်ဝံကုတ်သော ဒဏ်ရာဒဏ်ချက်များ ပြင်းထန်စွာ ရသွားလေသည်။

နောက်ဆုံး ဆက်မပြေးနိုင်တော့သဖြင့် သစ်ပင်ခြေရင်း၌ ဝင်ရောက်နားစဉ် သတိမေ့လဲသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသတိပြန်ရလာသောအခါ ဒဏ်ရာဒဏ်ချက်များ အရှိန်ကြောင့် ဖျားနေလေပြီ။

မာရစ်မှာ တစ်ယောက်တည်း ဘယ်လိုမှ ခရီးမဆက်နိုင်ဘဲ ဒုက္ခတွေ့နေစဉ် တောတက်လာသော အဘိုးကြီးတစ်ယောက်နှင့် မိန်းကလေးက ကံအားလျော်စွာ တွေ့သဖြင့် ရွာသို့ ခေါ်သွားကာ ကုသပေးသဖြင့် ဒဏ်ရာဒဏ်ချက်များ ပျောက်ကင်းသွားလေသည်။

သို့သော်လည်း ငှက်ဖျားရောဂါစွဲနေပြီဖြစ်သောကြောင့် တော်တော်နှင့် မပျောက်နိုင်အောင်ရှိနေတော့သည်။

"ကျွန်တော့်ကို အခုလို ကယ်တင်ပေးတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်နေကောင်းလာရင် အဘတို့ရဲ့ကျေးဇူးကို ပြန်ဆပ်ပါ့မယ်"

"မလိုပါဘူး မောင်ရယ်၊ ကယ်ထိုက်လို့ ကယ်ပေးရတာပဲ၊ ငါတို့က ဘယ်လိုမှ သဘောမထားပါဘူး၊ ဒါထက် မင်းက ဘယ်မှာ နေတာလဲ"

မာရစ်က ပါးစပ်ထဲ တွေ့သော နာမည်တစ်ခုကို ပြောလိုက်သည်။

"ဒါထက် မင်းနာမည် ဘယ်သူလဲ"

"မာလပါ"

နာမည်ကို လွှဲပြောလိုက်သည်။

"မင်းက တစ်ယောက်တည်း ဘယ်သွားလို့ ဘယ်လာမှာ





လဲ"

"ကျွန်တော်က မြို့သွားပြီး အလုပ်ကလေးဘာလေး ရှာမလို့ပါ အဘ"

"အေး. . . ဒီလိုဆိုရင်လည်း ရောဂါပျောက်မှပဲ ခရီးဆက်ချင်ဆက်ပေါ့ကွယ်၊ ဒီမှာတော့ ဘာမှအားနာစရာ မလိုပါဘူး"

ဤသို့ဖြင့် မာရစ်တစ်ယောက် ထိုအိမ်မှာ ဆက်နေရသည်။ ငှက်ဖျားရောဂါဆိုသည်မှာ စွဲမိလျှင် ကုသရတာ ခက်လှသဖြင့် သူ့ရောဂါမှာ အမြစ်မပြတ်နိုင်သောကြောင့် ထိုအိမ်မှာပင် ဆက်နေရသည်။

သူနေသောအိမ်မှာ မိသားစုသုံးယောက်ရှိသည်။

အဘိုးကြီးနာမည်က ဦးကိတ္တိဖြစ်ပြီး သမီးဖြစ်သူက မာရီဖြစ်သည်။

မာရီယောကျ်ားမှာ ဂျာဟစ်ဆိုသူဖြစ်သည်။

ထိုသူမှာ အသက်သုံးဆယ်အရွယ်ခန့်ဖြစ်ပြီး သားသတ်သမားတစ်ဦးဖြစ်သည်။

၎င်းက မာရစ်ကို အိမ်ပေါ် ခေါ်တင်ပြီး ကျွေးမွေးထားသည်ကို သိပ်မကျေနပ်ပေ။

အထူးသဖြင့် သူ့မိန်းမကို စိတ်မချခြင်းဖြစ်ပေသည်။

ဂျာဟစ်က အလုပ်ရှိသောနေရာသို့ ညအိပ်ညနေ သွားရသဖြင့် အရွယ်ကောင်းပြီး ရုပ်ရည်ကလေး အသင့်အတင့် ရှိသော မိန်းမ

www.burmeseclassic.com



ဖြစ်သူကို မာရစ်နှင့် စိတ်မချပေ။

သို့သော်လည်း ယောက္ခမဖြစ်သူက ခေါ်ထားသော ကြောင့် မပြောသာပေ။

ရှင်းအိမ်သို့ ပြန်ရောက်လာလျှင် နှစ်ယောက်စလုံးကို မသက်သာသောအကြည့်မျိုးဖြင့် အကဲခတ်ကာ ကြည့်လေ့ရှိသည်။

"အဘိုးကြီးကလည်း ဘယ်ကလာပြီး ဘယ်သွားမှန်း မသိတဲ့ အခြေအမြစ် မရှိတဲ့လူကို အိမ်ပေါ်မှာ အလကား တင်ကျွေးထားတယ်"

ဟု မကြားတကြား ပြောသည်။

ရှင်းမိန်းမဖြစ်သော မာရီကိုလည်း နှစ်ယောက်ချင်း တွေ့သည့်အခါ ပြောသည်။

"နင် အနေအထိုင် ဆင်ခြင်နော်၊ ဟိုလူနဲ့ နေတာထိုင်တာ ငါသိပ်မကြိုက်ဘူး"

"ကျုပ်က ဘယ်လိုနေလို့လဲ"

"ဘာကြောင့် သူ့ကို ပြုစုပေးနေရတာလဲ"

"အို. . . ဒါကတော့ အဘပြုစုခိုင်းလို့ ပြုစုပေးရတာပေါ့"

"အေး. . . ငါ့မျက်စိထဲမှာ အမြင်မတော်ရင်တော့ နင်တို့နှစ်ယောက်စလုံး ဖက်ပြတ်ပြီသာ မှတ်ပေတော့"

ဟု န္တားသတ်ရာတွင် အသုံးပြုသော ဓားကောက်ကြီးကို မြှောက်ပြကာ ကြိမ်းမောင်းပြောဆိုလေသည်။





ဂျာဟစ် အထင်လွဲမည်ဆိုလည်း အထင်လွဲစရာပေ။

မာရီဆိုသောမိန်းမမှာ မာရစ် အိမ်ပေါ် ရောက်လာကတည်းက ကြိတ်၍စိတ်ဝင်စားနေလေသည်။

လူကို စိတ်ဝင်စားသလို မာရစ်နှင့်အတူပါလာသော အထုပ်ကိုလည်း စိတ်ဝင်စားနေလေသည်။

ထိုအထုပ်ကို မာရစ်တစ်ယောက် သတိမေ့နေစဉ် ဆေးကုပေးရာ၌ တွေ့မြင်ခဲ့ရခြင်းဖြစ်၏။

သို့သော် အထုပ်ထဲမှာ ဘာပစ္စည်း ပါမှန်းတော့ မသိရပေ။ မာရစ်တစ်ယောက် ထိုအထုပ်ကို လက်က မချဘဲ ဂရုစိုက်မှန်းတော့ ရိပ်မိသည်။

ရေချိုးသွားလျှင်လည်း ယူသွား၊ နောက်ဆုံး အပေါ့အပါး သွားလျှင်ပင် ထိုအထုပ်ကို ခါးကြားက မချဘဲ ယူသွားလေ့ရှိသည်။

တစ်နေ့ အဘိုးကြီးလည်း အိမ်မှာမရှိ၊ ယောကျ်ားဖြစ်သူ ဂျာဟစ်မှာလည်း အခြားရွာတစ်ရွာသို့ န္တားသတ်သွားနေသဖြင့် အိမ်မှာ နှစ်ယောက်တည်း ကျန်သောအခါ မာရီက ဒဏ်ရာများကို ဆေးထည့်ပေးရင်း မေးသည်။

"ကိုမာလ. . . ကျွန်မတို့ဆီမှာ နေရတာ အဆင်ပြေရဲ့လားဟင်"

"ပြေပါတယ်. . . ကျွန်တော့်အသက်ကို အခုလို ကယ်ဆယ်ပေးထားတာ ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မာရီက မာရစ်ကျောဘက်မှ ဒဏ်ရာများကို ပူးပူးကပ်ကပ် ပြုစုပေးရင်း မေးသည်။

"ဒဏ်ရာတွေ ပျောက်သွားရင် ကိုမာလ ဘယ်ကို သွားမှာလဲဟင်"

"မြို့ကို သွားဖို့တော့ စိတ်ကူးထားတာပါပဲ"

မာရီက မာရစ်ခါးကြားမှာ အမြဲထည့်ထားသော အထုပ်အကြောင်းကို မေးချင်သော်လည်း စိတ်ကို ချုပ်တည်းထားရသည်။

"ကိုမာလကို ကျွန်မ အကူအညီတောင်းစရာတစ်ခု ရှိလို့ပါ"

"ပြောလေ မာရီ၊ မာရီတို့က ကျွန်တော့်ရဲ့ကျေးဇူးရှင်တွေပဲ၊ တတ်နိုင်တဲ့အကူအညီမျိုးဆိုရင် ပေးရမှာပေါ့"

ထိုသို့ပြောလိုက်သောအခါ မာရီက သူ့ကျောဘက်မှ သိုင်းဖက်ထားလိုက်လေသည်။

"ဟင်. . .မာရီ ဘယ်လိုလုပ်တာလဲ၊ တော်ကြာ အဘပြန်လာလို့ပဲဖြစ်ဖြစ်၊ မာရီယောကျ်ားပဲဖြစ်ဖြစ် ပြန်လာလို့ မြင်သွားရင် မသင့်တော်ပါဘူး"

"မစိုးရိမ်ပါနဲ့ ကိုမာလရယ်၊ အဘကလည်း မိုးချုပ်မှ ပြန်ရောက်မယ်၊ ဂျာဟစ်ကတော့ ဟိုရွာမှာ အရက်မူးအောင်သောက်ပြီး နောက်တစ်နေ့မှ ပြန်လာမှာပါ။

ကျွန်မအကူအညီတောင်းမှာ တခြားမဟုတ်ပါဘူး





ကိုမာလ ဒီကသွားရင် ကျွန်မကိုပါ တစ်ပါတည်း ခေါ်သွားပါလားဟင်"

ထိုစကားကြောင့် မာရစ်တစ်ကိုယ်လုံး ထူပူသွားလေသည်။

"အို. . . မဖြစ်နိုင်ပါဘူး၊ တော်ကြာ မာရီယောကျ်ားသိသွားရင် နောက်က လိုက်လာပြီး သတ်လိမ့်မယ်"

"အို. . . ဒီအတွက် ဘာများ ပူစရာရှိသလဲ၊ သူ့လက်ကလွတ်အောင်ပြေးရင် ပြီးတာပဲဟာ၊ သူကလည်း အရက်သောက်နေရရင် ကျွန်တာကို စိတ်ဝင်စားတာမှ မဟုတ်တာ၊ ကျွန်မကို မသနားဘူးလားဟင်"

ဟု မိန်းမတို့မာယာဖြင့် ဖြားယောင်းပြောဆိုလေသည်။ မာရစ်မှာလည်း နောက်ဘက်မှ သိုင်းဖက်ထားသော မာရီ၏အတွေ့အထိကို မလွန်ဆန်နိုင်အောင်ဖြစ်နေပြီး တစ်ကိုယ်လုံး ထူပူနေတော့သည်။

"မင်းယောကျ်ားကို မင်းချစ်လို့ ယူထားခဲ့တာ မဟုတ်ဘူးလား မာရီ"

"အို. . . လုံးဝမဟုတ်ဘူး၊ လူကြီးတွေ အတင်းမေးစားလို့သာ မလွှဲသာလို့ ယူလိုက်ရတာ၊ ကျွန်မ သူ့ကို လုံးဝမချစ်နိုင်ဘူး၊ ရှေးဘဝက ရေစက်ကြောင့်ပဲလား မသိဘူး၊ ကိုမာလကို မြင်မြင်ချင်းပဲ စိတ်ထဲက နှစ်သက်သဘောကျနေတာ၊ ကိုမာလသွားရင် ကျွန်မကို တစ်ခါတည်း ခေါ်သွားပါနော်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပွတ်သီးပွတ်သပ် လုပ်ကာ ပြောဆိုလေရာ မာရစ်မှာ တင်းမခံနိုင်တော့ဘဲ မာရီ၏ကိုယ်လုံးလေးကို တင်းတင်းကြပ်ကြပ် ပြန်ဖက်ထားလိုက်လေတော့သည်။

နောက်ပိုင်းရက်များမှာတော့ အဘိုးကြီးနှင့်ဂျာရစ်တို့ မရှိကြသည့် အိမ်မှာ နှစ်ယောက်တည်း ကျန်သည့်အချိန်တွင် လွတ်လွတ်လပ်လပ် ချစ်စခန်း ဖွင့်ကြလေသည်။

မာရစ်မှာလည်း ဒဏ်ရာများ သက်သာပြီး ငှက်ဖျားရောဂါလည်း သက်သာသွားပြီဖြစ်သော်လည်း မာရီ၏မာယာကွန်ယက်ထဲမှာ မိနေသောကြောင့် ရှေ့သို့ ခရီးမဆက်နိုင်ဘဲ ရှိနေလေသည်။ ထိုအခြေအနေကို ယောက်ျားဖြစ်သူ ဂျာဟစ်က အတန်အသင့် ရိပ်မိသော်လည်း ဘာတစ်ခွန်းမှ မပြောဘဲ အံတကြိတ်ကြိတ်နှင့် ရှိနေလေသည်။

အိမ်မှာ ရှိနေသည့်အချိန်တွင် ဘယ်သူနှင့်မှ စကားမပြောဘဲ နွားလည်လှီးရာတွင် အသုံးပြုသည့် ဓားကောက်ကြီးကိုသာ မြနေအောင် သွေးနေတော့သည်။

မာရစ်တို့နှစ်ယောက်ကတော့ အချစ်နယ်ကျွံခဲ့ပြီးနောက်တွင် အခြားဘာမှ ဂရုမပြုမိဘဲ ရှေ့ခရီးအတွက်သာ တိုင်ပင်ဆွေးနွေးကြသည်။

"ကိုမာလ"

"ဘာလဲ မာရီ"

"ကျွန်မကို တကယ်ချစ်သလားဟင်"





"ချစ်တာပေါ့ မာရီရဲ့. . . မာရီရောဟင်"

"ချစ်တာပေါ့. . . ချစ်လို့ တစ်ကိုယ်လုံး ပုံအပ်ထားတာပဲ၊ အခုချိန်အထိ မယုံသေးဘူးလား"

"ယုံပါပြီဗျာ. . . ယုံပါတယ်"

"ဒါဖြင့် မာရီမေးတာကို မှန်မှန်ဖြေမလားဟင်"

"ဘာမေးမှာလဲ. . . မေးလေ"

"တခြားတော့ မဟုတ်ပါဘူး၊ ကိုမာလ ခါးကြားထဲမှာ အမြဲထည့်ထားတဲ့အိတ်ထဲမှာ ဘာရှိသလဲဟင်"

"မသိချင်ပါနဲ့ မာရီရယ်"

"ဘာလဲ. . . ကိုမာလက ကျွန်မကို မယုံလို့ မပြောတာလား၊ ဒီလိုဆိုရင် ကျွန်မချစ်သလို တကယ်မချစ်ဘူး မဟုတ်လား"

"ချစ်ပါတယ် မာရီရယ်၊ ဒါပေမယ့် ဒီအကြောင်းကိုတော့ မပြောပါရစေနဲ့"

"အို. . . မရဘူး၊ မာရီကို တကယ်ချစ်ရင်တော့ အမှန်အတိုင်း ပြောပြရမှာပဲ"

ဟု အတင်းအဓမ္မ ပူဆာသဖြင့် နောက်ဆုံးမတတ်သာတော့ဘဲ ပတ္တမြားအကြောင်းကို ပြောပြလိုက်ရလေသည်။

ထိုအကြောင်းကို သိရသောအခါ မာရီမျက်နှာလေးမှာ ဝင်းပသွားလေတော့သည်။

"ဒါဖြင့် ကိုမာလ မြို့ကို သွားမှာ အဲဒီပတ္တမြားကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ရောင်းချဖို့ သွားမှာပေါ့နော်"

"ဟုတ်တယ် မာရီရဲ့၊ ဒီပတ္တမြားကြီးကို ရောင်းပြီးရင် ကိုယ်နဲ့ မာရီတို့နှစ်ယောက် တစ်သက်လုံး မပူမပင်ရတဲ့ဘဝနဲ့ နေကြရတော့မှာ"

"ဒါဖြင့် အဲဒီပတ္တမြားကို မာရီကို ခဏပြပါလားဟင်၊ မြင်ဖူးတယ်ရှိအောင် ကြည့်ချင်လို့ပါ"

ဟု အတင်းပူဆာသဖြင့် နောက်ဆုံးထုတ်ပြလိုက်ရသည်။ မာရီက ပတ္တမြားကို လောဘဇောတက်နေသောမျက်နှာဖြင့် အပြန်ပြန်အလှန် လှန်ကြည့်နေသည်။

"အမယ်လေး. . ."

ထိုသို့ကြည့်နေရင်းမှ အလန့်တကြား အော်ဟစ်ကာ ပတ္တမြားကို လွှတ်ချလိုက်လေသည်။

"ဘာဖြစ်လို့လဲ မာရီ. . . ဘာဖြစ်လို့လဲ"

"ပတ္တမြားထဲက မျက်လုံးကြီးတစ်လုံး ကျွန်မကို ပြူးကြည့်နေတယ်၊ အမယ်လေး. . . ကြောက်စရာကောင်းလိုက်တာ"

ဟု ပြောဆိုကာ နောက်ထပ် ပတ္တမြားကို မကိုင်ဝံ့တော့ပေ။ မာရစ်လည်း စိတ်ထဲမှာ ထင့်ကနဲဖြစ်သွားပြီး ပတ္တမြားကို အိတ်ထဲ ပြန်ထည့်ကာ ခါးကြားထဲမှာ ပြန်သိမ်းလိုက်သည်။

တစ်နေ့တော့ ဂျာဟစ်က ပြောသည်။

"မာရီ. . ငါ သုံးညအိပ်လောက် ခရီးထွက်စရာ ရှိတယ်"

"ဘာသွားလုပ်မှာလဲ"





"ငါ့အလုပ်က သားသတ်တဲ့အလုပ်ပဲ၊ နွားသတ်ဖို့ သွားရမှာပေါ့၊ ဒီမှာ ဓားသွေးထားတာ မမြင်ဘူးလား၊ ခေါင်းမွှေးတောင် ရိတ်ချလို့ရတယ်၊

နွားလည်ပင်းသာ ဆွဲလိုက်လို့ကတော့ တစ်ချက်တည်းနဲ့ တိကနဲ ပြတ်ကျသွားနိုင်တယ်"

ဟု ပြောကာ အရောင်တလက်လက်ထနေသော ဓားကောက်ကြီးကို မာရီမျက်နှာရှေ့သို့ ဝဲပြရာ အလန့်တကြား နောက်သို့ ဆုတ်လိုက်ရသည်။

ထိုအမူအယာကို ကြည့်ပြီး ဂျာဟစ်က သဘောကျစွာဖြင့် ရယ်လိုက်သည်။

သူ့မျက်နှာမှာ တစ္ဆေသရဲ စီးနေသည့်ပမာ ကြောက်မက်ဖွယ်ကောင်းနေသည်။

"ဒီက မိတ်ဆွေကိုလည်း မှာခဲ့ပါရစေဗျာ၊ ကျုပ်မရှိတုန်း ကျုပ်မိန်းမကို စောင့်ရှောက်ပေးလိုက်ပါ"

မာရစ်ကို မျက်ထောက်နီကြီးနှင့် ကြည့်ကာ လှမ်းပြောသဖြင့် ရောယောင်၍ ခေါင်းညိတ်ပြလိုက်ရလေသည်။

ထို့နောက်တွင် ဂျာဟစ်သည် ဓားကောက်ကြီးကို ထမ်းကာ အိမ်ပေါ်မှ ဆင်းသွားလေတော့သည်။

ထိုအခါမှပင် မာရီတို့နှစ်ယောက်မှာ သက်ပြင်းချနိုင်ပြီး အသက်ဝအောင် ရှူနိုင်ကြတော့သည်။

"သူ့ကြည့်ရတာ ကိုယ်တို့နှစ်ယောက်ရဲ့အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ရိပ်မိနေတဲ့ပုံမျိုးပဲ”

“အို. . . ရိပ်မိတော့လည်း ဘာအရေးလဲ၊ အခု သူ ရက်ကြာကြာ ခရီးသွားတော့ ကျွန်မတို့အတွက် အခွင့်အရေးပဲပေါ့။ သူပြန်မရောက်လာခင် ကျွန်မတို့ ထွက်ပြေးကြရင် မကောင်းဘူးလား”

“အင်း. . . ဒါလည်း ကောင်းတာပဲ”

ထိုရက်ထဲမှာမှ ဦးကိတ္တိကလည်း ဘုရားပွဲ ကျင်းပရန် အလုပ်ရှုပ်နေသဖြင့် ဘုရားကျောင်းမှာပင် ရှိနေပြီး ပြန်မလာပေ။ သို့ကြောင့် မာရစ်တို့နှစ်ယောက်မှာ လွတ်လွတ်လပ်လပ် အခွင့်အရေး ရကာ ပျော်ချင်တိုင်း ပျော်နေကြလေသည်။

ညဥ့်နက်ပိုင်းအချိန်ရောက်သောအခါ ရွာထဲမှ ခွေးဟောင်သံများ စူးစူးဝါးဝါး ပေါ်ထွက်လာသည်။

ခဏကြာတော့ မာရီတို့ တဲနောက်ဘက်သို့ မည်းမည်းသဏ္ဌာန်ကြီး ချဥ်းကပ်လာနေသည်။

ထိုသို့ချဥ်းကပ်လာနေသည်ကို အိပ်ခန်းထဲမှာ အပျော်လွန်နေသော မာရစ်တို့နှစ်ယောက်မှာ သတိမထားမိလိုက်ကြပေ။ မကြာခင်မှာပင် တဲပေါ်သို့ တက်လာသော ခြေသံကြီးကို ကြားလိုက်ရသည်။

ပထမတော့ ဦးကိတ္တိ ပြန်လာသည်ဟု ထင်လိုက်ကြသည်။ အခန်းပေါက်ဝသို့ မားမားကြီး လာရပ်တော့မှ မဟုတ်မှန်း သိရလေတော့သည်။





“ဟင်. . .”

အခြားမဟုတ်ပေ. . .။

ဓားကောက်ကြီး ကိုင်ထားသော ဂျာဟစ်ပင်ဖြစ်တော့သည်။

“ဟင်. . . ဂျာဟစ်”

မာရီက ဖရိုဖရဲဖြစ်နေသော အဝတ်များကို ကောက်ဝတ်လိုက်သည်။ သူ့ဘေးမှ မာရစ်ကလည်း လူးလဲထသည်။

အခန်းပေါက်ဝမှာ ဂျာဟစ်က ပိတ်ရပ်နေသောကြောင့် ပြေးပေါက်ပိတ်နေသည်။

“ဖောက်ပြန်တဲ့မိန်းမ. . . အခုတော့ ဘာပြောင်းဦးမလဲ”

“ကျွန်မကို အထင်မလွဲပါနဲ့ ကိုဂျာဟစ်ရယ်၊ ကျွန်မစိတ်ပါလို့ အခုလို ဖြစ်ရတာ မဟုတ်ပါဘူး၊ အိမ်မှာ ဘယ်သူမှ မရှိတုန်း အခန်းထဲကို ဝင်လာပြီး အတင်းအဓမ္မ ကြံစည်လို့သာ အခုလို ဖြစ်ရတာပါ၊ အသက်ကို ချမ်းသာပေးပါရှင်”

ဟု ဂျာဟစ်ရှိရာသို့ သွားကာ ခြေသလုံး ဖက်ကာ တောင်းပန်လေသည်။

ထိုအခါ ဂျာဟစ်က ထွေထွေထူးထူး ပြန်မပြောမနေတော့ဘဲ ခြေထောက်ကို ဖက်၍တောင်းပန်နေသော မာရီ၏ ဆံပင်ကို လက်ဖြင့် ပတ်ကာ ဆွဲယူလိုက်သည်။

ထိုသို့ပါလာသောအခါ လက်ထဲမှ ဓားကောက်ဖြင့် လည်ပင်းကို ဖြတ်ချလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မာရီမှာ တစ်ချက်ကလေးမှပင် မအော်နိုင်ဘဲ ခေါင်းပြတ်သွားတော့သည်။

သို့သော် သူမလက်နှစ်ဖက်က ဂျာဟစ်၏ခြေထောက်နှစ်ချောင်းကို သိုင်းဖက်ထားလေသည်။

မာရစ်မှာ ထိုအခွင့်အရေးကို လက်လွတ်မခံဘဲ နေရာမှ 'ဝုန်း' ကနဲ ထကာ ထွက်ပြေးလေတော့သည်။

ဂျာဟစ်က နောက်မှ ဓါးဖြင့် လှမ်းခုတ်လိုက်သော်လည်း အနည်းငယ်သာ ထိသွားလေသည်။

အပြင်ရောက်သည်နှင့် အသံကုန် ဟစ်အော်လေသည်။

"မာရီကို ဂျာဟစ် သတ်လိုက်ပြီဗျို့ လုပ်ကြပါဦး. . . ကယ်ကြပါဦး"

ဟု အော်ဟစ်အကူအညီတောင်းသဖြင့် ရွာသားများရောက်လာကြလေတော့သည်။

ဂျာဟစ်မှာလည်း ခေါင်းမရှိတော့သော်လည်း မာရီ၏ လက်နှစ်ဖက်က သူ့ခြေထောက်ကို သိုင်းဖက်ထားရာ ဘယ်လိုမှ ခွာချ၍ မရသဖြင့် ပြေး၍မရတော့သောကြောင့် ရွာသားများ၏ ဝိုင်းဝန်းဖမ်းဆီးခြင်းကို ခံလိုက်ရလေတော့သည်။





## အခန်း(၇)

## မြေပုံအစွန်းမှ ထလောလော ခေါင်းပြတ်အလောင်း

သေဘေးကြုံရသောကြောင့် ပြေးမိပြေးရာ ပြေးသွားသော မာရစ်မှာ နောက်ဆုံးတော့ တောစပ်တစ်နေရာတွင် ဆောက်ထားသော တဲတစ်လုံး ရှိရာသို့ ရောက်သောအခါ အမောလွန်ကာ လဲကျသွားလေတော့သည်။

ထိုတဲရှိသောရွာမှာ သူထွက်ပြေးလာသောရွာနှင့် မဝေးလှပေ၊ အချိန်မည်မျှကြာအောင် သတိမေ့သွားသည် မသိပေ။

သူသတိပြန်ရလာသောအခါ တဲအတွင်းနှင့် ပတ်ဝန်း

www.burmeseclassic.com



ကျင်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းနေချေပြီ။

မလှမ်းမကမ်းမှာ မီးတိုင်တစ်တိုင် ထွန်းထားသော ကြောင့် ပတ်ဝန်းကျင်ကိုတော့ မြင်ရသည်။

မာရစ်က ကပျာကယာ ထလိုက်သည်။

ထိုအခါမှ သူ့လက်နှစ်ဖက်ကို ကြိုးဖြင့် ချည်ထား ကြောင်း သိရသဖြင့် များစွာထိတ်လန့်သွားလေသည်။

ခဏကြာတော့ ဆံပင်ရှည်ရှည်နှင့် မုတ်ဆိတ်မွေး၊ ပါး သိုင်းမွေးများ ရှည်လျားစွာ ရှိနေသော အဖိုးကြီးတစ်ယောက် ဝင်လာသည်။

"ကျုပ်ကို ဘာကြောင့် ဖမ်းထားတာလဲ. . . ပြန်လွှတ် ပေးပါဗျ"

မာရစ်က အော်ပြောလိုက်သည်။

"လွှတ်ပေးမှာပါကွာ. . . မင်းကို ဒီဘဝက လွတ် အောင်ကို ငါက လုပ်ပေးမှာ"

"ဟင်. . ."

အဖိုးကြီး၏အေးတိအေးစက် စကားကြောင့် စိတ်ထဲမှာ နည်းနည်းတော့ လန့်သွားသည်။

အဖိုးကြီးက သူနှင့် မနီးမဝေးမှာ လာထိုင်သည်။

ဘေးတိုက်အနေအထားမို့ မျက်နှာကို ကောင်းစွာမမြင် ရပေ။

"မင်းနာမည် မာရစ်မဟုတ်လား"





"မဟုတ်ပါဘူးဗျ. . . မာလပါ"

"ငါ့ကို ညာမနေပါနဲ့ကွာ မင်းနာမည် မာရစ်ဆိုတာ ငါသိ ပါတယ်၊ မာလဆိုတာက သူများမိန်းမကို ကြာခိုတဲ့နာမည်ပါ၊

အဲဒီလို အချောင်နိုက်လို့လည်း အခုလို ခွေးပြေးဝက် ပြေး ပြေးလာခဲ့ရတယ် မဟုတ်လား"

"ခင်ဗျားက ဒီအကြောင်းတွေကို ဘယ်လိုသိနေတာလဲ"

"ငါလည်း ဒီအနီးတဝိုက်မှာ နေတာပဲကွာ၊ မသိဘဲ ရှိပါ့ မလား၊ လင်ကြီးရှိလျက်ကနေ လင်ငယ်နေတဲ့မိန်းမကတော့ ဖက် ပြတ်ပြီးတော့ သေရပြီမဟုတ်လား၊

မင်းတော်င် ပြေးနိုင်လို့ လွတ်လာခဲ့တာ၊ မဟုတ်ရင် ဖက်ပြတ်ပြီး သေတာကြာရောပေါ့"

အဖိုးကြီးက သူ့အကြောင်းကို ခရေစေ့တွင်းကျ ပြောပြ နေသောကြောင့် အထွေအထူး မငြင်းချင်တော့ပေ။

"ခင်ဗျား ဒီအကြောင်းတွေ သိနေမှတော့ ဘာထူးမှာလဲ ဗျာ၊ ကျုပ်ကိုသာ လွှတ်ပေးပါ"

"လွှတ်ပေးမှာပေါ့ကွာ. . . ငါသိချင်တာ သိပြီးရင် မင်း ကို ပြန်လွှတ်ပေးမှာပါ"

ဟု ပြောကာ မီးပုံထဲမှာ ထိုးစိုက်ထားသော တုတ်ချွန်ကဲ့ သို့ အရာတစ်ခုကို ဆွဲထုတ်လိုက်သည်။

ထိုအရာမှာ တုတ်ချောင်းမဟုတ်ဘဲ သံချွန်တစ်ချောင်း ကို ရဲရဲနီနေအောင် မီးဖုတ်ထားမှန်း သိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပတ္တမြားကို ဘယ်မှာ ထားခဲ့သလဲ"

"ဟင်. . ."

မမျှော်လင့်သောစကားကြောင့် မာရစ်မှာ လန့်ဖြတ်သွားလေတော့သည်။

"ဘယ်က ပတ္တမြားလဲ"

"အခုမှ မသိချင်ယောင်ဆောင်မနေပါနဲ့ကွာ၊ ဝိညာဉ်မျက်လုံးလို့ အမည်ပေးထားတဲ့ ပတ္တမြားကို မေးတာပေါ့၊

မင်းတို့သုံးယောက် ဆာဒူးကြီးတစ်ယောက်ကို သတ်ပြီး သူ့ဆီက ယူလာခဲ့တာလေ၊ တစ်ယောက်ကတော့ ရွာမှာတင် အသေဆိုးနဲ့ သေရတယ်၊ ကျန်တစ်ယောက်ကလည်း လမ်းမှာတင် မင်းသတ်လို့ သေခဲ့ရပြီ၊ အခု မင်းအလှည့်ပဲ ရှိတော့တယ်"

"ဟင်. . . ခင်ဗျားဒီအကြောင်းတွေကို ဘယ်လိုသိနေတာလဲ"

"အခုမှတော့ ငါဘယ်လိုသိသလဲလို့ မေးမနေပါနဲ့တော့ကွာ၊ မင်းသိလို့လည်း ဘာမှမထူးတော့ပါဘူး၊ ငါမေးတာကို ဖြေစမ်းပါ၊ ပတ္တမြား ဘယ်မှာလဲ"

မာရစ်မှာ မငြင်းသာတော့ပေ။

သို့သော်လည်း လွယ်လွယ်နှင့်တော့ မပေးလိုပေ။

ထိုအခါ အဖိုးကြီးက မီးဖုတ်ထားသောသံချွန်ကို ဆွဲယူလိုက်ကာ မျက်လုံးထဲသို့ ထိုးသွင်းရန် ရွယ်လိုက်သည်။

"ပတ္တမြားက မင်းမျက်လုံးလောက် တန်ဖိုးမရှိပါဘူး





ကွာ"

ဟု ပြောကာ မျက်လုံးနားသို့ သံချွန်ကို တိုးကပ်လာရာ အပူရှိန်ကြောင့် မခံနိုင်အောင်ဖြစ်သွားသည်။

"မလုပ်ပါနဲ့ဗျ. . ပြော. . ပြောပါမယ်"

"ဒီလိုမှပေါ့. . . မင်းသတိမေ့နေတုန်းက ငါ မင်းရဲ့ကိုယ်အနှံ့ ရှာပြီးပြီ၊ ခါးကြားမှာ ပတ္တမြား ထည့်တဲ့အိတ်ပဲ တွေ့ရတယ်၊ ပတ္တမြား မရှိဘူး"

"ဒီလိုပါ. . . မာရီအသတ်ခံရမယ့်ညက ကျုပ်တို့နှစ်ယောက် တခြားတစ်နေရာကို ထွက်ပြေးကြဖို့ ကြံစည်ထားကြတာပါ၊ အဲဒီညက သူက ပတ္တမြားကို ခဏကြည့်ပါရစေဆိုတာနဲ့ ထုတ်ပေးလိုက်ပါတယ်၊

အဲဒီအချိန်မှာ အိမ်ပေါ် တက်လာတဲ့ခြေသံ ကြားရတာနဲ့ မာရီက ပတ္တမြားကို သူ့ရင်ဘတ်ကြားထဲ သွင်းပြီး ဖွက်ထားလိုက်ပါတယ်၊ နောက်တော့ သူ့ယောက်ျား ရောက်လာပြီး သူ့ကို သတ်ပစ်လိုက်တာနဲ့ ကျုပ်လည်း ထွက်ပြေးခဲ့ရတာပါ"

ဟု ပြောပြလေသည်။

"ဒါဖြင့် ပတ္တမြားက မာရီဆီ ပါသွားတာပေါ့"

"မှန်ပါတယ် သူ့ဆီမှာပါ၊ သူ့ဆီမှာ ပတ္တမြားရှိမှန်းလည်း ဘယ်သူမှ သိကြမှာ မဟုတ်ပါဘူး၊ ဒီအတိုင်းပဲ မြေမြှုပ်လိုက်ကြမှာပါ၊ ကျုပ်ကိုသာ လွှတ်ပေးပါတော့"

"မင်းကို လွှတ်ပေးလို့ ဘယ်ဖြစ်ပါ့မလဲ၊ လွှတ်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင် မာရီအလောင်းကို ပြန်ဖော်ပြီး ပတ္တမြားကို ပြန်ယူမှာ မဟုတ်လား"

"ဟုတ်ပါတယ်. . . ကျုပ်တို့ သက်စွန့်ကြိုးပမ်း ယူခဲ့ရတဲ့ ပတ္တမြားကို ဒီအတိုင်းတော့ ဘယ်ထားခဲ့ပါ့မလဲ၊ တကယ်လို့ ပတ္တမြားကို ပြန်ရရင် ခင်ဗျားကို တဝက်ခွဲပေးပါ့မယ်"

ထိုစကားကြောင့် အဖိုးကြီးက တဟားဟားနှင့် ရယ်နေလေသည်။

တိတ်ဆိတ်နေသောအချိန်တွင် ၎င်း၏ ရယ်သံမှာ မကောင်းဆိုးဝါးအသံကဲ့သို့ဖြစ်နေတော့သည်။

"မင်းစကားကိုတော့ ဘယ်ယုံလို့ ဖြစ်ပါတော့မလဲကွာ၊ မင်းလိုလူမျိုးရဲ့စကားကို ယုံမိရင် ကိုယ့်သေတွင်း ကိုယ်တူးသလို မျိုးဖြစ်မှာပေါ့။

တစ်ခါပဲ ရမယ် မာရစ်ရေ၊ နောက်တစ်ခါတော့ မရတော့ဘူးကွ"

ဟု ပြောကာ အဖိုးကြီးက သူ့ခေါင်းပေါ်မှ ဆံပင်ရှည်ရှည်နှင့် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကို ဆွဲဖယ်လိုက်သည်။

"ငါဘယ်သူလဲဆိုတာ ကြည့်ပါဦးကွ"

"ဟင်. ."

မာရစ်မှာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားလေသည်။ သူ့ရှေ့မှာ ရပ်နေသူမှာ အခြားမဟုတ်ပေ။

သူသတ်ခဲ့သော ထွန်းဇေပင်ဖြစ်သည်။





"ထွန်း. . . ထွန်းဇေ"

"အံ့ဩသွားသလားကွ. . . မင်းက အချင်းချင်း သစ္စာဖောက်ပြီး ရက်ရက်စက်စက် သတ်ခဲ့ပေမယ့် သေကံမရောက်တော့ မသေသေးတဲ့ ထွန်းဇေပေါ့ကွာ၊ ဒီတစ်ခါတော့ ငါ့အလှည့်ပဲ မာရစ်ရေ"

"ငါ့ကို ခွင့်လွှတ်ပါကွာ. . . ငါမှားခဲ့ပါတယ်၊ ပတ္တမြားကို ရရင်လည်း မင်းတစ်ယောက်တည်းသာ ယူပါတော့၊ ငါ့အသက်ကိုသာ ချမ်းသာပေးပါ"

"မင်းကို လွှတ်ပေးလိုက်ရင် ကိုယ့်သေမင်းကို ကိုယ်ပြန်မွေးသလို ဖြစ်သွားမှာပေါ့၊ မင်းလို သစ္စာမရှိတဲ့လူတစ်ယောက်က အသက်ရှင်ရက်နဲ့ ရှိသမျှ ဒီပတ္တမြားကို ဘယ်နည်းနဲ့မဆို ပြန်ရအောင် ကြိုးစားမှာပေါ့၊ ဒီတော့ မင်းနဲ့ ထိုက်တန်တဲ့လမ်းကိုပဲ သွားပေတော့"

ဟု ပြောကာ လက်ထဲမှာ ကိုင်ထားသောသံချွန်ဖြင့် မာရစ်၏ကိုယ်အနှံ့သို့ ထိုးသွင်းကာ သတ်လိုက်လေတော့သည်။

"အား. . ."

မာရစ်၏အော်သံကြီး ပေါ်ထွက်လာသော်လည်း ကယ်မည့်သူ မပေါ်တော့ပေ။

တကယ်တော့ မာရစ်မှာ သူ၏သေမင်းဖြစ်သောထွန်းဇေက သူ့သတင်းကို စုံစမ်းကာ နောက်မှ တကောက်ကောက် လိုက်နေကြောင်း မသိခဲ့သဖြင့် ယခုကဲ့သို့ အသတ်ခံလိုက်ရခြင်း

www.burmeseclassic.com



ဖြစ်တော့သည်။

မာရစ် သေဆုံးသွားသောအခါ တဲပေါက်ဝမှ ရယ်သံလိုလို အသံကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်သောအခါ ဆာဒူးကြီး၏ပုံရိပ်ကို ဝိုးတဝါး လှမ်းမြင်လိုက်ရလေသည်။

ထိုကဲ့သို့ မြင်လိုက်ရသောအခါ ထွန်း၏ စိတ်ထဲမှာ ထင့်ကနဲ ဖြစ်သွားသည်။

"အင်း. . . ဆာဒူးဝိဉာဉ်က အခုထိ လိုက်နေတုန်းပါလား၊ ငါ့ကို အသက်မသေအောင် အကူအညီပေးလိုက်တာ မာရစ်ကို သတ်ဖို့ဖြစ်ရမယ်၊ တို့သုံးယောက်မှာ ရာဂျစ်နဲ့မာရစ်တို့ နှစ်ယောက်တော့ အသေဆိုးနဲ့ သေကြရပြီ၊

ငါ့အလှည့် ဘယ်တော့ ရောက်လာမလဲ မသိဘူး၊

မတတ်နိုင်ဘူး. . . မသေခင်တော့ လုပ်စရာရှိတာ လုပ်ရဦးမှာပဲ"

ဟု တစ်ယောက်တည်း ရေရွတ်ကာ တဲတစ်ခုလုံးကို မီးရှို့ထားခဲ့ပြီးနောက် ထိုနေရာမှ ထွက်သွားလေတော့သည်။

ထို့နောက် မာရီတို့ နေသောရွာသို့ ဟန်မပျက် သွားကာ အရက်သေစာကြိုက်သော ကုလားနှစ်ယောက်ကို အရက်တိုက်ကာ မိတ်ဆွေဖွဲ့လေသည်။

၎င်းတို့နှစ်ဦးမှာ ဆာမိနှင့်မူတူးဖြစ်ပြီး အရက်သောက်ရလျှင် ဘာမဆို လုပ်ဝံ့သည်ဟု ပြောကြသည်။

တစ်ညတွင် ၎င်းတို့နှစ်ယောက်ကို အရက်မူးအောင်





တိုက်ပြီး သချိုင်းကုန်းသို့ ချော့မော့ကာ ခေါ်သွားလေသည်။

"ဆရာ. . . ကျုပ်တို့နှစ်ယောက်ကို သချိုင်းခေါ်လာပြီး ဘာလုပ်မှာလဲဗျ"

"လုပ်စရာရှိလို့ပေါ့ကွာ. . . မနက်လင်းလို့ အလုပ်ကိစ္စပြီးရင် မင်းတို့နှစ်ယောက်ကို အရက်လည်း ဝအောင်တိုက်မယ်၊ ပိုက်ဆံလည်း ပေးမယ်"

"ဒီလိုဆိုရင် လုပ်ပါ့မယ်၊ ဘာလုပ်ရမလဲ ပြောပါ"

"တခြားတော့ မဟုတ်ဘူး၊ ဟိုရက်က ခေါင်းဖြတ်အသတ်ခံရတဲ့မိန်းမကို မင်းတို့ သိတယ်မဟုတ်လား"

"သိတာပေါ့. . . လင်ငယ်နေလို့ လင်ကြီးက မိသွားပြီး ခေါင်းဖြတ်သတ်လိုက်တာလေ"

"အေး. . . ဟုတ်တယ်၊ သူ့အလောင်းမြှုပ်တဲ့မြေပုံက ဘယ်နေရာမှာလဲ"

"ဘာလုပ်မလို့လဲဗျ"

"ကိစ္စရှိလို့ပေါ့ကွာ. . . မင်းတို့ နေရာသိတယ် မဟုတ်လား"

"သိပါတယ်. . . သူ့အလောင်းမြှုပ်တုန်းက ကျုပ်တို့ လိုက်ပို့တာပဲ"

"လာကွာ. . . အဲဒီနေရာ သွားကြရအောင်"

ဟု အတင်းခေါ်သဖြင့် ကုလားနှစ်ယောက်မှာ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် လိုက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသို့ ရောက်သောအခါ ထွန်းဇက အသင့်ယူလာသော ပေါက်တူး၊ တူရွင်းတို့နှင့် မြေပုံကို တူးလေသည်။

ပထမတော့ ကုလားနှစ်ယောက်မှာ ကြောက်လန့်နေကြသော်လည်း ထွန်းဇက အသင့်ယူလာသောအရက်ကို ထပ်တိုက်လိုက်တော့မှ အရက်မူးလာပြီး ထွန်းဇ ခိုင်းသမျှ ကူလုပ်ပေးလေတော့သည်။

သုံးယောက်သား တက်ညီလက်ညီ တူးရာ အလောင်းပေါ်ခါနီးအချိန် ရောက်သောအခါ အပုတ်နံ့များက မခံမရပ်နိုင်အောင် လှိုက်တက်လာသဖြင့် အဝတ်စများဖြင့် နှာခေါင်းနှင့် ပါးစပ်ကို စည်းထားကြရသည်။

အတန်ကြာတော့ ပုတ်စပြုနေသည့် မာရီအလောင်းက ပေါ်လာလေသည်။

ခေါင်းက ပြတ်နေသဖြင့် လည်ပင်းနားမှာ ဒီအတိုင်း ချထားကာ မြှုပ်ထားခြင်းဖြစ်သည်။

"မင်းတို့ ဖယ်နေကြ"

အလောင်းပေါ်လာသည်နှင့် ကုလားနှစ်ယောက်ကို နောက်ဆုတ်ခိုင်းရာ နှစ်ယောက်စလုံး နောက်ဆုတ်သွားကြသည်။

ထွန်းဇမှာ အချိန်မဆွဲတော့ဘဲ မာရီ၏ရင်ဘတ်နေရာသို့ လက်ထိုးသွင်းကာ စမ်းကြည့်လိုက်သည်။

သူမကိုယ်ပေါ်မှာ ဝတ်ထားသော အဝတ်အစားများမှာ





အကောင်းတိုင်း ရှိနေသေးပြီး ခန္ဓာကိုယ်ကသာ ပုတ်ပွလာသောကြောင့် ကျပ်စည်းထားသကဲ့သို့ဖြစ်နေသဖြင့် တော်တော်နှင့် လက်သွင်းနှိုက်၍မရပေ။

နောက်ဆုံး စိတ်မရှည်တော့သဖြင့် လက်ထဲမှ ဓါးနှင့် အလောင်း၏ရင်ဘတ်ပေါ်မှ အဝတ်အစားများကို ခွဲဖြတ်လိုက်တော့မှ ပြေသွားသည်။

ထိုအခါမှ ရင်ဘတ်ကြား၌ ထည့်ထားသော ပတ္တမြားကို တွေ့ရလေသည်။

ထွန်းဇမှာ ခက်ခက်ခဲခဲ လိုက်ရှာနေရသော ပတ္တမြားကို တွေ့ရလေသည်။

ထိုအခိုက်မှာပင် အလောင်း၏လက်တစ်ဖက်က အပေါ်သို့ မြောက်တက်လာကာ ပတ္တမြား ကိုင်ထားသော ထွန်းဇ၏ လက်ကို ဆုပ်ကိုင်ထားလေတော့သည်။

ထွန်းဇမှာ သတ္တိကောင်းသူတစ်ဦးဖြစ်သည်။

သို့သော် ယခုကဲ့သို့ မှောင်မည်းနေသောအချိန်၊

သချိုင်းကုန်း၌ ပုတ်ပွနေသောခေါင်းပြတ်အလောင်းက လက်ကို လာဆုပ်ထားသောအခါ လူက မကြောက်သော်လည်း စိတ်ထဲမှ ကြောက်ရွံ့သွားသည်။

သို့ကြောင့် အတင်းဆောင့်ရုန်းလိုက်သည်။

သူရုန်းသော်လည်း လွတ်ထွက်မသွားဘဲ အလောင်း၏ လက်က ဆုပ်ကိုင်ထားမြဲပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်းဟာ. . . ဒီလောက်တောင် ရှိလှတာ"

ဟု လက်ထဲမှ ဓါးဖြင့် ပိုင်းချလိုက်တော့မှ ပြတ်ကျသွား လေသည်။ ထိုအခါမှ ဆုပ်ကိုင်ထားသော လက်ပြတ်ကြီးကို ဖြေ ချလိုက်ရသည်။

"ဟော့ကောင်တွေ. . . ဒီမှာလာပြီး မြေပြန်ဖို့ကြ"

ဟု အော်လိုက်တော့မှ ကုလားနှစ်ယောက် ရောက်လာ ပြီး ဒယိမ်းဒယိုင်ဖြင့် မြေပြန်ဖို့ကြသည်။

သို့စေကာမူ ကုလားနှစ်ယောက်မှာ အရက်မူးနေသော ကြောင့် မမြင်မစမ်းဖြင့် ဖြစ်သလို ဖို့ကြလေသည်။

အလောင်းကို မြေဖို့ပြီးသည်နှင့် ထွန်းဇမှာ ကုလားနှစ် ယောက်ကို ခေါ်ကာ ထိုနေရာမှ အမြန်ထွက်ခဲ့လေသည်။

မလှမ်းမကမ်းရောက်မှ စိတ်မချသဖြင့် နောက်သို့ လှည့် ကြည့်လိုက်သောအခါ သူတို့ ဖို့ထားခဲ့သောမြေပုံအတွင်းမှ မည်း မည်းသဏ္ဌာန်တစ်ခု အပေါ်သို့ တက်လာပြီး နောက်မှ လိုက်လာ သည်ကို ဝိုးတဝါး လှမ်းမြင်ရသဖြင့် ထွန်းဇမှာ ခြေကုန်သုတ်ကာ ထွက်ပြေးရတော့သည်။





## အခန်း(၈)

## ဓမ္ဗာဝတီကွင်းထဲမှ သုန္ဒရီ

ဒေါက်တာမင်းထင်ကျော်မှာ ညတစ်ညတွင် မမျှော်လင့် ဘဲ တွေ့ခဲ့ရသော သုန္ဒရီဆိုသော မိန်းမချောကလေးနှင့် တွေ့ခဲ့ရ ပြီးနောက်ပိုင်းဝယ် ပတ္တမြားနှင့် ပတ်သက်သည့်သတင်းများကို စုံစမ်းခဲ့သည်။

ထိုသို့စုံစမ်းရာတွင် ထိုနေရာတဝိုက်မှ နယ်ခံ၊ ရွာခံများ ၏အကူအညီကို ယူရလေသည်။

နယ်ခံများ၏သတင်းပေးမှုကြောင့် ပတ္တမြားမှာ ချန္ဒရ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော ဆာဒူးကြီးလက်ထဲ၌ မရှိတော့ကြောင်း သိရလေသည်။

ထိုကဲ့သို့ သိရတော့မှ သူစစ်မေးလိုက်သော တောင်တက်သမားယောင် ဆောင်ထားသော လူသုံးယောက်တို့၏ တပတ်ရိုက်ခြင်းကို ခံလိုက်ရကြောင်းပါ သိရလေသည်။

မာရစ်၊ ထွန်းဇ၊ ရာဂျစ်တို့သုံးယောက်မှာ ဆာဒူးကြီးကို သတ်ကာ ပတ္တမြားကို ယူသွားကြလေသည်။

သို့သော်လည်း ရာဂျစ်နှင့်မာရစ်တို့မှာ အသေဆိုးနှင့် သေကြရပြီးနောက် ဝိညာဉ်မျက်လုံးပတ္တမြားမှာ ထွန်းဇဆိုသော လူ ယူသွားခဲ့လေသည်။

ထိုနေရာတွင် သတင်းက ကွင်းဆက်ပြတ်သွားလေတော့သည်။ ထွန်းဇ ဘယ်နေရာမှာ ရှိနေသည်ကို စုံစမ်းရန် လက်လှမ်းမမှီအောင်ဖြစ်နေတော့သည်။

ဒေါက်တာမင်းထင်ကျော်မှာ သုန္ဒရီဆိုသော အမျိုးသမီးကို အကူအညီပေးပါမည်ဟု ကတိပေးထားသော်လည်း မည်ကဲ့သို့ ဆက်လုပ်ရမှန်းမသိအောင်ဖြစ်နေသည်။

ထို့ပြင် ဒေါက်တာမင်းထင်ကျော်မှာ မူလတာဝန်ဖြစ်သော သုတေသနလုပ်ငန်းတာဝန်များကလည်း ရှိနေသောကြောင့် ထိုကိစ္စဘက်သို့ မလှည့်နိုင်အောင်ဖြစ်နေတော့သည်။

သို့သော်လည်း စိတ်ထဲမှာတော့ သုန္ဒရီဆိုသော မိန်းမချောကလေးကို သတိရနေမိသည်။

တစ်ညှ ညဦးပိုင်းအချိန်တစ်ခုတွင် အိန္ဒိယယောဂီများ





၏ယောဂကျင့်စဉ်များအကြောင်းကို လေ့လာလျက်ရှိသည်။

ယောဂကျင့်စဉ်များနှင့် ပတ်သက်၍ နေရာဒေသအလိုက်၊ လူမျိုးအလိုက် ကွဲပြားခြားနားမှုရှိရာ ကမ္ဘာပေါ်တွင် ယောဂကျင့်စဉ်ပေါင်း မြောက်များစွာရှိလေသည်။

လူမျိုး၊ အရပ်ဒေသကွဲပြားမှုများအပေါ် အခေါ်အဝေါ် ပြောင်းလဲကြသော်လည်း အခြေခံကျင့်စဉ်များကတော့ တူညီကြသည်။

ယောဂကျင့်စဉ်၏အဓိကကျသော အချက်သုံးချက်ကိုပင် အခြေခံကြလေသည်။

၎င်းတို့မှာ ရုပ်ခန္ဓာ၊ စိတ်နှင့် ဝိညာဉ်တို့ပင်ဖြစ်သည်။ ထိုအချက်သုံးချက်ကိုပင် အခြေခံထားပြီး ကျင့်စဉ်ပေါင်းကတော့ မြောက်မြားစွာ ကွဲထွက်သွားလေသည်။

ယောဂကျင့်စဉ်၏အခြေခံကျသောကျင့်စဉ်မှာ အသက်ရှူခြင်းကိုပင် အခြေခံ ယူထားကြသော 'ဟသ' ကျင့်စဉ်ဖြစ်၏။

'ဟသ' ယောဂီကျင့်စဉ်မှာ ကမ္ဘာပေါ်၌ ရှေးအကျဆုံးသော ကျင့်စဉ်ဖြစ်သည်။

ဟသ ဟူသောဝေါဟာရမှာ သင်္သကရိုက် ဘာသာစကားပင်ဖြစ်ပြီး (ဟ) ဟူသောအဓိပ္ပါယ်မှာ နေဖြစ်၍ (သ) ဟူသော အဓိပ္ပါယ်မှာ လဖြစ်သည်။

ဟသကျင့်စဉ်မှာ နေနှင့်လ ကျင့်စဉ်ပင်ဖြစ်၏။

လက်ယာနှာခေါင်းပေါက်မှ အသက်ရှူသွင်းနေခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



နေဟု မှတ်သားကာ လက်ဝဲဘက် နှာခေါင်းပေါက်မှ အသက်ရှူခြင်းကို လဟု မှတ်ယူရခြင်းဖြစ်၏။

ဟသကျင့်စဉ်မှာ ယောဂကျင့်စဉ်များတွင် အခြေခံအကျဆုံးသောကျင့်စဉ်ဖြစ်ပေသည်။

လက်ယာဘက် နှာခေါင်းပေါက်မှ အသက်ရှူနေသော အချိန်ကို နေမင်းက ထိန်းချုပ်ထားပြီး လက်ဝဲဘက်နှာခေါင်းပေါက်ဝမှ အသက်ရှူနေသောအချိန်ကို လမင်းက ထိန်းချုပ်ထားသည်ဟု အဓိပ္ပာယ်ရလေသည်။

ယောဂီဟူသော အဓိပ္ပာယ်မှာ ဘုရားသခင်ကို ရည်စူး၍ စကြာဝဠာနှင့် ထိတွေ့ပေါင်းစပ်ခြင်းဟု အဓိပ္ပာယ်ရှိလေသည်။ ထိုသို့ ပေါင်းစပ်ဆက်သွယ်ရာတွင် နေနှင့်လကို အခြေပြုသော အသက်ရှူခြင်းက ဆက်သွယ်ဆောင်ရွက်ပေးလေသည်။

ယောဂကျင့်စဉ်ကျင့်ရာတွင် ကိုယ်ခန္ဓာအနေအထားကို အမျိုးမျိုး ပြောင်းလဲကျင့်သဖြင့် အခေါ်အဝေါ်အမျိုးမျိုး ပြောင်းလဲသွားသော်လည်း အဓိက ကျသော အခြေခံသဘောကတော့ နေနှင့်လကို အကြောင်းပြုသည့် အသက်ရှူခြင်းပင်ဖြစ်၏။ သို့ကြောင့် ယောဂကျင့်စဉ်များတွင် 'ဟသ' ကျင့်စဉ်မှာ အခြေခံကျသော ကျင့်စဉ်ဟု ဆိုထားခြင်းဖြစ်၏။

အန္တိယယောဂကျင့်စဉ်ပေါင်း (၈၄)မျိုးရှိသည်ဟု ဖော်ပြလေရာ ယောဂကျင့်စဉ်တစ်ခုစီတွင် အကျိုးရှိသော သက်ရောက်မှုတစ်ခုစီတော့ ရှိကြသည်။





အဓိက,ကတော့ စိတ်နှင့်ကိုယ်ကို လေ့ကျင့်ပေးသောကြောင့်(အချို့က အလုပ်ပေးသည်ဟု ဆိုသည်) စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းလာနိုင်ပေသည်။

ဟသယောဂကျင့်စဉ်မှာ ကိုယ်ခန္ဓာယောဂီအကျင့်ဟု ဆိုကြသော်လည်း ခန္ဓာကိုယ်အတွက်ချည်း မဟုတ်ဘဲ ကျန်နှစ်မျိုးဖြစ်သော စိတ်နှင့်ဝိညာဉ်ကိုလည်း တိုးတက်မှုဖြစ်စေသည်။

ယောဂကျင့်စဉ်မှာ ခန္ဓာကိုယ် ကြံ့ခိုင်အောင်ပြုပြင်ပြီးမှ ဝိညာဉ်စွမ်းအားကို မြှင့်တင်ကြခြင်းဖြစ်၏။

ဝိညာဉ်ကို ချုပ်တည်းနိုင်ပါက မိမိဆန္ဒရှိရာသို့ စေလွှတ်နိုင်သည်။ စေခိုင်းနိုင်သည်။

စကြာနှံ့ မိနစ်ပိုင်းအတွင်းမှာပင် စကြာဝဠာအနှံ့သို့ ပို့လွှတ်နိုင်ကြပေသည်။

ယောဂကျင့်စဉ်များနှင့် ပတ်သက်၍ ဟိမဝန္တာတောင်ဘက်တွင် ထင်ရှားသောကျင့်စဉ်အချို့ ရှိပေသည်။

၎င်းတို့အထဲတွင်. . .

အမှတ်(၁) ဟသယောဂကျင့်စဉ်(Hatha)မှာ အထင်ရှားဆုံးဖြစ်၏။

၎င်းမှာ နေနှင့်လကို ဦးတည်၍ ကိုယ်ခန္ဓာနှင့်ဝိညာဉ်ကို ထိန်းချုပ်သောနည်းဖြစ်၏။

တစ်နည်းဆိုရပါမူ ခန္ဓာကိုယ်နှင့်စိတ်ကို ဖြူစင်သန့်ရှင်းအောင် ကျင့်ကြံအားထုတ်ရသော ကျင့်စဉ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှတ်(၂) ဘက်ကတိကျင့်စဉ်(Bhakti)မှာ ဝတ်ပြုခြင်းဖြင့် သုခချမ်းသာ ရှာဖွေသောနည်းဖြစ်၏။

အမှတ်(၃) ဇာနနယောဂကျင့်စဉ်(Janana)မှာ ဉာဏ်ကိုယ်ကို ဆင်ခြင်သုံးသပ်သော ကျင့်စဉ်ပင်ဖြစ်၏။

အမှတ်(၄) ကာမယောဂကျင့်စဉ်(Karma)မှာ ကံကံ၏အကျိုးကို ပြုပြင်ခြင်းပင်ဖြစ်သည်။

ဤယောဂကျင့်စဉ်ကို ကျင့်ကြံအားထုတ်သူတို့သည် ချမ်းသာခြင်းနှင့် အသက်ရှည်ခြင်းတို့ကို ကိုယ်ကျိုးအတွက် ဆောင်ရွက်ခြင်းမရှိဘဲ အများအတွက် ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း ဤလောက၌ ပေးအပ်သော လောကီဉစ္စာ အဖြာဖြာတို့ကို မတပ်မက်ခြင်း၊ ကျင့်သုံးခြင်းဖြင့် အသက်ရှည်ခြင်း၊ ပျော်ရွှင်ခြင်းကို ရရှိလေသည်။

ဘဂဝါဂီတတွင် ဖော်ပြထားသည်မှာ အကြင်ပုဂ္ဂိုလ်သည် အကျိုးကျေးဇူးကိုလည်း မတပ်မက်မတွယ်တာ၊ ထိုကံ၏ပစ္စုပ္ပန် အနာဂတ်တို့၏ အကျိုးပေးမှုကိုလည်း မတွေးတော၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း စသည်တို့ကို တစ်သဘောတည်း ထားသည်ဟု ဆိုသည်။

ရာဇယောဂ ယောဂီကျင့်စဉ်၏ အထွဋ်အထိပ်သည်ကား ရာဇယောဂ(RAJAYOGA)ဟု ခေါ်သောအကျင့်ဖြစ်သည်။

ဤအကျင့်မှာ အနောက်နိုင်ငံသုတေသနပညာရှင်များပင် မှန်းဆ၍ နားမလည်နိုင်သောအကျင့်ဖြစ်သည်။ ရာဇ





ယောဂအကျင့်တွင် အခြားယောဂီကျင့်စဉ်များမှာ တချို့တဝက်ပါဝင်လျက်ရှိလေသည်။

ထို့ပြင် ဤကျင့်စဉ်၌ များစွာသောဂိုဏ်းတို့လည်း ရှိလေသည်။ အဓိကအားဖြင့် ထိုကျင့်စဉ်၏အနှစ်သာရမှာ အလွန်လျင်မြန်စွာ သွားလာနိုင်သောစိတ်ကို ချုပ်တည်းနိုင်ခြင်းပင်ဖြစ်သည်။ ထိုအကျင့်ကို ကျင့်သောပုဂ္ဂိုလ်သည် ဓာတ်မီးကို လျင်မြန်စွာ ဖွင့်ချည်ပိတ်ချည် လုပ်သကဲ့သို့ ဖြစ်တတ်ပျက်တတ်သောသဘောကို ဆင်ခြင်သုံးသပ်ကာ လူ့လောကကို သူနှင့် မဆိုင်သကဲ့သို့ပင် စွန့်ပယ်ထားနိုင်လေသည်။ ထာဝရ သုခချမ်းသာ ရလိုလျှင်မူ ခံစားခြင်းနှင့် ဝိညာဏက္ခန္ဓာဟု ဆိုအပ်သော တရားများကို သမာဓိဖြင့် ထိန်းသိမ်းစောင့်ရှောက်ရလေသည်။

မန္တန်များကို အမြဲမပြတ် ရွတ်ဆိုခြင်းဖြင့် စိတ်ဓာတ်ခိုင်မြဲမှုကို ရစေနိုင်သောနည်းဖြစ်လေသည်။

ကုန္ဒာလီနီယောဂီ(KUNDALINI)အကျင့်မှာ စိတ်အာရုံနိုးကြွမှုအပေါ်တွင် အုပ်ချုပ်နိုင်သောနည်းဖြစ်လေသည်။

လယယောဂီ(LAYA)အကျင့်မှာ မကောင်းမှုကို ရှောင်ကြဉ်၍ အာရုံခံစားမှုတို့ကို မစဉ်းစားဘဲ ဘုရားသခင်၏အာရုံသို့ရောက်သည့် ဘုရားသခင်၏တပည့်ဖြစ်သည့်တိုင် ကျင့်ရသောအကျင့်ဖြစ်လေသည်။

အထက်ပါကျင့်စဉ်အချို့ကို လေ့လာကြည့်လျှင် ယောဂကျင့်စဉ်အချို့၏အကျိုးကျေးဇူးများကို တွေ့မြင်ရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်မှာ ယောဂကျင့်စဉ်နှင့် ပတ်သက်သော လျှို့ဝှက်ချက်များကို လေ့လာဖတ်ရှုရင်း စိတ်မှာ ဂျင်နရယ် သောင်းထိုက်တို့ စခန်းမှာ တွေ့မြင်ခဲ့ရသော ဆာဒူးကြီးကို သတိရမိလေသည်။

ထိုဆာဒူးကြီးမှာ ထူးထူးဆန်းဆန်း ကြုံတွေ့ရပြီး သူသေသွားသောအခါမှာလည်း ဒေါက်တာမင်းထင်ကျော်ကိုယ်တိုင် ကြည့်ရှုစစ်ဆေးခဲ့ရလေသည်။

ထို့နှင့် တဆက်တည်း သုန္ဒရီဟူသော အမျိုးသမီးကို ထူးထူးခြားခြား သတိရမိလေသည်။

"သုန္ဒရီဆိုတဲ့အမျိုးသမီးက အတော်ကလေး ချောတယ်၊ သူပြောသွားတာတွေက အမှန်ပဲလား မသိဘူး"

ဟု တစ်ယောက်တည်း တွေးနေမိသည်။

အချိန်မှာ တဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်းအချိန်သို့ ရောက်လာလေပြီ။

အပြင်ဘက်တွင် လရောင်ဝိုးတဝါး ရှိသော်လည်း ပတ်ဝန်းကျင်တစ်ဝိုက်မှာတော့ အမှောင်ရိပ်များက ဖုံးအုပ်ထားလေသည်။ အဝေးဆီမှ ခွေးအူသံနှင့် ခွေးဟောင်သံများ ပေါ်ထွက်လာလေသည်။ ဟိုတစ်ညက သူမ ရောက်လာသောအချိန်တွင် ယခုလို ခွေးအူသံများကို ကြားခဲ့ရသည်။

"သူပြောသွားတဲ့အထဲမှာ ရှမ်ဗဲလားနဲ့ တူတဲ့ မနောသုခရွာ ရှိတယ်ဆို ပါတယ်၊ ဒီလောက်မြင့်မားတဲ့ ဟိမဝန္တာတောင်တန်းပေါ်မှာ လူတွေ နေတဲ့ရွာ ရှိနိုင်ပါ့မလား"

ဟု ဆက်တွေးနေစဉ် မမျှော်လင့်ဘဲ နောက်ဘက်မှ အသံကြားရလေသည်။

"ဆရာက ကျွန်မပြောတာကို မယုံကြည်လို့လား၊ ကျွန်မတို့က မှန်တဲ့စကားကိုပဲ ပြောပါတယ်၊ မမှန်တဲ့စကားကို လုံးဝမပြောကြပါဘူး၊ မှန်မမှန် ဆရာကိုယ်တိုင် ရောက်တဲ့အခါမှာ တွေ့ရမှာပါ"

ဟု အပြုံးကလေးဖြင့် ပြောကာ လျှောက်လာသည်။

"ဟင်. . . သုန္ဒရီ"

ဒေါက်တာမင်းထင်ကျော်မှာ မမျှော်လင့်ဘဲ သုန္ဒရီကို တွေ့မြင်လိုက်ရသဖြင့် များစွာအံ့ဩသွားသည်။

စိတ်ထဲမှာလည်း ဝမ်းသာသလိုဖြစ်သွားသည်။

သုန္ဒရီသည် ဟိုတလောက တွေ့ရသည့်အတိုင်း ပိုးသားတဲ့သို့ နူးညံ့ပျော့ပြောင်းသော အနက်ရောင်ပုဝါကို ခေါင်းမှ ခြုံထားသည်။

ထိုပုဝါပေါ်မှာ နှင်းမှုန်နှင်းစက်များ တွယ်ကပ်ပါလာသည်။ အခန်းထဲ ရောက်သောအခါမှ ထိုပုဝါရှည်ကို ပခုံးပေါ်ရောက်သည်အထိ ဆွဲချလိုက်ရာ ဝင်းပသောမျက်နှာက အထင်းသား ပေါ်လာသည်။

"ဒီ. . ဒီအခန်းထဲကို ဘယ်လိုဝင်လာတာလဲဟင်"

သုန္ဒရီက လှပစွာ ဇာစ်ချက်ပြုံးသည်။




☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com



"ယောဂကျင့်စဉ်အကြောင်းကို လေ့လာနေတာ မဟုတ်လား ဆရာ၊ ယောဂကျင့်စဉ်ဆိုတာ စိတ်စွမ်းအားကို အသုံးပြုပြီးတော့ ဝိဇ္ဇာဉ်ကို အသုံးချလို့ရတာပဲ၊

ကျွန်မက ဘိုးဘိုးရဲ့သွန်သင်ဆုံးမမှုနဲ့ ယောဂကျင့်စဉ်အတော်များများကို ကျင့်ခဲ့ဖူးပါတယ်၊ ဒါကြောင့် ကိုယ်သွားချင်တဲ့နေရာကို အလွယ်တကူ သွားနိုင်ပြီး ဝင်ချင်တဲ့နေရာကိုလည်း ဝင်လို့ရပါတယ်၊ ကျွန်မတို့အတွက် ခရီးဝေးလံခြင်းဆိုတာ မရှိသလို ပိတ်ထားတဲ့အခန်းဆိုတာလည်း ဘယ်နေရာမှာမှ မရှိပါဘူး"

ဟု အေးအေးဆေးဆေး ပြောပြသည်။

ဒေါက်တာမင်းထင်ကျော်မှာ ယောဂကျင့်စဉ်များ၏ စွမ်းအားထက်မြက်ပုံများကို သိသဖြင့် မအံ့သြမိသော်လည်း ယခု သူ့ရှေ့တွင် ရောက်နေသော သုန္ဒရီမှာ ဝိဇ္ဇာဉ်ကိုယ်ပွားများ ဖြစ်နေရော့သလားဟု သံသယဖြစ်မိလေသည်။

"အခုလာတာ သုန္ဒရီအစစ်လား ကိုယ်ပွားဝိဇ္ဇာဉ်လား ဟင်"

"ဆရာက ဘယ်လိုထင်လို့လဲ"

"ကိုယ်ပွားဝိဇ္ဇာဉ်လို့ ထင်မိလို့ပါ"

"ကိုယ်ပွားဝိဇ္ဇာဉ်လည်း သာမန်လူတစ်ယောက်နဲ့ ဘာမှမခြားပါဘူး ဆရာရယ်၊ အံ့သြစရာ သိပ်မရှိလှပါဘူး၊ အခု ကျွန်မလာတာ နတ်ဘုရားမျက်လုံး ပတ္တမြားကြီးအကြောင်း





သိချင်လို့ပါ"

ဒေါက်တာမင်းထင်ကျော်က သူစုံစမ်းရသမျှအကြောင်း အချို့ကို ပြောပြလိုက်သည်။

"နောက်ဆုံး စုံစမ်းလို့ရတာကတော့ သူတို့အဖွဲ့ထဲက ထွန်းဇဆိုတဲ့လူတစ်ယောက်ဆီမှာ ပါသွားတယ်လို့ သတင်းကြားရပါတယ်၊ ထွန်းဇ ဘယ်ရောက်နေတယ်ဆိုတာကတော့ စုံစမ်းရပါဦးမယ်"

သုန္ဒရီက အတန်ကြာအောင် ငြိမ်သက်နေပြီးမှ. . .

"ပတ္တမြားက လူတွေရဲ့လက်ထဲမှာ မရှိတော့ဘူး၊ မိစ္ဆာတစ်ကောင်ဆီမှာ ရောက်နေပြီ၊ သူ့ဆီက ပတ္တမြားကို ပြန်ယူဖို့က တော့ သာမန်စွမ်းအားရှိရုံနဲ့ မရနိုင်ဘူး"

ဟု ပြောသည်။

"ဘယ်လိုမိစ္ဆာမျိုးလဲ"

"မိစ္ဆာရုပ်ထုတစ်ခုရဲ့မျက်လုံးအဖြစ် အသုံးပြုထားကြတယ်၊ အဲဒီပတ္တမြားကို ပြန်ရဖို့ အန္တရာယ်အမျိုးမျိုးနဲ့ ရင်ဆိုင်ကြုံတွေ့ရလိမ့်မယ်"

"ရပါတယ်. . . ကျွန်တော်ကြိုးစားပါ့မယ်၊ ဘယ်နေရာမှာ ရှိတယ်၊ ဘယ်လိုကြိုးစားရမလဲဆိုတာကိုသာ ပြောပြပါ"

"ပတ္တမြားကြီး ရောက်နေတဲ့နေရာကတော့ ဟိမဝန္တာရဲ့ မြောက်ဘက်မျက်နှာစာဘက်မှာ ရှိတဲ့ ဘီလူးပျက်တောင်ခြေ ရွာတစ်ရွာရှိတယ်၊ အဲဒီရွာမှာ ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တစ်ယောက်တည်း သွားလို့ဖြစ်နိုင်ပါ့မလား၊ အဲဒီရွာကို ဘယ်လိုရောက်သွားတာလဲဟင်"

"ယူပြေးတဲ့လူက ပြေးရင်းလွှားရင်းနဲ့ အဲဒီရွာကို ရောက်သွားတာပါ၊ သူက မပြေးလို့လည်း မရတော့ဘူး၊ သူ့လက်ထဲမှာ ပတ္တမြားရှိနေသရွေ့ ခေါင်းပြတ်သရဲမက နောက်က တကောက်ကောက် လိုက်နေတော့တာကိုး၊ နောက်ဆုံးတော့ အဲဒီရွာမှာပဲ သူသေသွားခဲ့တယ်"

"အဲဒီရွာ ရှိတဲ့နေရာကို သိရရင် ကျွန်တော်လိုက်သွားပြီး ရအောင်ကြိုးစားခဲ့ပါ့မယ်"

"ဆရာတစ်ယောက်တည်းတော့ သွားလို့မဖြစ်ဘူး၊ ဝိညာဉ်လောက ပရလောကသားတွေကို နိုင်နင်းကျွမ်းကျင်တဲ့ အဖော်တွေ ပါဖို့တော့လိုတယ်၊ ဆရာက ပြင်ပမှာ စွမ်းရည်ကောင်းပေမယ့် ပရလောကသားတွေနဲ့ တွေ့တဲ့အခါမှာ ဘာမှ တုန့်ပြန်နိုင်မှာ မဟုတ်ပါဘူး၊ ဒါကြောင့် အဲဒီနေရာဘက်ကို သွားတဲ့အခါမှာတော့ အဲဒီဘက်မှာ နိုင်နင်းကျွမ်းကျင်တဲ့လူတွေကိုပါ ခေါ်သွားစေချင်ပါတယ်"

ဟု ပြောရာ ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်လေသည်။

"ကောင်းပါပြီ"

"ဆရာတို့ အဲဒီနေရာကို ရောက်တဲ့အခါ အဘိုးကို ခွင့်ပန်ပြီးတော့ ကျွန်မလိုက်လာခဲ့ပါ့မယ်"





"ဒီကြားထဲမှာရော ထပ်တွေ့နိုင်ဦးမလား"

ထိုစကားကြောင့် သုန္ဒရီက လှပစွာ ပြုံးလေသည်။

"ဆရာက ကျွန်မကို ထပ်တွေ့ချင်သေးလို့လား"

"တွေ့ချင်ပါတယ် သုန္ဒရီ၊ ကျွန်တော် သုန္ဒရီနဲ့ တစ်ကြိမ်တွေ့ပြီးကတည်းက စိတ်ထဲမှာ အမြဲတမ်း သတိရနေမိပါတယ်"

"ကျွန်မလည်း ဆရာ့ကို သတိရနေပါတယ်၊ အချိန်တန်တော့ ထပ်တွေ့ရဦးမှာပေါ့ ဆရာရယ်၊ မေတ္တာစက်ကွင်း ရှိသူချင်းဟာ ဒီစက်ကွင်းနှစ်ခု ရှိနေသမျှ တစ်ယောက်နဲ့တစ်ယောက် သတိရနေကြမှာပါပဲ၊ ဆရာ ကျွန်မကို သတိရရင် မေတ္တာစက်ကွင်းကို အမြဲတမ်း ဖွင့်ထားပေါ့"

ဟု ဒေါက်တာမင်းထင်ကျော် ကောင်းစွာနားမလည်သော စကားမျိုး ပြောလေသည်။

"မေတ္တာစက်ကွင်း ဖွင့်တယ်ဆိုတာ ဘယ်လိုမျိုးလဲဟင်"

ထိုအခါ သုန္ဒရီက လေးနက်သောအသွင်ဖြင့် တည်ငြိမ်စွာ ပြောပြသည်။

"မေတ္တာစက်ကွင်း ဖွင့်တယ်ဆိုတာ စိတ်စွမ်းအား ချဲ့ထွင်အသုံးချခြင်းတစ်မျိုးပါပဲ၊ လူတစ်ယောက်ရဲ့ကိုယ်မှာ ရှိတဲ့ စွမ်းအင် စက်ကွင်းတွေဟာ မနောဝိညာဉ်ဆီက ပို့လွှတ်ပေးတာပါ၊ အဲဒီစွမ်းအင်တွေက ရည်စူးဆန္ဒပြုထားတဲ့ အကြောင်းအရာနဲ့ အနီးစပ်ဆုံး နိမိတ်လက္ခဏာလို့လည်း သတ်မှတ်လို့ရပါတယ်"

"ဆက်ပြောပါဦး သုန္ဒရီ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစွမ်းအားဟာ သူနဲ့ ထိတွေ့သမျှလူတွေရဲ့ အတွင်း မနောဝိညာဉ်ကို ထိတွေ့လှုပ်ခတ်ပေးတယ်၊ ဒါက မေတ္တာစက် ကွင်းချင်း ထိခတ်မှု ဖြစ်စဉ်နိမိတ်တွေပါပဲ"

"ကျွန်တော်နားလည်အောင် နည်းနည်းလောက် ရှင်းပြ ပေးပါဦး"

"အနီးဆုံး ဥပမာ ပြောရရင် လမ်းသွားရင်း အဆင် မသင့်လို့ တစ်ခုခုဖြစ်ရင် နောက်ထပ် ဘာများထပ်ဖြစ်ဦးမှာလဲလို့ စိုးရိမ်စိတ် ဝင်တတ်ကြတယ်၊ ဆက်သွားလို့ ဖြစ်မှဖြစ်ပါ့မလားလို့ စိုးရိမ်စိတ် ဝင်တတ်ကြတယ်၊

အဲဒီစိုးရိမ်စိတ်က တစ်ခါတစ်ခါမှာ စိတ်စွမ်းအင်တွေကို ဖျက်ဆီးပစ်တတ်ပါတယ်၊ စွမ်းအင်စိတ်တွေ ပျက်စီးသွားရင် ဥပ ဒဏ်က ပိုပြီးအားကောင်းလာတတ်ပါတယ်၊ ဒီအခါမှာ စိုးရိမ်မှု ကတစ်ဆင့် ဥပါဒဏ်ကတစ်ဆင့် ဥပါဒ်ရောက်တော့တာပါပဲ"

"ဥပါဒဏ်ကြောင့် ဥပါဒ်ရောက်တယ်ဆိုတဲ့သဘော လား"

"အမှန်ပါပဲ. . . ဒီလိုပဲ စိတ်ရဲ့စွမ်းအင်ကို အသုံးချပြီး ဖြစ်ကိုဖြစ်ရမယ်၊ တွေ့ကိုတွေ့ရမယ်လို့ ယုံကြည်ချက်ထားရင် အဲဒီစွမ်းအင်ကတစ်ဆင့် မေတ္တာစက်ကွင်းကို ပိုမိုကျယ်ပြန့်လာ စေပြီး တစ်ယောက်နဲ့တစ်ယောက် မေတ္တာစက်ကွင်းချင်း အရှ ထိတွေ့နိုင်ပါတယ်"

"ကျွန်တော်သဘောပေါက်ပါပြီ သုန္ဒရီ၊ မေတ္တာစ





ကွင်းချင်း အရင်ထိစပ်မှု ရှိပြီးမှ လူချင်း တွေ့ခွင့်ရနိုင်တယ်ဆိုတဲ့ သဘော မဟုတ်လား"

သုန္ဒရီ ပြုံး၍ခေါင်းညိတ်ပြသည်။

"ကောင်းပါပြီ. . . နောက်ပိုင်းအချိန်တွေမှာ ကျွန်တော့် ဆီက စိတ်စွမ်းအင်ကို သုန္ဒရီ ရှိရာကို မရောက်ရောက်အောင် ပို့ပြီး မေတ္တာစက်ကွင်းချင်း ချိတ်မိအောင် ကျွန်တော်ကြိုးစားပါ့ မယ်"

ဟု ပြောလိုက်ရာ သုန္ဒရီက ဘာမှပြန်မပြောတော့ဘဲ ပုဝါစကို ခေါင်းပေါ် ပြန်အုပ်ကာ အပြင်သို့ ပြန်ထွက်သွားလေ တော့သည်။

သူမအနေနှင့် ဘယ်ပုံဘယ်နည်း ပြန်လည်ထွက်ခွာ သွားသလဲဟူသော အဖြေကိုတော့ ထွေထွေထူးထူး စဉ်းစား မနေတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၉)

## ပတ္တမြားတာစ်မှုံးကြောင့် တိုင်းပြည်ပျက်ခဲ့ရပုံ

ဒေါက်တာမင်းထင်ကျော်အနေနှင့် သုန္ဒရီ ပြောသွားသည့်အတိုင်း ပတ္တမြား ရှိရာသို့ သွားရာတွင် အဖော်ကောင်းလိုအပ်သည်ဆိုသဖြင့် ရှာဖွေကြည့်ရာ ယခု လုပ်ကိုင်နေသောနေရာမှာတော့ ပရလောကသားများနှင့် ပတ်သက်သည့် ကျွမ်းကျင်နိုင်နင်းသူများ မရှိဘဲ ဖြစ်ရာ နောက်ဆုံးတော့ မြန်မာနိုင်ငံမှာ ကျန်ခဲ့သော ဆရာကြီး သူရဋ္ဌနှင့် ဦးဗန်ကောင်းတို့ကို သတိရသဖြင့် သံကြိုးရိုက်ကာ မှာကြားလိုက်ရပေသည်။

နောက်ထပ်နှစ်ပတ်ခန့်ကြာသောအခါ ဆရာကြီးသူရဋ္ဌ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဦးဗန်ကောင်းတို့နှစ်ယောက် ရောက်လာကြသည်။

ဎင်းတို့နှစ်ယောက်ကလည်း ဒေါက်တာမင်းထင်ကျော်နှင့် ပြန်လည်တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်နေကြလေသည်။

"ဆရာကြီးတို့ အခုလိုရောက်လာကြတော့ ကျွန်တော်ဖြင့် အတော့်ကို ဝမ်းသာနေတာ၊ ဒီလောက်မြန်မြန်ရောက်လာလိမ့်မယ်လို့ မထင်မိဘူး"

"ဘယ်ဟုတ်ပါ့မလဲ မောင်ထင်ကျော်ရယ်၊ မင်းဆီကသံကြိုးစာ ရကတည်းက ဖင်တကြွကြွဖြစ်နေတာ၊

လမ်းမှာ ခရီးအကူးအသန်းများလို့သာ နှစ်ပတ်လောက်ကြာသွားရတာ၊ ဒါထက် ကျုပ်တို့နှစ်ယောက်စလုံးကို အရေးတကြီး လှမ်းမှာပုံထောက်တော့ စွန့်စားရမယ့်ကိစ္စလား၊ ဒါမှမဟုတ် အထူးအဆန်းကိစ္စမျိုးလား"

ဟု ဆရာကြီးသူရဋ္ဌက မေးသည်။

"ထူးဆန်းတဲ့အဖြစ်အပျက်တစ်ခုအတွက် စွန့်စားရမယ့်ကိစ္စမျိုးပဲ"

"ဟန်ကျတာပေါ့. . . အကြောင်းစုံ ပြောပါဦး"

ဟု ဦးဗန်ကောင်းက ပါးစပ်တွင်းမှ တမြုံ့မြုံ့ ဝါးနေသောကွမ်းဖတ်များကို ထွေးထုတ်လိုက်ပြီး မေးလိုက်သည်။

"ဝိညာဉ်နဲ့ ပတ်သက်နေတဲ့ ပတ္တမြားတစ်လုံးကို ရှာဖွေပေးရမယ့်ကိစ္စပါပဲ၊ ဒီကိစ္စအောင်မြင်ရင် ကျွန်တော်တို့ သုံး





ယောက် ရှမ်းဗဲလားနဲ့ တူတဲ့ လျှို့ဝှက်တဲ့နေရာတစ်ခုကို ဝင်ခွင့်ရမယ်"

"ဟန်ကျတာပေါ့ မောင်ထင်ကျော်ရယ်၊ အဆင်ပြေတော့လည်း ရှမ်းဗဲလားမှာ တသက်လုံး နေခွင့်ရရင် နေနိုင်အောင် ကြိုးစားရမှာပေါ့"

"ဒီလိုတော့ မလုပ်ပါနဲ့ အဘရယ်၊ တော်ကြာ ကျွန်တော်တို့ အဖော်တစ်ယောက် လျော့သွားပါဦးမယ်"

ဟု ဒေါက်တာမင်းထင်ကျော်က ရယ်ရယ်မောမောပြောလိုက်လေသည်။

"ဒါထက် ကျုပ်တို့ သိရအောင် ဖြစ်သမျှအကြောင်းကိုလည်း ပြောပါဦး"

ဟု ဆရာကြီးသူရဋ္ဌက မေးသဖြင့် ဒေါက်တာမင်းထင်ကျော်က ပတ္တမြားနှင့် ပတ်သက်သောအကြောင်းများကို သူသိသမျှ ပြောပြလိုက်လေသည်။

"ရတနာပစ္စည်းဆိုတာ သူ့ရဲ့မူလစွမ်းအင်တွေ ရှိတယ်၊ အသုံးချတဲ့အပေါ်မှာ မူတည်ပြီး စွမ်းအင်အပြောင်းအလဲတွေလည်း ရှိတယ်၊ ရတနာတွေထဲမှာ ပတ္တမြားဟာ အမိကကျတဲ့ရတနာတစ်ပါး ဖြစ်သလို မထိုက်ဘဲ ကိုင်ဆောင်သုံးစွဲမိရင် ဥပါဒ်ရောက်လေ့ရှိတယ်"

"ဟုတ်ကဲ့ ဆရာကြီး"

"မြန်မာနိုင်ငံကို နယ်ချဲ့မျက်နှာဖြူတွေ သိမ်းပိုက်ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ချက်က မြန်မာပြည်ရဲ့သယံဇာတပစ္စည်းတွေကို လိုချင်တာထက် ပတ္တမြားမြေမောက်ကို လိုချင်လို့ မရမနေ တိုက်ခိုက်သိမ်းပိုက်တယ်လို့ ဆိုရမှာပဲ"

"ဘယ်လိုကြောင့်လဲ ဆရာကြီး"

ထိုအခါ ဆရာကြီးသူရဋ္ဌက ပတ္တမြားမြေမောက်နှင့် ပတ်သက်သော အောက်ပါ သာဓကတစ်ခုကို ပြောပြသည်။

ယောမင်းကြီးဦးဖိုးလှိုင်သည် သူ့ရဲ့ဝန်ဦးလုံးအား ဘုရင်မင်းကြီး မျက်နှာသာပေးလွန်းသည်ကို ဟန့်တားပြောဆိုမိသဖြင့် ညီလာခံအပြီးတွင် ရာထူးမှ ချကာ အကျယ်ချုပ်နှင့် အမရပူရသို့ အပို့ခံရလေသည်။

ထို့နောက် မင်းတုန်းမင်းသည် ကင်းဝန်မင်းကြီးအား သံအမတ် ခန့်အပ်၍ 'ကဝိလက္ခဏာဒီပနီကျမ်း' ကို ရေးသားသူ ဦးဖြိုးအား စာရေးတော်ကြီး ခန့်အပ်ကာ အင်္ဂလန်နိုင်ငံသို့ စေလွှတ်လေသည်။

ကင်းဝန်မင်းကြီးသည် သံအမတ် အဆောင်အယောင်ဖြင့် အင်္ဂလန်ပြည်သို့ ထွက်ခွာသွားရသည်။

ဧကရီဘုရင်မနှင့် တွေ့လျှင် နှစ်နိုင်ငံ ချစ်ကြည်ရေး မိတ်ဆက်စကား ပြောကြားသည်။

ဧကရီဘုရင်မသည် မင်းကြီးဦးကောင်းအား ဗြိတိသျှစစ်အင်အားနှင့် ပြည်တွင်းရှိ မြို့ပြကြီးငယ်များကို ပြသကာ မြန်မာပြည့်ရှင် မောင်တော်ဘုရင်မင်းတုန်း ကျန်းခန့်သာ၍မာ





တော်မူရန် ဆုတောင်းမေတ္တာပို့သကြောင်း၊ မြန်မာပြည်သူပြည်သားတို့၏ဦးရစ်သရဖူ ဘုရင်တစ်ဆူအဖြစ် အသက်ရာကျော်ရှည်၍ အုပ်ချုပ်တော်မူရန် လိုလားကြောင်း ပြောကြားလေသည်။

ဧကရီဘုရင်မသည် မင်းကြီးဦးကောင်းအား သွယ်ဝိုက်ကာ အလ္လာပ သလ္လာပ စကားနှီးနှောပြီးနောက် ပတ္တမြားကျောက်သံ၊ စပါး ကောက်နှံတို့ဖြင့် ကြွယ်ဝသော မြန်မာပြည်၏ အခြေအနေကို မေးမြန်းခြင်းပြုသည်။ မင်းကြီးဦးကောင်းတွင် မိုးကုတ်ကျောက်တွင်းနှင့် ပတ်သက်၍ ရောင်းချနိုင်ခွင့်အာဏာ ရှိမရှိ မေးသည်။

သွေးနားထင်ရောက်အောင် မြှောက်ပင့်ခြင်း ခံရသော မင်းကြီးဦးကောင်းမှာ နယ်ချဲ့၏ကျော့ကွင်းကို မမြင်ဘဲ ဘဝင်အမြင့်ကြီးမြင့်ကာ သူ့တွင် ရောင်းချနိုင်ခွင့်ရှိကြောင်း ဖြေဆိုလိုက်သည်။

ထိုအခါ ဧကရီဘုရင်မက မိုးကုတ်ကျောက်တွင်း အရောင်းအဝယ်ကိစ္စကို စာချုပ်ရန် စီစဉ်လိုက်လေသည်။

မင်းကြီးဦးကောင်းသည် အင်္ဂလန်ပြည်မှ ရတနာပုံနေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ရာ သူ့အတွေ့အကြုံများအပြင် ဧကရီ ဘုရင်မနှင့် မိုးကုတ်ကျောက်တွင်းအရောင်းအဝယ်ပြုခဲ့ပုံကို သံတော်ဦးတင်လေ၏။

မင်းတုန်းမင်းဘုရင်သည် ဦးကောင်း၏စကားကိုကြား



www.burmeseclassic.com

www.burmeseclassic.com



တော်မူလေလျှင် များစွာစိတ်နှလုံးထိခိုက်တော်မူသည်။

ဦးကောင်းအား နောက်ထပ်စကားမပြောတော့ဘဲ တုံဏှိဘာဝေဖြင့် မှိုင်တွေနေခိုက်မှာပင် ဧကရီဘုရင်မက စေလွှတ်လိုက်သော ကျောက်တွင်းဝယ်မည့် သံတမန်များ ရှေ့တော်သို့ ဆိုက်ရောက်လာလေသည်။

မင်းတုန်းဘုရင်က. . .

"မည်သည့်အကြောင်းကိစ္စနှင့် ရောက်လာပါသနည်း"

ဟု ဗြိတိသျှ သံတမန်များကို မေးတော်မူရာ သံတမန်များက ကျောက်တွင်းဝယ်ရန် ရောက်လာကြောင်း သံတော်ဦးတင်လျှက် စာချုပ်ကို ဆက်ကြလေသည်။

ဤအခါ မင်းတုန်းဘုရင်ကြီးသည် ရာဇက္ကန္ဓေ မပျက်စေဘဲ. . .

"ကောင်းပြီ. . . စာချုပ်အရ စုံစမ်းစစ်ဆေးပြီးမှ သေချာစွာ အမိန့်တော် ချမှတ်နိုင်မည်၊ သုံးရက်ခန့် ဆိုင်းကြရမည်"

ဟု မိန့်တော်မူကာ အတွင်းတော်သို့ ဝင်ကြွသွားလေသည်။ သံတမန်များလည်း သံတဲသို့ ပြန်သွားကြသည်။

မင်းတုန်းဘုရင်သည် အတွင်းတော်သို့ ရောက်လျှင် မိဖုရားကြီးငယ်တို့ကို ခေါ်တော်မူ၍ အောက်ပါအတိုင်း မိန့်တော်မူလေသည်။

"မမတို့. . . သည်တစ်ခါဖြင့် ဈေးကောင်း ခေါင်းပေါ်ရွက်၊ ယက်ကန်းရက်၊ ပဲပြုတ်ရောင်းပြီး အသက်မွေးဖို့ပဲ စိတ်ကူး





ကြတော့၊ မင်းကြီးငကောင်းက မိုးကုတ်ကျောက်တွင်းကို မဆင်မခြင် သူ့သဘောအတိုင်း ဗြိတိသျှဘုရင်မထံ ရောင်းခဲ့ပြီ၊ စာချုပ်အရ ရောင်းရတော့မည်၊ မရောင်းဘဲ ငြင်းဆန်နေက ပြည်ပိုင်မင်းအချင်းချင်းဖြစ်ကြလို့ လောဘ၊ ဒေါသ၊ မောဟနောက်ကို လိုက်မိကြရင် စစ်ဖြစ်ကြဖို့ပဲ ရှိတော့တယ်၊

သည်လို မဖြစ်ရလေအောင် ကျောက်တွင်းကို ရောင်းပြီး မမတို့လဲ မသေခင် ဆင်းရဲသားအလုပ်နဲ့ အသက်မွေးကြပေတော့"

မင်းတုန်းဘုရင်၏မိန့်ဆိုချက်ကို စကြာဒေဝီမိဖုရားကြီးကြားလေသော် ဤသို့ တင်လျှောက်လေသည်။

*ဒေဝီ။ ။ "ရောင်းတဲ့လူက သူ့ဉာဏ်နှင့်သူ ရောင်းခဲ့တော့ အရောင်းအဝယ်ပျက်အောင် နည်းပရိယာယ်နဲ့ ဖျက်လိုက်တာပေါ့ မောင်တော်"*

*ဘုရင်။ ။ "မရောင်းနိုင်ဘူးလို့ ပြောဖို့ ဗြီးဗြိတ်အောင် ဘယ်ဝန်ကြီးနဲ့ တိုင်ပင်ရမှာလဲ မမဖုရားရဲ့"*

*ဒေဝီ။ ။ "ဖြစ်ခဲ့တာတွေကို လျှောက်ပြီးအပြစ်တော်တင်နေလို့ နေမြင့်လေ အရှုံးရင့်လေဖြစ်မှာပဲ မောင်တော်ဘုရား"*

*ဘုရင်။ ။ "အနို့. . . ဘယ်လိုစီမံရင် ကောင်းမလဲ မမရဲ့"*

*ဒေဝီ။ ။ "သားတော်ဘိုးလှိုင် ရှိသားကပဲ၊ ဘိုးလှိုင်ကို ခေါ်ပေါ့ မောင်တော်"*



www.burmeseclassic.com

www.burmeseclassic.com



ဤတွင်မှ ဦးခေါင်းမီးတောက်နေသော မင်းတုန်းဘုရင်ကြီးသည် ရာထူးချ၍ အကျယ်ချုပ်နှင့် အမရပူရမြို့သို့ ပို့ထားသော ရွှေပြည်ဝန်ကြီးဦးဘိုးလှိုင်ကို သတိရတော်မူလာသည်။

ချက်ချင်း သံတော်ဆင့်တစ်ယောက်အား အမရပူရမြို့သို့ စေလွှတ်၍ ဦးဘိုးလှိုင်ကို ခေါ်စေသည်။

မင်းတုန်းဘုရင်နှင့် စကြာဒေဝီ မိဖုရားအရှင်နှစ်ပါးတို့မှာ ဇေတဝန်ဆောင်၌ စံလျက်ရှိကြသည်။

ဦးဘိုးလှိုင် ရောက်ရှိလာသောအခါ မိဖုရားခေါင်ကြီးက တိုင်းပြည်နှင့် ပတ်သက်သော အရေးကြီးသည့် ကျောက်တွင်းအရောင်းအဝယ်ကိစ္စကို ပြောပြတော်မူသည်။

ဦးဘိုးလှိုင်က အဖြစ်အပျက်ကို စဉ်းစားကာ ပူပန်ကြောင့်ကြ စိုးရိမ်တော်မမူရန် လျှောက်ထား၍ မနက်ဖြန် အဝယ်တော် သံတမန်များနှင့် စကားပြောရာ၌ လိုအပ်သော ပစ္စည်းများကို တောင်းခံစေလေသည်။

နန်းစဉ်ပတ္တမြားငမောက် ကျောက်ရတနာကြီးတစ်လုံး၊ လှော်ကားတော်နှင့် ဆက်သသော ကျောက်လတ်ရတနာတစ်လုံး၊ ရွှေထီးမိုး၍ ဆက်သထားသော ကျောက်ငယ်ရတနာ တစ်လုံး၊ ဤကျောက်သုံးလုံးကို အလိုရှိသလို အသုံးပြုရန် လွှဲအပ်လိုက်သောအခါ ဦးဘိုးလှိုင်သည် အရှင်နှစ်ပါးအား ဦးချ၍ နေအိမ်သို့ ပြန်ခဲ့သည်။

နောက်တစ်နေ့နံနက်၌ ယောအတွင်းဝန်မင်း ဦးဘိုး





လှိုင်သည် ဓောင်း၊ နားဒွောင်း၊ အဆောင်အယောင်များကို ဝတ်ဆင်ထားလေသည်။

ဇေတဝန်ဆောင်ထဲသို့ စောစောရောက်နေသော်လည်း အဝယ်တော်သံတမန်များနှင့် မတွေ့သေးချေ။

နံနက် တစ်ချက်တီးကျော်အချိန်တိုင်အောင် အဝယ်တော် သံများကို စောင့်နေကြစေသည်။

အတန်ကြာမှ ယောအတွင်းဝန် ဦးဘိုးလှိုင် ရောက်လာကာ အဝယ်တော် သံတမန်များကို အဆောင်တော်အတွင်း၌ နေရာချထားပေးသည်။

*လှိုင်။ ။ "မိုးကုတ်ကျောက်တွင်း အဝယ်လာတဲ့ အဝယ်တော်များ မှတ်တယ်"*

*အဝယ်တော်။ ။ " မှန်လှကြောင်းပါ"*

*လှိုင်။ ။ "အဝယ်တော်တို့ ပြီးလျှင် အဝယ်တော်တို့ရဲ့ ကေရီဘုရင်မကြီးက ပြီးစီးပါရဲ့လား"*

*အဝယ်တော်။ ။ " ပြီးစီးကြောင်းပါ"*

*လှိုင်။ ။ "ကောင်းပါပြီ . . . ကျွန်ုပ်တို့ဘုရင်ကလဲ ကျွန်ုပ်ပြီးလျှင် အားလုံးပြီးပါတယ်၊ ကျွန်ုပ်ပြောစကားကို ဘုရင်ပြောစကားလို့ မှတ်ကြရမယ်"*

*အဝယ်တော်။ ။ "ကောင်းပါပြီ ဝန်မင်း"*

*လှိုင်။ ။ "နိုင်ငံတော်ကို အုပ်စိုးကြတဲ့ မင်းအချင်းချင်းဖြစ်၍မို့ ကျောက်တွင်းအရောင်းအဝယ်ကိစ္စ*



www.burmeseclassic.com

www.burmeseclassic.com



*ကို ပြီးပြတ်အောင် ကတိစာချုပ်အတိုင်း ပြုကြ ရပေမပေ့ါ။ ငြင်းပယ်ဖို့ မလိုပါဘူး၊ ဒါပေမယ့် ကျောက်တွင်းကို တန်ဖိုးမဖြတ်မီ အဲဒီ ကျောက်တွင်းက ထွက်တဲ့ ကျောက်သုံးလုံးကို အရင်အဖိုးဖြတ်ကြပါ၊ တရုတ်ရာဖြတ်က အဖိုးဖြတ်ပါလိမ့်မယ်”*

ဦးဘိုးလှိုင်သည် ယင်းသို့ပြောပြီးလျှင် အငယ်ဆုံး နန်းစဉ်ကျောက်ကို ဂွမ်းတစ်ပိဿာတွင် ထည့်လိုက်သည်။ ကျောက်ရောင်သည် ဂွမ်းများကို ဖောက်ထွင်းလျက် ~ရောင်တဝင်းဝင်း ထွက်နေလေသည်။

ထိုကျောက်ကို ဦးဘိုးလှိုင်က တရုတ်ရာဖြတ်အား တန်ဖိုးဖြတ်ခိုင်းရာ. . .

“တစ်တိုင်းပြည် တန်ပါကြောင်း”

လျှောက်တင်လေသည်။

ထိုကျောက်ငယ်ကို ဂွမ်းပုံထဲမှ ဖယ်ထုတ်ကာ လော်ကားတင်နှင့် ဆက်သထားသော ကျောက်လတ်ကိုတဖန် ဂွမ်းပုံတစ်ပိဿာအတွင်း ထည့်၍ ကလပ်ပေါ် တင်လိုက်သည်။

ကျောက်အရောင်များ ရွှန်းရွှန်းတောက် ထွက်နေသဖြင့် နောက်ထပ်ဂွမ်းနှစ်ပိဿာဖြင့် ထုပ်လိုက်ရသည်။ ကျောက်ရောင်များကား တဖျပ်ဖျပ် အရောင်ထွက်နေဆဲပင်ဖြစ်သည်။

တရုတ်ရာဖြတ်က ထိုကျောက်လတ်ကို သုံးပြည်ထောင်





တန်ပါကြောင်း လျှောက်တင်လေသည်။

ထိုကျောက်လတ်ကိုလည်း ဂွမ်းပုံထဲက ထုတ်လိုက်သည်။

နောက်ဆုံးတွင် နန်းစဉ်ပတ္တမြားငမောက်ကြီးကို ဂွမ်းတစ်ပိဿာမှ ခုနစ်ပိဿာအထိ ထုပ်၍ ကလပ်ပေါ် တင်လိုက်ရာ အရောင်တဖိတ်ဖိတ်နှင့် ကလပ်ဝဲယာသို့ ဖြာကျနေလေရာ ခုနစ်ပြည်ထောင် တန်ပါကြောင်း လျှောက်တင်လေသည်။

လှိုင်။ ။ *“ကိုင်း. . . အဝယ်တော် သံအမတ်တို့၊ ကျောက်တွင်းကို ဝယ်ဖို့စကား နောက်ထားပြီး သည်ကျောက်သုံးလုံးကို အရင်ဝယ်နိုင်အောင် ဝယ်ကြပါ”*

သံအမတ်များ။ ။ *“သည်လောက်တန်ဖိုးများတဲ့ ကျောက်တွင်းကို မဝယ်နိုင်ကြောင်းပါ”*

လှိုင်။ ။ *“အဝယ်တော်ကိုယ်စားလှယ် လုပ်လာကြတာ အံ့စရာပါလား၊ ဘုရင်ကေရီမကြီးရဲ့ကိုယ်စား ပြီးပြတ်ပါတယ်ဆိုပြီး မပြီးပြတ်တာ ဝမ်းနည်းစရာပေပဲ၊ ရှိပါစေတော့ဗျာ၊ ကဲ. . သံအမတ်တို့ ချုပ်ဆိုခဲ့တဲ့စာချုပ်ကို ပြုကြစမ်းပါဦး”*

ဗြိတသျှသံအမတ်များက စာချုပ်ကို ထုတ်ပြသဖြင့် ဦးဘိုးလှိုင် ဖတ်ရှုကြည့်ပြီးနောက် သံတမန်တို့ရှေ့တွင်ပင် ဆုတ်ပစ်ကာ ဒေါသထွက်ယောင်နှင့် အဆောင်တော်မှ ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

အတွင်းဆောင်မှ တစေ့တစောင်း ကြည့်ရှုနားထောင်တော်မူလျက်ရှိကြသော အရှင်နှစ်ပါးသည် ဦးဘိုးလှိုင်၏ပြောဆိုတတ်ပုံကို ကြားသိတွေ့မြင်ရလေလျှင် တိုင်းပြည်ကြီး ရေတိမ်နစ်တော့မည့်အရေးကို ကယ်တင်နိုင်စွမ်းသည့် ဦးဘိုးလှိုင်၏ဉာဏ်ပညာအရည်အချင်းကို ချီးကျူးလျက် ဦးဘိုးလှိုင်အား ဆုလာဘ်ပကာများ ပေး၍ မူလရာထူးအတိုင်း ပြန်လည်ချီးမြှင့်ခြင်းပြုလေသည်။

ဤကား ပတ္တမြားငမောက်ဖြင့်ပင် စာချုပ်ကို ပျက်အောင် ဖျက်လိုက်ခြင်းပင်တည်း။

"အမှန်တော့ ဒီအဖြစ်အပျက်ကို ကြည့်ရင် ကိုယ့်တိုင်းပြည်က ထွက်တဲ့ပတ္တမြားငမောက်ကြောင့် မြန်မာနိုင်ငံ ရေတိမ်နစ်ရမယ့်အရေးက လွတ်ကင်းခဲ့ရတယ်လို့ ဆိုနိုင်သလို ပြည်တန်ပတ္တမြားကြီးအကြောင်းကို နယ်ချဲ့မျက်နှာဖြူတွေ စတင်သိသွားကြတယ်ဆိုရင်လည်း မမှားပေဘူးမဟုတ်လား"

"မှန်ပါတယ် ဆရာကြီး"

"ဒီအချက်ကို ကြည့်ရင် ကင်းဝန်မင်းကြီးဦးကောင်းရဲ့ဉာဏ်အမြော်အမြင်နည်းပုံကြောင့် ကိုယ့်နိုင်ငံရဲ့အမြတ်တနိုးထားတဲ့ ရတနာတွေအကြောင်းကို အခြားတိုင်းပြည်က လူတွေသိသွားခဲ့ရတယ်ဆိုရင်လည်း မမှားပါဘူး"

"ဟုတ်ပါတယ် ဆရာကြီး၊ မင်းတုန်းမင်းလက်ထက်မှာ





အဲဒီလို မှားယွင်းမှုပြုခဲ့ရုံ မကပါဘူး၊ သီပေါဘုရင်လက်ထက်မှာလည်း ဦးကောင်းရဲ့ကိုယ်ကျိုးရှာမှု၊ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့စိတ်နဲ့ ဆောင်ရွက်ခဲ့လို့ ဘုရင်ကို နယ်ချဲ့မျက်နှာဖြူတွေက ကြက်ကလေးငှက်ကလေး ဖမ်းသလို အလွယ်တကူဖမ်းနိုင်ခဲ့ကြတာပဲ၊

ဒါကြောင့် ဘုရင်နန်းကျတဲ့ (၁၂၄၇)ခုနှစ်ကို အကြောင်းပြုပြီး 'ဦးကောင်းလိမ်ထုတ် မင်းဆက်ပြုတ်' ဆိုပြီး ပြောစမှတ်ဖြစ်ခဲ့တာပဲ"

"မှန်တာပေါ့ကွယ် . . တိုင်းပြည်ကို အင်္ဂလိပ်တွေ သိမ်းပိုက်ပြီးတဲ့နောက်မှာ တခြားလူတွေသာ ဒုက္ခရောက်ကြရတယ်၊ ဦးကောင်းကတော့ နန်းတော်နားမှာပဲ အိမ်ကြီးအိမ်ကောင်းနဲ့ အခန့်သား နေနိုင်ခဲ့တယ်လေ"

"ကာနယ်စလေဒင်က နန်းတော်ထဲ ရောက်ရောက်ချင်း ရှင်ဘုရင်ဆီက 'ပတ္တမြားငမောက်' ကို အရင်ဆုံး တောင်းယူတာကို ကြည့်ရင် မျက်နှာဖြူတွေ ပတ္တမြားငမောက်ကို ဘယ်လောက်လိုချင်ကြတယ်ဆိုတာ အသိသာကြီးပဲ၊

ဒီအချက်ကလည်း သဘော်ဆိပ်မှာကတည်းက ကင်းဝန်က လက်ထောက်ချခဲ့တာပဲ"

"သီပေါဘုရင် ပါတော်မူပြီး ရတနာဂီရိမှာ အကျဉ်းစံဘဝနဲ့ နေရတဲ့အချိန်မှာ ကင်းဝန်မင်းကြီးတိုင်းပြည်နှင့် အရှင်သခင်ကို ကျွန်ဘဝရောက်အောင် စီမံခဲ့ပုံကို အပါးတော်မြဲ



www.burmeseclassic.com

www.burmeseclassic.com



အတွင်းဝန်ကို ပြောပြသွားတာလည်း သံဝေဂ ယူစရာပဲ ဆရာကြီး"

အပါးတော်မြဲ အတွင်းဝန် ဦးစံရွှေ၏မှတ်တမ်း၌ ဖော်ပြထားသော သီပေါဘုရင်၏သံဝေဂစကားမှာ. . .

"ကင်းဝန်မင်းကြီးသည် ငါ့ခမည်းတော်လက်ထက်က မင်းကြီးကလေး၊ ငါ့လက်ထက်မှာ မင်းကြီး၊

အကြီးဆုံးရာထူးကို သနားတော်မူခဲ့သည်၊

ကုန်းဘောင်မင်းဆက်မှာ ဘယ်မင်းဆက်မှ မပေးသော ရာထူးဖြစ်သည့် မင်းကြီးမဟာသက်တော်ရှည်ကို ငါပေးသည်၊

ကျောက်စီတောင်ဝှေးကို ငါသနားတော်သည်၊

လက်နက်ဝန်ကြီးရာထူးကို ငါအပ်နှင်းတော်မူသည်၊

ယခုနေအခါ ထိုရာထူးနှင့်ဆိုလျှင် သင့်မြေးကို ပေးနိုင်သောရာထူးကို ပေးနိုင်သည်၊

တို့မောင်နှမ ကုလားပြည် ရောက်ရခြင်းမှာ သင့်ကြောင့် ရောက်ရသည်၊

သို့သော် ငါတို့မှာ ကိစ္စမရှိပေ။

အင်္ဂလိပ်က တစ်နှစ်တစ်သိန်း ပေးထားသည်၊

ဆင်းရဲဒုက္ခမရောက်၊

ရာဇဝင်အစောင်စောင် ဗုဒ္ဓဝင်အစောင်စောင် လောကကြီးကို ကြည့်လျှင် သစ္စာပျက်သောသူ၊ ကျေးဇူးရှင်(ရှင်)ကျေးစွပ်သောသူသည်. . .





လူချမ်းသာသော်လည်း စိတ်မချမ်းသာ၊

စိတ်ချမ်းသာသော်လည်း လူမချမ်းသာ၊

နောင်ကိုလည်း အမြဲဒုက္ခရောက်စမြဲ၊

လောကီလောကုတ္တရာလည်း မကောင်း၊

ဘုရားလောင်းမျောက်မင်းသည့် မုဆိုးပုဏ္ဏားအား သွေးစက်စက်နှင့် လမ်းပြ၍ ရွာအဝင်မှာ မုဆိုးမြေမျိုသည့်ပုံကို ဆင်ခြင်"

ဟု ကင်းဝန်မင်းကြီးကြောင့် နိုင်ငံနှင့်ဘုရင်ပါ အင်္ဂလိပ်လက်ထဲ ပါရသည်ဟု သံဝေဂစကား ဆိုဖွယ်ရာရှိတော့သည်။

ဒေါက်တာမင်းထင်ကျော်က အပါးတော်မြဲ ဦးစံရွှေ မှတ်တမ်းမှ သီပေါမင်း၏သံဝေဂစကားကို ပြန်ပြောသောအခါ ဆရာကြီးသူရရွှေနှင့် ဦးဇန်ကောင်းတို့က စိတ်မသက်မသာနှင့် သက်ပြင်းကိုယ်စီ ချလိုက်ကြလေသည်။

"ဒါကတော့ ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန်ပျက်ဆိုတဲ့ စကားလို့ပေါ့၊ ကိုယ့်တိုင်းပြည် ပျက်စီးချိန်တန်တော့လည်း အခုလို ဖျက်ဆီးမယ့် ဦးကောင်းလိုလူမျိုးတွေက အလိုလို ပေါ်လာရတာပဲပေါ့"

ဟု ဦးဇန်ကောင်းက ပြောသည်။

"ကျုပ်ပြောချင်တာက ပတ္တမြားတစ်လုံးကို အကြောင်းပြုပြီး တိုင်းပြည်ပျက်ရတယ်အထိ ဖြစ်ရတယ်ဆိုတာကို ပြောချင်တာပါ၊ ကျောက်မျက်ရတနာဆိုတာ မထိုက်တန်ဘဲ ယူထားခဲ့ရင်



www.burmeseclassic.com

www.burmeseclassic.com



အသက်အန္တရာယ်အထိ ဖြစ်စေနိုင်တယ်"

"ဒါဖြင့် မောင်ထင်ကျော် ပြောတဲ့ ဝိညာဉ်မျက်လုံးဆိုတဲ့ ပတ္တမြားဟာ သူနဲ့ ပတ်သက်တဲ့လူတွေ တစ်ယောက်ပြီးတစ်ယောက် အသေဆိုးနဲ့ သေကြတာဆိုတော့ ကျုပ်တို့လည်း ဘယ်လိုအန္တရာယ် ကြုံကြရဦးမယ် မသိသေးဘူးနော်"

ဟု ဦးဖန်ကောင်းက ပြောသည်။

"ဘာမှား စိတ်ပူစရာရှိသလဲ ဦးဖန်ကောင်းရယ်၊ ကျုပ်တို့က ပတ္တမြားကို ပိုင်ဆိုင်လိုစိတ်နဲ့ ဆောင်ရွက်တာမှ မဟုတ်တာ၊ အန္တရာယ် မဖြစ်နိုင်ပါဘူး"

"ဒါထက် သုန္ဒရီဆိုတဲ့မိန်းကလေး ပြောသွားတဲ့အတိုင်းဆိုရင် ပတ္တမြားက အန္တရာယ် အလွန်များတဲ့နေရာမှာ ရောက်နေတယ်လို့ ပြောသွားတယ်၊ ဘယ်လိုနေရာမျိုးမှာ ရောက်နေတာလဲ ဆရာကြီး"

"အခုတော့ တပ်အပ်ပြောနိုင်သေးဘူး၊ ညအချိန်ရောက်တော့မှပဲ ပုတီးစိပ် အဓိဋ္ဌာန်ဝင်ပြီး အာရုံခံကြည့်ရမယ်"

ထို့နောက်တွင် ဆရာကြီးသူရဋ္ဌနှင့် ဦးဖန်ကောင်းတို့အား ၎င်း၏စခန်းမှာပင် နေရာထိုင်ခင်း စီစဉ်ပေးလိုက်လေတော့သည်။





## အခန်း(၁၀)

# သုန္ဒရီနှင့် ဂမုန်းနက်ရှင်သူ

ဒေါက်တာမင်းထင်ကျော်တို့ စခန်းချထားသော သုတေသနစခန်းမှ ဟိမဝန္တာတောင်တန်းများ ရှိရာဘက်သို့ မျက်နှာမူထားသောကြောင့် ညအချိန်ရောက်လျှင် လရောင်အောက်၌ နှင်းမှုန်နှင်းစက်များ ဖုံးအုပ်ထားသော တောင်တန်းများကို လှပစွာ လှမ်းမြင်နိုင်ပေသည်။

ညဦးအချိန်ရောက်သောအခါ ဆရာကြီးသူရဋ္ဌက စခန်းနှင့် မနီးမဝေး၌ ရှိသော တောင်ကုန်းတစ်ကုန်းပေါ် သို့သွားကာ



www.burmeseclassic.com

www.burmeseclassic.com



အဓိဌာန်ဝင်လေသည်။

သူ၏အဓိက,ကျသော အဓိဌာန်ကျင့်စဉ်မှာ မေတ္တာစက်ကွင်း ပို့လွှတ်ခြင်းပင်ဖြစ်သည်။

ဆရာကြီးသူရဋ္ဌမှာ ရှမ်ဗဲလားဟု သတ်မှတ်ချက်ရှိသော နေရာမှ ကျောင်းတော်ကြီးရှိရာသို့ ရောက်ခဲ့ဖူးသူမို့ မေတ္တာစက်ကွင်း ပို့လွှတ်ခြင်း၏ အကျိုးအာနိသင်ရှိပုံများကို သိရှိထားပြီးဖြစ်သည်။

သူသည် အဓိဌာန်ဝင်စမှာပင် ဒေါက်တာမင်းထင်ကျော် ပြောပြသော ရှမ်ဗဲလား သို့မဟုတ် မနောသုခရွာ ရှိရာသို့ စိတ်အာရုံပြုလိုက်လေသည်။

သူ့အနေဖြင့် မနောသုခရွာသို့ တစ်ခေါက်မှ မရောက်ဖူးသေးသော်လည်း စိတ်အာရုံ၌ မြင်သာလာအောင် ပုံဖော်ကြည့်နေလေသည်။

မျှော်လင့်ချက်၊ ယုံကြည်ချက်တွေကို မေတ္တာစွမ်းအင်မှ တဆင့် အကောင်အထည် ဖော်နိုင်သည်ဟူသောအချက်ကို လက်ခံထားလေသည်။

မည်သည့်အရာမဆို စိတ်စွမ်းအင် ဦးဆောင်မှုဖြင့်သာ အောင်မြင်အောင် ဆောင်ရွက်နိုင်သည် ဟူသောအချက်ကိုလည်း ယုံကြည်ထားသည်။

တကယ်တော့ ဟိမဝန္တာသည် အတွင်းအဇ္ဈတ္တခရီးနှင်သူများ၊ သစ္စာတရား ရှာဖွေသူတို့၏နယ်မြေဖြစ်ရာ သူပို့လွှတ်





လိုက်သော မေတ္တာစက်ကွင်းတို့သည် မကြာမီ သက်ဆိုင်ရာဌာနနှင့် ပုဂ္ဂိုလ်တို့ထံ ရောက်ရှိသွားလိမ့်မည်ဟု စိတ်အာရုံ၌ ယုံကြည်မှု ထားလေသည်။

အတန်ကြာသောအခါ တလောကလုံး တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ကမ္ဘာလောကတစ်ခုလုံး မည်သည့်အတားအဆီးမှ မရှိတော့ဘဲ ဟင်းလင်းပြင်ကြီးဖြစ်သွားလေသည်။

ထိုအချိန်မှာပင် အဝေးတစ်နေရာဆီမှ ပျံ့လွင့်လာသောအသံကို ကြားရသည်။

"ကျွန်ုပ်တို့ မနောသုခမှ သင့်အား ကြိုဆိုပါ၏၊

သင်ပို့လွှတ်သော မေတ္တာလှိုင်းများနှင့် စိတ်စွမ်းအင်စက်ကွင်းများက ကျွန်ုပ်တို့ ရှိရာသို့ ရောက်သဖြင့် မေတ္တာစက်ကွင်းချင်း ဆက်သွယ်မှု ရခဲ့စေပြီ၊

ကျွန်ုပ်တို့ နေထိုင်သောနေရာမှာ လျှို့ဝှက်သောနေရာဖြစ်သည်၊ အစဉ်သဖြင့် ကျောက်နံရံကြီးများက ပိတ်ဆီးထားလျှက်ရှိပါသည်၊

သို့စေကာမူ သင်တို့အတွက်တော့ ဟင်းလင်းပြင်ပမာ ဝင်ရောက်နိုင်ပေလိမ့်မည်၊

ယခုပင် သင်၏ကိုယ်ပွားဝိညာဉ်အား ကျွန်ုပ်တို့နေရာသို့ လာခဲ့ပါရန် ဖိတ်ခေါ် အပ်ပါသည်။

ဟူသောအသံအချို့က နားထဲ ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာသောအခါ ဆရာကြီးသူရဋ္ဌ ကိုယ်ခန္ဓာ အတွင်းမှ ပုံရိပ်သဏ္ဍာန်တစ်ခုက မီးခိုးငွေ့များသဖွယ် အပြင်သို့ ထွက်သွားလေသည်။

၎င်းမှာ လျှပ်တပြက်အချိန်အတွင်းမှာပင် မြင့်မားသော တောင်တန်းတစ်ခုပေါ်မှ ရွာကလေးတစ်ရွာသို့ ရောက်သွားသည်။

ထိုရွာမှ အသက်အရွယ်ကြီးလှသော အဖိုးအိုတစ်ဦး တွေ့ကာ စကားပြောခွင့်ရသည်။

"ကျွန်ုပ်နာမည်က မဟာချန်ဒီဖြစ်ပါတယ်၊ ယခုလို ရောက်လာတဲ့အတွက် များစွာဝမ်းမြောက်မိပါတယ်"

အဖိုးအိုမှာ အသက်အရွယ်ကြီးရင့်လှပြီဖြစ်သော်လည်း မည်မျှအသက်အရွယ်ရှိမည်ကိုတော့ ခန့်မှန်းရန် ခက်လှပေသည်။

"သင်တို့ ဟိမဝန္တာကို ရောက်လာသော ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ကိုးကွယ်သော နတ်ဘုရားရုပ်ထု၏မျက်လုံးအဖြစ် အသုံးပြုထားသော ပတ္တမြားကို ရှာဖွေပေးရန်ဖြစ်သည့်အတွက် များစွာကျေးဇူးတင်လှပေသည်၊

သင့်အား ကျွန်ုပ်တို့ ကိုးကွယ်သော နတ်ဘုရားရုပ်ထုအား ပြသပေးပါမည်"

ဟု ပြောဆိုကာ နတ်ဘုရားကျောင်းသို့ ခေါ်ဆောင်သွားလေသည်။ နတ်ဘုရားရုပ်ထုကြီးမှာ စကျင်ကျောက်သားဖြင့်





ထုလုပ်ထားပြီး တင်ပလ္လင်ခွေထိုင်ကာ တရားဟောနေသည့်ပုံဖြာ မျိုးဖြစ်၏။

မျက်နှာတော်၌ ထူးခြားသောအရာကို တွေ့ရသည်။

မျက်လုံးနေရာ၌ တစ်ဖက်သာ ရှိပြီး ကျန်တစ်ဖက်က မရှိတော့ပေ။

ထိုနေရာမှ သွေးရောင်ကဲ့သို့ အနီရောင်အရည်များ စီးကျနေလေသည်။

"ဒီမျက်လုံးတော်ကို မိစ္ဆာတစ်ယောက်က ဖောက်ယူသွားခဲ့ခြင်းဖြစ်ပေတယ်၊ သူလည်း ထိုအကုသိုလ်အကျိုးပေးကြောင့် လူ့ပြည်၌ ကြာရှည်စွာ မနေခဲ့ရပေ၊

နောက်ထပ် ထိုပတ္တမြားကို လောဘစိတ်ဖြင့် ပိုင်ဆိုင်ရန် ကြိုးစားကြသူများလည်း တစ်ယောက်ပြီးတစ်ယောက် သေဆုံးခဲ့ကြရပေပြီ"

"ယခု ပတ္တမြားမျက်လုံးက ဘယ်နေရာ ရောက်နေပြီလဲ အဘိုး"

"မိစ္ဆာတွေ နေတဲ့နေရာတစ်ခုကို ရောက်သွားခဲ့ချေပြီ၊ ထိုနေရာကား ကျွန်ုပ်တို့နှင့် မအပ်စပ်သောနေရာပေမို့ ဘယ်လိုမှ မတတ်သာတော့ပြီ၊ သင်တို့၏အကူအညီဖြင့်သာ ရနိုင်ရန် အကြောင်းရှိပေတော့သည်"

"ထိုနေရာကို ဘယ်လိုသိနိုင်မလဲ အဖိုး"

"စိတ်မပူပါနဲ့. . . ထိုနေရာကို သိသော ကျွန်ုပ်တို့ဆီက



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို သင်တို့ထံ လွှတ်လိုက်ပါမည်၊

ထိုကိစ္စအား အောင်မြင်အောင် ဆောင်ရွက်ခဲ့ပါက သင်တို့အတွက် ထိုက်တန်သောအရာများဖြင့် ကျွန်ုပ်ကျေးဇူးဆပ်ပါမည်"

ဟု ပြောဆိုကာ တဖြည်းဖြည်း ပျောက်ကွယ်သွားလေတော့သည်။

ထို့အတူ ဆရာကြီးသူရဋ္ဌ၏ အာရုံစိတ်များမှာလည်း မူလနေရာသို့ ပြန်လည်ရောက်လာလေတော့သည်။

ညဦးနက်ပိုင်းအချိန်ရောက်မှ ထိုနေရာမှ ထကာ စခန်းသို့ ပြန်လာခဲ့သည်။

နောက်တစ်နေ့နံနက်ပိုင်းအချိန်တွင် ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့အား ထိုအကြောင်းကို ပြန်ပြောပြလိုက်သည်။

"ဒါဖြင့် သူတို့ဆီက လမ်းပြတစ်ယောက် ရောက်လာမယ်ဆိုတာပေါ့နော်"

"ကျုပ်အာရုံထဲမှာတော့ အဲဒီလိုပဲ ကြားလိုက်မိတယ် ဘာပဲဖြစ်ဖြစ် ခရီးထွက်ဖို့အတွက်ကတော့ ပြင်ဆင်ထားရင် မမှားဘူး"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ခရီးထွက်ရာတွင် လိုအပ်မည်ထင်သော အသုံးအဆောင်ပစ္စည်းများကို ပြင်ဆင်လေသည်။





တောတောင်ခရီး သွားရမည်မို့ အန္တရာယ်မျိုးစုံတို့နှင့် အချိန်မရွေး ရင်ဆိုင်တွေ့နိုင်ပေရာ အဓိက လိုအပ်သောပစ္စည်းမှာ သေနတ်နှင့် ကျည်ဆန်များ အလုံအလောက် ပါဖို့ဖြစ်သည်။

ထို့ပြင် လမ်းခရီးတွင် အရေးပေါ် စားရန်အတွက် အသားဗူးအချို့နှင့် ဆေးဝါးပစ္စည်းများလည်း စုံလင်အောင် ထည့်သည်။

လက်နှိပ်ဓါတ်မီး၊ ဓါတ်ခဲနှင့် ကြိုးခွေ၊ မိုးကာတဲ၊ စောင်၊ ခြင်ထောင်၊ ခြေအိတ်၊ လက်အိတ်၊ အနွေးထည်၊ ဂွမ်းကပ်တို့ကိုလည်း သုံးယောက်စာအတွက် ထည့်ရသည်။

ထိုပစ္စည်းများကတော့ ထွေထွေထူးထူး ရှာစရာမလိုဘဲ မိမိတို့စခန်းမှပင် ယူဆောင်ခဲ့ခြင်းဖြစ်၏။

ဒေါက်တာမင်းထင်ကျော်က တောကောင်အန္တရာယ်များနှင့် တွေ့ပါက ပစ်ခတ်နိုင်ရန် ပြောင်းရှည်၊ ပြောင်းတို သေနတ်များကို အဓိက ယူသလို ဦးဗန်ကောင်းထံမှာလည်း သဘာဝဆေးပင်၊ ဆေးမြစ်များ၊ ဓါတ်လုံး၊ ပြဒါးရှင် စသည်တို့ ပါသည်။

ဆရာကြီးသူရဋ္ဌထံမှာတော့ ၎င်းသွားလေရာ ယူဆောင်လေ့ရှိသော ဆေး၊ ဓါတ်လုံးနှင့် ဆေးတောင်ဝှေး စသည်တို့ ပါလေသည်။

ရိက္ခာပစ္စည်းများ ထမ်းပိုးရန်အတွက် စခန်းမှ လူတစ်ယောက်ကို အကူအညီခေါ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အဆင်သင့်ဖြင်ပြီး စောင့်ဆိုင်းနေကြစဉ် နောက်တစ်နေ့တွင် စခန်းသို့ လူတစ်ယောက် ရောက်လာလေသည်။

အခြားသူ မဟုတ်ပေ. . .။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှ ကြိုတ်၍မျှော်နေသော သုန္ဒရီပင်ဖြစ်တော့သည်။

"သုန္ဒရီက ခရီးထွက်တဲ့ဆီကို ကျွန်တော်တို့နဲ့ အတူလိုက်ဖို့ ရောက်လာတာလား"

"ဟုတ်ပါတယ်. . . အဘိုးက ဆရာတို့ကို အကူအညီပေးဖို့အတွက် လွှတ်လိုက်တာပါ"

"ဝမ်းသာစရာပဲပေါ့. . . ကျွန်တော်တို့က အဖော်တစ်ယောက် ရောက်လာမယ်ဆိုတော့ အခြားတစ်ယောက် ရောက်လာမယ်ထင်နေတာ"

"ဟင်. . . ဆရာတို့က ကျွန်မတို့ဆီက တစ်ယောက်ယောက် လာမယ်ဆိုတာ ကြိုတင်ပြီးသိနေတယ်ပေါ့"

"သိပါတယ်. . . ညက သုန္ဒရီတို့အဖိုးနဲ့ အခုရောက်လာတဲ့ ဆရာကြီးနဲ့ မနောဝိညာဉ်ချင်း အဆက်အသွယ်ရပြီးကြပါပြီ၊

အခု မြန်မာပြည်က ရောက်လာတဲ့ ဆရာကြီးနှစ်ယောက်နဲ့ သုန္ဒရီကို တွေ့ပေးပါ့မယ်"

ဟု ပြောကာ ဆရာကြီးသူရဋ္ဌနှင့် ဦးပန်ကောင်းတို့နှင့်





ယောက်အား သုန္ဒရီနှင့် မိတ်ဆက်ပေးလိုက်လေသည်။

ထို့နောက် အားလုံးအဆင်သင့်ဖြင်ပြီးသောအခါ စတင်၍ ခရီးထွက်ကြလေသည်။

စခန်းမှ စထွက်ကတည်းက ပြေပြစ်သောလမ်းဟူ၍မရှိဘဲ တောတောင်ခရီးလမ်းများသာ သွားကြရသဖြင့် ယောကျ်ားသားများပင် မောဟိုက်ပင်ပန်းမှုဖြစ်ကြသော်လည်း သုန္ဒရီကတော့ အပြုံးမပျက် လိုက်လာနိုင်ပေသည်။

ခရီးတထောက် နားကြသောအခါ ဒေါက်တာမင်းထင်ကျော်က အံ့သြစွာဖြင့် မေးလိုက်လေသည်။

"အခုလောက် ခရီးကြမ်းတွေ သွားရတာ သုန္ဒရီ မမောဘူးလားဟင်"

သုန္ဒရီက တစ်ချက်ပြုံးလိုက်ပြီး. . .

"မမောပါဘူး ဆရာရဲ့၊ တောင်ပေါ်ခရီးတွေက ကျွန်မတို့ သွားလာနေကျခရီးတွေပဲ"

ဟု ပြန်ပြောလေသည်။

"အလေ့အကျင့်ရှိတယ်ပဲ ထားပါဦး၊ ဒီလောက်ဆိုရင်တော့ အမျိုးသမီးတစ်ယောက်အနေနဲ့ မောသင့်သလောက်တော့ မောမှာပေါ့. . . အခုတော့"

ဒေါက်တာမင်းထင်ကျော်က နေရောင်ခြည်ကြောင့် နဖူးပေါ်မှာ ချွေးစို့ရုံကလေး စို့နေသော သုန္ဒရီမျက်နှာကို တစ်ချက် လှမ်းကြည့်ကာ ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာက ကျွန်မကို ကြည့်ပြီး အံ့သြနေတယ်ထင်တယ်၊ တခြားတော့ မဟုတ်ပါဘူး၊ အခုလို တောတောင်ခရီးတွေ သွားတဲ့အခါမှာ ကျောက်သွေးရည်ကို အမြဲသုံးဆောင်ပေးရပါတယ်"

"ကျောက်သွေးရည်က ဘယ်နေရာမှာ ရှိတာလဲဟင်"

"ကျွန်မတို့ နေတဲ့ မနောသုခရွာရဲ့ အနီးတဝိုက်မှာ ကျောက်တောင်တွေကြားက သဘာဝအတိုင်း စိမ့်ထွက်နေတဲ့ ကျောက်သွေးတွေ အများကြီး ရနိုင်ပါတယ်၊

ကျွန်မတို့ရွာမှာ နေကြတဲ့လူတွေက ကျောက်သွေးရည်ကို အမြဲသုံးဆောင်ကြပါတယ်"

ထိုစကားကြားသောအခါ ဆရာကြီးသူရရှင်က. . .

"ဒီမိန်းကလေးကို စမြင်ကတည်းက အသားအရေနဲ့ သွင်ပြင်လက္ခဏာက သာမန်လူတွေနဲ့ မတူဘဲ ထူးခြားနေပါတယ်လို့ စိတ်ထဲက ထင်နေတာ၊ အခုမှပဲ အဖြေက ရှင်းသွားတော့တယ်၊

ဒါထက် မင်းတို့ဆီမှာ အခြားအစွမ်းထက်တဲ့ သဘာဝဆေးဖက်ဝင်ပစ္စည်းတွေ ဘာတွေများ ရှိသေးလဲကွယ့်"

ဟု မေးလိုက်သည်။

"ရှိပါသေးတယ်. . . ပန်းပေါင်းဝတ်ရည်စုံပြီး ဆေးပေါင်းခတဲ့ သဘာဝပျားရည်ကိုလည်း သုံးဆောင်ကြရပါသေးတယ်"

"မင်းတို့ဆီမှာရော ပျားဖွပ်တဲ့လူတွေ ရှိတာပဲလားကွယ်"





"ကျွန်မတို့ရွာမှာ နေတဲ့လူတွေက သူတပါးအသက်ကို ဘယ်သူမှ မလုပ်ကြပါဘူး"

"ဟင်. . . ဒါဖြင့် ပျားရည်ကို ဘယ်လိုရကြသလဲဟင်"

"ကျွန်မတို့ ပတ်ဝန်းကျင်တဝိုက်မှာ ရှိတဲ့ ကျောက်တောင်နံရံတွေ သစ်ပင်ကြီးတွေပေါ်မှာ ဆန်ကောလောက် ကြီးတဲ့ ပျားအုံကြီးတွေ အများကြီးရှိပါတယ်၊

ပျားရည်အလိုရှိတဲ့လူတွေက အဲဒီပျားအုံတွေ ရှိရာကို သွားကြရပါတယ်၊ ပျားအုံရဲ့အောက်ကို ရောက်တဲ့အခါ ယူသွားတဲ့ခွက်ကို အောက်တည့်တည့်မှာ ချပြီး သစ္စာပြုရပါတယ်"

"ဘယ်လိုများ သစ္စာပြုသလဲကွယ်"

"အို. . . ပျားအပေါင်းတို့၊ ကျွန်ုပ်တို့သည် သင်တို့အသက်ကို မသက်ပါ၊ သင်တို့ တည်ဆောက်ထားသော အသိုက်အအုံကို မဖျက်ဆီးပါ၊ ကျွန်ုပ်တို့ ပျားရည်အလိုရှိပါသဖြင့် ပိုလျှံသောပျားရည်အချို့ကို ပေးပါ၊

လို့ အသံကျယ်ကျယ်နဲ့ ပြောပြီး ခွက်ကို ချထားခဲ့ရပါတယ်၊ နောက်တစ်နေ့ သွားကြည့်တဲ့အခါမှာ ချထားတဲ့ခွက်ထဲမှာ ပျားရည်အပြည့်ရှိနေတာကို တွေ့ရပါတယ်၊

ကျွန်မတို့က အဲဒီနည်းနဲ့ လိုချင်တဲ့ပျားရည်ကို သူတို့ဆီမှာ တောင်းယူကြတာပါ"

"ဒါကတော့ သင်ခန်းစာ ယူစရာကောင်းတဲ့နည်းတစ်ခုပေါ့၊ လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် မေတ္တာနဲ့ ဆက်ဆံရင် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



အရာမဆို အောင်မြင်နိုင်တယ်ဆိုတဲ့ သာဓကတစ်ခုပါပဲ၊

ဒါထက် မိန်းကလေးတစ်ယောက်တည်း တောထဲတောင်ထဲမှာ သွားလာနေတာ သားရဲတိရစ္ဆာန်တွေရဲ့ အန္တရာယ် မတွေ့ရဘူးလား”

“တွေ့ရပါတယ်. . . ဒါပေမယ့် သူတို့က ကျွန်မကို အန္တရာယ် မပေးနိုင်ကြပါဘူး”

“ဘာကြောင့်လဲကွယ့်. . . ဘယ်လို အဆောင်ကောင်းတွေများ ရှိနေလို့လဲ”

ထိုအခါ သုန္ဒရီက သူမ၏ဦးခေါင်းပေါ်မှာ ရစ်ပတ်ထားသောပုဝါထဲမှ အရာဝတ္ထုတစ်ခုကို ထုတ်ပြသည်။

ထိုအရာမှာ အနက်ရောင်ဥတစ်မျိုးကို ထုလုပ်ထားသော အရုပ်ငယ်ဖြစ်၏။

“ဒါ ဘာပစ္စည်းလဲကွယ့်”

“ဂမုန်းနက်ဥပါ ဆရာကြီး၊ ဟိမဝန္တာမှာ ရှိတဲ့ အနောရဒ္ဓ ရေအိုင်နားမှာ ရှိတဲ့ကျောက်ဖျာပေါ်ကို သုံးနှစ်တစ်ကြိမ် လာရောက်တဲ့ ဂမုန်းနက်ပင်က ဥကို ယူပြီး ဆောင်ထားတာပါ”

ထိုစကားကြားသောအခါ ဆရာကြီးသူရဇ္ဇက ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

ဆရာကြီးသူရဇ္ဇစိတ်ထဲမှာတော့ ၎င်းလေ့လာဖူးခဲ့သော ‘တြိကဏ္ဍ’ စွယ်စုံကျမ်းကြီးထဲ၌ ဖော်ပြထားသည့် ဂမုန်းနက်နှင့် ပတ်သက်သောအကြောင်းများကို သတိရမိလေသည်။





ဂမုန်းနက်သည် အပင်ပေါက်၍အရွက်စုံပါက တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းလေ့ရှိသည်။

သုံးနှစ်တစ်ကြိမ်၊ ခုနစ်နှစ်တစ်ကြိမ်၊ ဆယ်နှစ်တစ်ကြိမ်၊ ဟိမဝန္တာ အနောရဒ္ဓ(အနဝတ) ရေအိုင်အနီး၊ ပစ္စေကဗုဒ္ဓာ ရဟန္တာတို့ ပျော်မွေ့ရာဖြစ်သော ဂန္ဓမာဒနတောင်အနီးရှိ သီလာသ ကျောက်ဖျာပေါ်သို့ သွားရောက်လေ့ရှိသည်။

ဂမုန်းနက်၏အပင်သဏ္ဌာန်မှာ ဆိပ်ဖူးပင်သဏ္ဌာန်ရှိ၏။

အပင်နက်၏၊ အရွက်ကြောမည်း၏၊ လေညာက ဂမုန်းနက် ရှိလျှင် လေအောက် တစ်ဥသဘခန့်က မွှေးသည်။

အမြစ်ဥကား နန္ဒင်းခေါင်း၊ နန္ဒင်းဥကဲ့သို့ ရှိလေသည်။

အနံ့မှာ မွှေးပျံ့လေသည်။

ဂမုန်းနက်ကား. . .

သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့ ချစ်ခင်၏။

မိစ္ဆာမှန်သမျှ ကြောက်ရွံ့ကြသည်။

သွေး၍လိမ်းထားပါက ပိုးမွှားတိရစ္ဆာန်မှန်သမျှ မကိုက်ကြပေ။

ရေအောက်ဆင်းလျှင် မိကျောင်း၊ ငမန်း စသော လူကို အန္တရာယ်ပေးလေ့ရှိသော ရေသတ္တဝါတို့ အနားသို့ မကပ်ဝံ့ကြပေ။

တောတောင်များထဲ သွားလျှင် လူကို သတ်ဖြတ်တတ်သော ကျား၊ ဆင်၊ ခြင်္သေ့၊ ကျားသစ်၊ ဝက်ဝံ စသည်တို့ အနား

www.burmeseclassic.com



မကပ်ဝံ့ဘဲ အနံ့ရသည်နှင့် အဝေးမှ ပြေးကြရသည်။

ဂမုန်းနက်ကို မဟာပိန္နဲရုပ်ထုလိုက တင်ပလ္လင်ခွေ၍ ဘယ်လက်က နှာမောင်း၊ ညာလက်က သံလျက်ကိုင်ဟန် ထုလုပ်ပြီးလျှင် သရီရဓါတ်(၃)ဆူ ဌာပနာထည့်ရသည်။

သစ္စေး(၇)ထပ်၊ ရွှေ(၇)ထပ်ချကာ ရွှေကြုတ်ဖြင့် ဆောင်ထားပါက ဘေးအန္တရာယ်ကင်း၍ လိုရာဆန္ဒ ပြီးမြောက်နိုင်ပေသည်။

(စီရင်ပုံနှင့်ဂါထာ စသည်တို့ကိုတော့ မဖော်ပြတော့ပြီ)

သုန္ဒရီ ဆောင်ထားသောအရာမှာ ဂမုန်းနက်ဥကို မဟာပိန္နဲအရုပ် ထုထားသောအရာပင်ဖြစ်၏။

ထိုအခါမှ ဆရာကြီးသူရဋ္ဌမှာ တောတောင်များပေါ်မှာ တစ်ယောက်တည်း သွားလာနေသော်လည်း အန္တရာယ် တစ်စုံတစ်ရာနှင့် မတွေ့ရသော သုန္ဒရီ၏အဖြစ်မှန်ကို သိရလေတော့သည်။

ထို့နောက်တွင် ဒေါက်တာမင်းထင်ကျော်တို့မှာ အမောပြေသည်အထိ အနားယူပြီးနောက် ရှေ့သို့ ခရီးဆက်ရန် ပြင်ကြရပြန်သည်။





# အခန်း(၁၁)

## ရှေးပဝေသဏီမှ ကျောက်ဂူဘီလူး၏စောင့်ကြပ်ခြင်း

ထိုခရီးလမ်းကို သွားကြရာတွင် သုန္ဒရီက ရှေ့မှ လမ်းပြခေါ်ဆောင်သွားခဲ့သော်လည်း သူမအနေနှင့်လည်း တစ်ခေါက်တစ်ခါမှ ရောက်ဖူးသွားဖူးခဲ့သည် မဟုတ်ပေ။

သို့သော်လည်း တစ်စုံတစ်ယောက်က လမ်းပြပေးနေသကဲ့သို့ တောင်တက်လမ်းများ၊ တောလမ်းများမှာ သွားရာတွင် အခက်အခဲ မရှိလှပေ။

သူမထံတွင် ဂမုန်းနက်ရုပ်ကလေး ပါလာခြင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လော မပြောတတ်ပေ။

လမ်းခရီးတလျှောက်လုံးမှာ တောတိရစ္ဆာန်မျိုးစုံနှင့် ရင်ဆိုင်တွေ့ရသော်လည်း သူတို့ရှိရာသို့ ရောက်မလာကြပေ။

တစ်ကြိမ်မှာတော့ မြေထိုင်ဝက်ဝံညီုတစ်ကောင်နှင့် ပက်ပင်းတိုးကြလေသည်။

မြေထိုင်ဝက်ဝံမှာ အကောင်အရွယ်အစား ကြီးမား သလောက် အန္တရာယ်များလှသောသတ္တဝါမျိုးဖြစ်၏။

၎င်းနှင့် တွေ့သော လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ အလွတ် ပေးလေ့မရှိဘဲ ကုတ်ခြစ်ကိုက်ဖြတ်ကာ သတ်ဖြတ်လေ့ရှိသည်။

ယခုလည်း သာမန်ဝက်ဝံများထက် အကောင်အရွယ် အစား နှစ်ဆခန့် ကြီးမားသော ဝက်ဝံညီုကြီးမှာ မြေကြီးထဲမှာ မှည့်လေ့ရှိသော ပိန္နဲသီးမှည့်များကို တူးဖော်၍စားသောက်နေ ခြင်းဖြစ်သည်။

နတ်ပိန္နဲဟု အမည်ပေးထားသော ပိန္နဲပင်တစ်မျိုးမှာ အခြားအပင်များကဲ့သို့ ပင်စည်မှာ အသီးသီးလေ့မရှိဘဲ မြေကြီး အောက်၌ ရှိသော ပင်စည်အညှာ၌ အသီးသီးလေ့ရှိသည်။

အချိန်တန်၍မှည့်လျှင်လည်း မြေအောက်မှာပင် မှည့် သည်။ ၎င်းမှည့်သောအချိန်တွင် မြေကြီးများ ပွ၍ကွဲအက်လာပြီး ရနံ့များ ထွက်လာသည်။

ထိုအခါ အသီးအနံ့ စားသော လူဝံ၊ မျောက်ဝံ၊ ဝက်ဝံ၊ မျောက်၊ တောဝက် အစရှိသော သတ္တဝါများက ရောက်လာပြီး





တူးဖော်စားသောက်လေ့ရှိကြသည်။

လူများကတော့ ကြုံကြိုက်မှသာ စားရလေ့ရှိသည်။

ယခုလည်း မြေအောင်းပိန္နဲသီးတစ်လုံးကို တူးဖော်စား သောက်နေသော မြေထိုင်ဝက်ဝံကြီးမှာ ၎င်းတို့ကို မြင်သော အခါ အနှောင့်အယှက်ဟု ထင်မြင်ယူဆသွားဟန်ဖြင့် ပါးစပ်ကြီး ကို ဖြဲ၍ မာန်ဖီလိုက်လေသည်။

ထိုအခါ အားလုံးရပ်တန့်ကာ အခြေအနေကို အကဲ ခတ်ကြည့်လိုက်ကြသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ အရေးအကြောင်း ရှိလျှင် ချက်ချင်းအသုံးပြုနိုင်ရန် သေနတ်ကို အဆင်သင့် ပြင် လိုက်လေသည်။

မြေထိုင်ဝက်ဝံကြီးက ပိန္နဲသီးများကို စားသောက်နေရာ မှ ဒေါသတကြီး ထရပ်လိုက်သည်။

မာန်ဖီနေသောကြောင့် ပါးစပ်တွင်းမှ သွားနှင့်အစွယ် များကို အတိုင်းသား လှမ်းမြင်ရသည်။

လက်သည်းချွန်ကြီးများ ရှိသော လက်နှစ်ဖက်ကလည်း တယမ်းယမ်းဖြစ်နေလေသည်။

ထို့နောက်တွင် မာန်ဖီသံပေးကာ လူအုပ်ရှိရာသို့ ပြေး လာလေတော့သည်။

ထိုအခြေအနေအထိ ရှေ့ဆုံးမှာ ရပ်နေသော သုန္ဒရီမှာ ဩန္ဒြေတစ်ချက်မှ မပျက်ဘဲ နေရာမှာ ရပ်မြဲရပ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သုန္ဒရီ ဘေးဖယ်နေ"

ဒေါက်တာမင်းထင်ကျော်က သတိပေးရင်း ဝက်ဝံရှိရာသို့ သေနတ်ဖြင့် ထိုးချိန်လိုက်သည်။

သို့သော်လည်း သုန္ဒရီက လုံးဝမလှုပ်ရှားသေးဘဲ ဝက်ဝံကြီး မလှမ်းမကမ်း ရောက်လာတော့မှ ပုဝါထဲမှ ဂမုန်းနက်ရုပ်ကလေးကို ထုတ်ကာ လက်ဖြင့် ဝေ့ယမ်းလိုက်သည်။

ထိုအခါ အရှိန်ဖြင့် ပြေးလာသောဝက်ဝံကြီးမှာ တစ်စုံတစ်ယောက်က ရင်ဘတ်ကို ဆောင့်တွန်းလိုက်သကဲ့သို့ ဖြစ်ကာ တန့်သွားလေသည်။

နောက်တစ်ကြိမ် ဝေ့ယမ်းလိုက်သောအခါ မမြင်ရသော တစ်စုံတစ်ယောက်က ဝက်ဝံကြီးအား ပြင်းထန်စွာ ရိုက်ပုတ်လိုက်သကဲ့သို့ ရှိကာ နောက်သို့ ယိုင်သွားလေတော့သည်။

သုန္ဒရီက နောက်ထပ်တစ်ကြိမ်နှစ်ကြိမ် ဝေ့ယမ်းလိုက်သောအခါ မြေထိုင်ဝက်ဝံကြီးမှာ မခံမရပ်နိုင်အောင် နာကျင်သွားဟန်ဖြင့် စူးစူးဝါးဝါး အော်ဟစ်ကာ တောတွင်းသို့ ဝင်ပြေးသွားလေတော့သည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်တို့တတွေမှာ သက်ပြင်းချနိုင်ကြသလို သုန္ဒရီ၏အစွမ်းကိုလည်း များစွာအံ့သြကြရလေသည်။

"ဒါကြောင့် မိန်းကလေးက တောထဲတောင်ထဲမှာ တစ်ယောက်တည်း သွားလာနေပေမယ့် အန္တရာယ်မဖြစ်တာကိုး"





ဟု ဦးဗန်ကောင်းက မှတ်ချက်ချသည်။

"အခု သိချင်တာတစ်ခုတော့ သိရပြီ၊ နောက်တစ်ချက်ပဲ ကျန်ပါတော့တယ်"

ဆရာကြီးသူရဇ္ဇက ပြောသဖြင့် သုန္ဒရီက အနားသို့ လျှောက်လာလေသည်။

"ဘာများသိချင်တာလဲ ဆရာကြီး"

"တခြားတော့ မဟုတ်ပါဘူးကွယ်၊ မိန်းကလေးတို့ နေတဲ့နေရာနဲ့ ကျုပ်တို့ စခန်းချတဲ့နေရာက ခရီးအတော်ဝေးပုံရပါတယ်၊ ချက်ချင်းကြီး ဘယ်လိုများ ရောက်အောင်လာသလဲ ဆိုတာ သိချင်တာပါ"

"ဒီက ပညာတွေက အဖိုး သင်ပေးထားတဲ့ပညာတွေပါ ဆရာကြီး၊ တစ်ခါတစ်ရံ ရုပ်ပြောင်းနာမ်ခွာဆိုတဲ့ပညာဖြစ်တဲ့ ကိုယ်ပွားဝိဇ္ဇာ၌က ရောက်လာတာပါ"

"ဒါဖြင့် အခုရော ကိုယ်ပွားဝိဇ္ဇာ၌ပဲလား"

"မဟုတ်ပါဘူး. . . လူအစစ်ပါ"

"မိန်းကလေးတစ်ယောက်အနေနဲ့ ဒီလောက်ဝေးလံတဲ့ ခရီးကို မြန်မြန်ရောက်အောင် ဘယ်လိုနည်းနဲ့များ လာခဲ့တာလဲ"

"အဖိုးသင်ပေးထားတဲ့ 'မြေကြောရှုံ့တဲ့နည်း' ကို အသုံးပြုပြီး ရောက်အောင်လာခဲ့တာပါ"

(မှတ်ချက်. . . သုန္ဒရီပြောသော မြေကြောရှုံ့နည်း ပညာမှာ ရှေးက ဝိဇ္ဇာ၊ ဇော်ဂျီနှင့် မြေလျှောက်ဝိဇ္ဇာများ အသုံးပြု



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော နည်းဟောင်းတစ်ခုပင်ဖြစ်ပါသည်)

"အော်. . . ဒီပညာတွေ မနောသုခရွာမှာ ရှိနေသေးသကိုး"

ဆရာကြီးသူရဇ္ဇက ရေရွတ်လိုက်သောအခါ ဦးဇန်ကောင်းက စိတ်ဝင်စားသောအမူအယာဖြင့်. . .

"ကျုပ်တို့ မနောသုခရွာကို ရောက်တဲ့အခါ မြေကြောရှုံ့တဲ့ ပညာကို မရ,ရအောင် တောင်းရင် ကောင်းမယ် ဆရာကြီး"

ဟု ပြောလိုက်သည်။

"ဘာကြောင့်လဲဗျ"

"ကျွန်တော်တို့တတွေက အမြဲတမ်း ခရီးသွားနေကြရတာ မဟုတ်လား၊ ဒီပညာမျိုး ရထားတော့ ကိုယ်သွားချင်တဲ့နေရာကို အလွယ်တကူ သွားလို့ရတာပေါ့"

ဟု ရယ်ရယ်မောမော ပြောလိုက်လေသည်။

ထို့နောက်တွင် စောစောက မြေထိုင်ဝက်ဝံကြီး ပိန္နဲသီးများ တူးဖော်ထားသောနေရာသို့ သွားကြည့်သောအခါ မြေပေါ်မှာ ပြန့်ကြဲနေသော ပိန္နဲသီးအပိုင်းအစများအပြင် မြေကျင်းကြီးတစ်ခုကို တွေ့ရပြီး ထိုမြေကျင်းကြီးအတွင်း၌ မြေအောက်ပင်စည်၌ သီးနေသော ပိန္နဲသီးမှည့်အချို့ကို တွေ့ရသဖြင့် ခူးယူကာ ဝမ်းပြည့်အောင် စားသောက်ကြလေသည်။

မြေအောက်၌ သီးသော ပိန္နဲသီးမှည့်၏အရသာမှာ မြေပေါ်၌ သီးသောအသီး၏အရသာနှင့် မတူဘဲ အချိုဓါတ် လေး၍





မွှေးနေလေသည်။

ထို့နောက်. . .

ရှေ့သို့ ခရီးဆက်ခဲ့ကြလေသည်။

လမ်းခရီးတစ်နေရာသို့ ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က သုန္ဒရီကို မေးသည်။

"အခု ကျွန်တော်တို့ ဘယ်နေရာရောက်အောင် သွားကြရမှာလဲ"

"မှော်စက်ရှင်ဆိုတဲ့ရွာတစ်ရွာကို သွားကြမှာပါ၊ ပတ္တမြားက အဲဒီရွာမှာ ရောက်နေပြီ"

"မှော်စက်ရှင်ရွာဆိုတာ ဘယ်နေရာမှာလဲဟင်၊ ခရီးအတော်ဝေးသေးသလား"

"မဝေးတော့ပါဘူး ဆရာ၊ ဟိမဝန္တာတောင်ရဲ့မြောက်ဘက် မျက်နှာမှာ 'ဘီလူးတောင်' ဆိုတဲ့တောင် ရှိပါတယ်၊ အဲဒီတောင်ရဲ့တောင်ခြေနားမှာပါ"

"သုန္ဒရီ ပြောတဲ့နာမည်တွေ ကြားရရုံနဲ့ ကျောထဲက စိမ့်တက်လာသလိုပဲ"

"ဟိုရောက်ရင် ဒီထက်ပိုပြီး ကြောက်စရာကောင်းတာတွေ တွေ့ရဦးမယ်"

"ဟင်. . . ဘယ်လိုဟာမျိုးတွေလဲ"

"တစ်ရွာလုံး ဂမ္ဘီရသေယျမျိုးနွယ်တွေချည်းပါပဲ"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ အထူးအဆန်းဖြစ်မိသွားသော်လည်း အကျိုးအကြောင်းတော့ ထပ်မမေးဖြစ်တော့ပေ။

နောက်အခွင့်သာတော့မှ ဆရာကြီးသူရဋ္ဌကို မေးကြည့်တော့မည်ဟု စိတ်ကူးထားလေသည်။

ဤသို့ဖြင့် ခရီးဆက်ကြရာ နေ့လည်ပိုင်းအချိန်လောက်တွင် တောင်ကုန်းတစ်ခုပေါ်သို့ ရောက်သွားကြသည်။

ထိုတောင်ကုန်းပေါ်မှ လှမ်းကြည့်လျှင် သူတို့ အရောက်သွားရမည့် ဘီလူးမျက်နှာတောင်ရှိရာသို့ လှမ်းမြင်ကြရသည်။

ဘီလူးမျက်နှာတောင်မှာ အနောက်ဘက်၌ ရှိပြီး အဝေးမှ လှမ်းကြည့်သောအခါ ဘီလူးမျက်နှာနှင့် သဏ္ဌာန်တူသောကြောင့် 'ဘီလူးမျက်နှာတောင်' ဟု အလွယ်တကူ ခေါ်ကြသော်လည်း မူလအမည်ပေါင်းရှိသည်။

မူလအမည်မှာ သေလာယက္ခတောင်တန်း ဟူ၍ဖြစ်သည်။

ကသည်းမင်း ကြီးစိုးစဉ်က ထိုတောင်ခြေ၌ ရွှေပန်းဆက်အမှုထမ်းများ စုဝေးနေထိုင်ရာအရပ်ဖြစ်ခဲ့သဖြင့် 'ရွှေကျွန်းရွာ' ဟု ခေါ်ခဲ့ကြသည်။

ရွှေကျွန်းရွာနှင့် မနီးမဝေး၌ ရှိသောတောင်ကို သေလာယက္ခတောင်ဟူ၍သော်လည်းကောင်း၊

ပတ္တမြားတောင်ဟူ၍လည်းကောင်း အမည်နှစ်မျိုးရှိလေသည်။





ရှေးအခါက ရင်းတောင်နှင့် မန္တာလတောင်ကို ဘီလူးရက္ခိုက်တို့ စောင့်ရှောက်ကြသည်။

ရင်းတို့မှာ ငတောင်ဖြူး၊ ငတောင်မြင့်၊ ငတောင်ကြီး၊ ငတောင်လုံး အစရှိသော ဘီလူးလေးယောက်နှင့်တကွ ဘီလူးအပေါင်းတို့မှာ တောင်တစ်တောင်နှင့်တစ်တောင် ကူးလူးနေထိုင်လျက်ရှိကြသည်။

ရင်းတောင်နှင့် တတန်းတည်းလောက်တွင် 'ပြာပုံတောင်' ဟု အမည်ရှိသော တောင်တစ်လုံးရှိသေးသည်။

သိဒ္ဓိဗလဇော်ဂျီ၊ တဝိတဇော်ဂျီ၊ တရဘာဇ္ဇဇော်ဂျီ၊ ဒေဝိပုဇော်ဂျီတို့ နေထိုင်ခဲ့ဖူးသည်။

ပြာပုံတောင်ဟု အမည်တွင်ရခြင်းမှာ. . .

ဇာနလက္ခဏာရသေ့၊ အရညကိစ္စရသေ့၊ ပိတိနာရဒရသေ့၊ နန္ဒသုခရသေ့တို့သည် မြတ်စွာဘုရားသခင်၏ပြာများကို ယူဆောင်၍ ပြာပုံ၍ စေတီတည်သောကြောင့် ပြာပုံတောင်ဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်။

ရင်းပြာပုံတောင်နှင့် တဆက်တည်း၌ သေလာဂီရိဟု အမည်ရှိသော တောင်ငယ်လေးလုံးက ဝန်းရံထားလေသည်။

ထို့ပြင် နွယ်ငန်းပင်များ၊ နွယ်ရွှေဆေးပင်၊ နာဂနွယ် အမည်ရှိသော တောင်တစ်လုံးရှိသည်။

ရှေးက ဘီလူးတောင်ဟု ခေါ်ကြပြီး ယခုမှာတော့ ဘီလူးမျက်နှာတောင်ဟု ခေါ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ခြေ၌ ရှိခဲ့ဖူးသောရွာမှာလည်း ရှေးအခါက ရွှေကျွန်းရွာဟု ခေါ်ခဲ့ရာမှ ယခုအချိန်တွင် ဂမ္ဘီသေယျမျိုးနွယ်များသာ နေသောကြောင့် မှော်စက်ရှင်ရွာဟု အမည်တွင်ခဲ့ခြင်းဖြစ်ပေသည်။

တောင်ကုန်းပေါ်တွင် ခရီးတထောက် နားကြပြီးနောက် အချိန်ရှိခိုက် ခရီးဆက်ကြရာ နေဝင်ခါနီးအချိန်လောက်တွင် မှော်စက်ရှင်ရွာသို့ ရောက်သွားကြသည်။

ရွာမှာ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့ခြင်းကြောင့် အိမ်ဟောင်းများစွာရှိသည်။

သစ်ပင်ကြီးငယ်များက တစ်ရွာလုံး အုပ်မိုးထားသည်။

"ကျွန်မတို့ လိုက်ရှာနေတဲ့ ပတ္တမြားကတော့ ဒီရွာမှာ ရှိနေပါတယ်၊ ပတ္တမြားကို ယူလာတဲ့လူကတော့ အသက်ရှင်လျက်နဲ့ ရှိတော့ပုံ မရဘူး"

"သူဘယ်လိုဖြစ်သွားတာလဲ"

"ကျွန်မအထင်တော့ ဒီရွာက လူတွေရဲ့ဖမ်းစားခြင်းကို ခံလိုက်ရတယ်လို့ ထင်တယ်၊ ဘာပဲဖြစ်ဖြစ် သူတို့ရဲ့နယ်နိမိတ်စည်းထဲကို ရောက်လာပြီဆိုတော့ ကျွန်မတို့အားလုံး သတိဝီရိယရှိကြဖို့တော့ လိုပါပြီ"

"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ် မိန်းကလေး၊ ပရလောကသားတွေပဲဖြစ်ဖြစ်၊ ပြုစားတတ်တဲ့ လှည့်စားတတ်တဲ့ ပညာရှင်တွေပဲဖြစ်ဖြစ်၊ ကြောက်စရာ မလိုပါဘူး၊





ဒီမိစ္ဆာလောကသားတွေက ကျုပ်တို့ကို မနှောင့်ယှက်နိုင်ပါဘူး၊ တစ်ခုတော့ ရှိတယ်၊ အခုအချိန်ကစပြီး ကျုပ်ပြောတဲ့ စကားကို အားလုံးနားထောင်ကြပါ"

"စိတ်ချပါ ဆရာကြီး"

ဒေါက်တာမင်းထင်ကျော်တို့သာမက အထမ်းသမားနှစ်ယောက်ကိုပါ စိတ်ထင်ရာ မလုပ်ဖို့ သေသေချာချာ မှာကြားထားရသည်။

အထမ်းသမားနှစ်ယောက်မှာ ကုလားလူမျိုးများ ဖြစ်သဖြင့် ဒေါက်တာမင်းထင်ကျော်တို့ ပြောသည်ကို အလေးအနက် ထားဟန်တော့ မရှိကြပေ။

ရွာလမ်းအတိုင်း ဝင်လာရာ ပထမဆုံး တွေ့သော အိမ်ပေါက်ဝ ရောက်သောအခါ ရပ်၍ အတွင်းသို့ အခြေအနေ လှမ်းကြည့်လိုက်ကြသည်။

သူတို့ရောက်သွားသောအချိန်မှာ နေဝင်ရီတရော အချိန်ဖြစ်သည်ကတစ်ကြောင်း၊ သစ်ပင်သစ်ရိပ်များက အုပ်မိုးထားသောကြောင့် အမှောင်ရိပ်များ ဖုံးစပြုနေချေပြီ၊

ထို့ပြင် ညဦးပိုင်းအချိန် မရောက်သေးခင်မှာ တစ်ရွာလုံး ထူးထူးခြားခြား ငြိမ်သက်လျက်ရှိသည်။

အတန်ကြာတော့ အသားမည်းမည်း၊ အရုပ်ဆိုးဆိုးနှင့် မိန်းမကြီးတစ်ယောက် အိမ်ထဲမှ ထွက်လာသည်။

မနီးမဝေးသို့ ရောက်သောအခါ ဒေါက်တာမင်းထင်



www.burmeseclassic.com

www.burmeseclassic.com



ကျော်တို့ကို အကဲခတ်သလို ကြည့်လိုက်သည်။

"ကျွန်တော်တို့က ခရီးသွားဧည့်သည်တွေပါ၊ အချိန်လည်း မရှိတော့လို့ ဒီရွာမှာ တည်းခိုစရာများ ရမလားလို့ပါ"

ဒေါက်တာမင်းထင်ကျော်က ပြောလိုက်သည်။

ထိုစကားကြားသောအခါ အဖွားကြီးမျက်နှာပေါ်မှာ ကျေနပ်သောအပြုံးရိပ်တစ်ခု ဖြတ်သွားသည်ကို သတိပြုမိလိုက်သည်။

"အားတော့ နာပါရဲ့ကွယ်၊ ဒီရွာရဲ့ဓလေ့ထုံးစံက တခြားက ဧည့်သည်တွေ ရောက်လာရင် ဘယ်အိမ်ကမှ လက်မခံကြရပါဘူး"

"ဘာကြောင့်လဲ အဖွား"

"တခြားတော့ မဟုတ်ပါဘူး၊ အရပ်ဓလေ့ နတ်ဓလေ့ကြောင့်ပါ"

"ဒါဖြင့် ဘယ်မှာများ တည်းခိုနိုင်မလဲ၊ တဆိတ်လောက် လမ်းညွှန်ပေးပါ"

"ဒီကနေ ဆက်သွားရင် ရွာအစွန်နားမှာ ညောင်ပင်ကြီးတစ်ပင်ရှိတယ်၊ အဲဒီညောင်ပင်ကြီးရဲ့အောက်မှာ ဇရပ်တစ်ဆောင်လည်းရှိတယ်၊ အဲဒီနေရာက တခြားက ရောက်လာတဲ့ ဧည့်သည်တွေ တည်းခိုဖို့ ဒီရွာက လုပ်ပေးထားတာပါ။

သောက်စရာ ရေအိုးစင်လည်း ရှိတယ်၊ အဲဒီမှာ သွားတည်းကြပေါ့"





ဟု မည်းနက်နေသောသွားများ ပေါ်အောင် တစ်ချက်ပြုံးလိုက်ရာ မကောင်းဆိုးဝါးတစ်ကောင်မျက်နှာနှင့် သဏ္ဌာန်တူလှတော့သည်။

ထိုသို့ပြောပြီး အဖွားကြီးက အိမ်ထဲသို့ ပြန်လှည့်ဝင်သွားလေသည်။

အချိန်ကလည်း နည်းလာရာ အမှောင်ရိပ်များက တဖြည်းဖြည်းနှင့် များလာလေပြီ။

"ဘယ်လိုလုပ်ကြမလဲ ဆရာကြီး"

"ဒီညအဖို့တော့ တခြားနေရာရှာဖို့လည်း အချိန်မရှိတော့ဘူး၊ သူပြောတဲ့နေရာမှာပဲ သွားတည်းကြတာပေါ့"

ဟု ပြောကာ ရွာလမ်းအတိုင်း လျှောက်လာကြသည်။

ရွာတန်းတလျှောက်လုံး ဘယ်အိမ်ကမှ မီးမထွန်းထားသဖြင့် မှောင်မည်းလျက်ရှိသည်။

သို့သော် ထိုအမှောင်ထဲမှပင် လျှို့ဝှက်သောမျက်လုံးများဖြင့် ချောင်းမြောင်းကြည့်နေကြသည်ကိုတော့ စိတ်ထဲမှ အလိုလို သိနေမိသည်။

တဖြည်းဖြည်းနှင့် လျှောက်လာကြရာ ရွာတန်းဆုံးသောအခါ အုံ့ဆိုင်းနေသော ညောင်ပင်ကြီးတစ်ပင်နှင့် ဇရပ်တစ်ဆောင်ကို လှမ်းမြင်ရသဖြင့် ထိုနေရာသို့ သွားကြလေသည်။

ညောင်ပင်အောက်သို့ ရောက်သောအခါ ကျယ်ပြန့်သော မြေတလင်းနှင့် သေသေသပ်သပ် ဆောက်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ရေအိုးစင်တစ်စင်ကိုပါ တွေ့ကြရသည်။

ရေအိုး၏အောက်ခြေမှာ သဲခင်း၊ ရေလောင်း၍ စပါးပင်ပေါက်ကလေးများ စိုက်ပျိုးထားသေး၏။

သောက်ရေအိုးမှာလည်း သောက်ချင်စဖွယ် ပြင်ဆင်ထားသောကြောင့် အထမ်းသမားနှစ်ယောက်မှာ ထမ်းလာသော အထုပ်များကို ချပြီးနောက် ရေသောက်ရန် ပြင်ဆင်နေသော အခါ ဆရာကြီး သူရဋ္ဌက လှမ်းတားသည်။

"ဟေ့ . . ဟေ့ . . ဒီမှာ ရေဘူးတွေ ပါလာတယ်၊ ကိုယ့်မှာ ပါတဲ့ရေကိုပဲ သောက်ကြကွယ့်"

"ဘာဖြစ်လို့လဲ ဆရာကြီး"

"အခုမှ ရောက်ခါစမို့ အစားအသောက် အနေအထိုင် ဆင်ခြင်ရမယ့် ဝတ္တရားရှိတယ်၊ ဒါကြောင့် ကိုယ့်မှာ ပါတဲ့အစားအသောက်ကိုပဲ စားကြသောက်ကြ"

ဟု ပြောသဖြင့် ကုလားနှစ်ယောက်မှာ ဝါးရိုးတပ်ထားသော သောက်ရေခွက်ကို ပြန်ချထားလိုက်ပြီး ဒေါက်တာမင်းထင်ကျော် ပေးသောရေဘူးမှ ရေကိုသာ သောက်ကြလေသည်။

ညောင်ပင်ကြီးမှာ အရိပ်အာဝါသ ကောင်းလှသည်။

ရင်းတို့ ဝင်သွားသောအခါ ညောင်ပင်အပေါ်ဘက်မှ ပြေးလွှားလှုပ်ရှားသံများကို ကြားရသည်။

"ဝေါ့ . . ဝေါ့ . . ဝေါ"

ပြီးမှ အပေါ်မှ ခုန်ချသံများကိုပါ တဆက်တည်း ကြားရ





သော်လည်း အကောင်အထည်ကိုတော့ မမြင်ရပေ။

"ဘာသံတွေပါလိမ့်"

"ဒီညောင်ပင်ပေါ်မှာ နှစ်ပေါင်းများစွာ ရှိနေကြတဲ့ ပရလောကသားတွေဖြစ်မှာပေါ့ကွာ၊ မိန်းကလေးမှာ ပါလာတဲ့ ဂမုန်းနက်အရှပ်ကို ကြောက်လို့ ထွက်ပြေးကြတဲ့အသံတွေ ဖြစ်မှာပေါ့"

ဟု ဆရာကြီးက မှတ်ချက်ချသည်။

ဇရပ်မှာ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိနေခဲ့ဟန်ဖြင့် ဟောင်းနွမ်းလှပြီဖြစ်သော်လည်း ရွာသူရွာသားများက ပြုပြင်မွမ်းမံထားဟန်ဖြင့် သန့်ရှင်းသပ်ရပ်ကာ နေချင်စဖွယ်ရှိနေလေသည်။

"ဒီညအဖို့တော့ ဒီဇရပ်ပေါ်မှာပဲ တည်းကြတာပေါ့၊ မနက်လင်းတော့မှပဲ ပတ္တမြားအကြောင်းကို စုံစမ်းကြည့်ရမှာပဲ"

"ဒီရွာကလူတွေက ကျွန်တော်တို့ ရောက်လာတာကို သိပ်ပြီးသဘောကျပုံမရဘူး ဆရာကြီး"

"ဒါပေမယ့် ဒီကနေ့ည ကျုပ်တို့တွေ ဒီဇရပ်ပေါ်မှာ တည်းမှာကိုတော့ သဘောကျနေပုံရတယ်"

"ဘယ်လိုကြောင့်လဲ ဆရာကြီး"

"အခုတော့ အဖြေကိုမသိရသေးဘူး၊ မကြာခင်တော့ သိရမှာပါ"

ဟု ပြောဆိုကာ ဇရပ်ပေါ် တက်ရန် လှေခါးအနီးသို့ တိုးကပ်သွားသောအခါ အပေါ်တက်ရန် လှေခါးဟူ၍ သီးသန့်



www.burmeseclassic.com

www.burmeseclassic.com



မရှိဘဲ ကျောက်တုံးကြီးများကို ပုံထားလေသည်။

ဆရာကြီးသူရဋ္ဌက ခြေနင်းရန် ချထားသော ကျောက်တုံးကြီးများကို ကြည့်ပြီး နောက်မှ လူများကို အသိပေးလိုက်သည်။

"အားလုံး ဒီကျောက်တုံးပေါ် နင်းမတက်ကြနဲ့၊ တခြားနေရာက လှည့်တက်ကြဟေ့"

ဟု ပြောသဖြင့် အခြားနေရာမှ အပေါ်သို့ တက်ကြလေသည်။

သုန္ဒရီကိုတော့ ဒေါက်တာမင်းထင်ကျော်က အပေါ်ရောက်အောင် လက်ကို ဆွဲတင်ရသည်။

ဇရပ်ပေါ် ရောက်သောအခါ ဆရာကြီးသူရဋ္ဌက ခေါင်းရင်းဘက်မှာ နေရာယူပြီး ကျန်လူများက သင့်တော်သလို နေရာယူကြလေ၏။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဦးပိုင်းအချိန်ရောက်လာပြီဖြစ်သောကြောင့် အမှောင်ရိပ်များက ဖုံးလွှမ်းလာချေပြီ။

ညောင်ပင်ကြီးက အုပ်မိုးထားသောကြောင့် ဇရပ်ပေါ်တဝိုက်မှာ ပို၍မှောင်နေသယောင်ရှိသည်။

ဒေါက်တာမင်းထင်ကျော်က အသင့်ယူဆောင်လာသော ရေနံဆီ မီးအိမ်တစ်လုံးကို မီးထွန်းကာ ဇရပ်တိုင်၌ ချိတ်ဆွဲထားလိုက်သည်။





မီးရောင်ကြောင့် ပတ်ဝန်းကျင်ကို မြင်ရလေသည်။

ထိုအခါမှ ဇရပ်ပေါ်မှ ခေါင်းအုံးသဖွယ် အသုံးပြုရန် ချ ထားသော ကျောက်တုံးအချို့ကိုပါ တွေ့မြင်ရသည်။

ဒေါက်တာမင်းထင်ကျော်မှာ စောစောက ဇရပ်အောက်၌ ချထားသော ကျောက်တုံးကြီးများကို စိတ်ထဲမှ မသင်္ကာသောကြောင့် လက်နှိပ်ဓါတ်မီးကို ယူ၍ သွားရောက်ကြည့်ရှုလေသည်။

သုန္ဒရီကလည်း သူ့နောက်မှ လိုက်လာသည်။

ဇရပ်အောက် ဆင်းပြီး မီးရောင်ဖြင့် ထိုးကြည့်တော့မှ ထိုကျောက်တုံးများမှာ သာမန်ကျောက်တုံးများ မဟုတ်ဘဲ အရုပ်တစ်ခုမှ ကျိုးပဲ့နေသော အပိုင်းအစများဖြစ်သည်ကို တွေ့ရတော့သည်။

"ဘာကြီးတွေလဲ ဆရာ"

"ကျောက်ရုပ်ကြီးတစ်ရုပ် ကျိုးပဲ့နေတဲ့အပိုင်းအစတွေပဲ၊ ခြေကျိုး၊ လက်ကျိုး၊ ခန္ဓာကိုယ် အကျိုးအပဲ့တွေသာ ရှိတယ်၊ ခေါင်းတော့ မတွေ့ရဘူး၊ ပုံစံကြည့်ရတာ နတ်ရုပ်လား ဘီလူးရုပ်လား မသိဘူး"

ဟု ပြောဆိုကာ ဇရပ်ပေါ် ပြန်တက်ခဲ့ကြသည်။

ထိုအခါမှ ပျောက်နေသော ဦးခေါင်းပြတ်ကို တွေ့ရသည်။

ချထားသောကျောက်တုံးများထဲမှာ ဦးခေါင်းပြတ်တစ်လုံး ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကြမ်းပြင်ပေါ်သို့ မျက်နှာမှောက်ချထားသောကြောင့် အမှတ်တမဲ့ဆိုက မတွေ့နိုင်ပေ။

ဒေါက်တာမင်းထင်ကျော်က လူဦးခေါင်းနှင့် ပုံသဏ္ဍာန်တူသော ကျောက်တုံးတစ်တုံးအား ဆွဲလှန်လိုက်သည်။

"ဟာ. . ."

"ဘယ့်နှယ့်ဟာလဲ. . . ကြောက်စရာကြီးပါလား"

ကျောက်တုံးမှာ သာမန်ကျောက်တုံး မဟုတ်ဘဲ ဘီလူးခေါင်းပြတ်ကြီးပင်ဖြစ်သည်။

မျက်လုံး၊ နှာခေါင်း၊ ပါးစပ်၊ အစွယ် သွား စသည်တို့မှာ ထုလုပ်ထားပုံ လက်ရာမြောက်လှသောကြောင့် ကြောက်မက်ဖွယ်အသွင်မျိုးဖြစ်သည်။

မျက်လုံးမှာ တစ်ဖက်သာရှိပြီး ကျန်တစ်ဖက်က ဖောက်ယူထားဟန်ဖြင့် ဟောက်ပက်ကြီးဖြစ်နေသည်။

ကျန်တစ်ဖက်မှာလည်း အတွင်း၌ မျက်လုံးရှိဟန်တူသော်လည်း ပိတ်ထားသဖြင့် အတွင်းသို့ မမြင်ရပေ။

အမှန်တော့ ဇရပ်ပေါ်မှာ ဝင်ရောက်တည်းခိုသူများ ခေါင်းအုံးရန် ချပေးထားသောကျောက်တုံးမှာ ကျောက်ဘီလူးခေါင်းပြတ် မျက်စိတစ်ဖက်လပ်ကြီးပင်ဖြစ်တော့သည်။

ဒေါက်တာမင်းထင်ကျော်က စိတ်ထဲမှာ မသင်္ကာသောကြောင့် ကျောက်ဘီလူးခေါင်းပြတ်ကြီးအား လက်နှိပ်ဓါတ်မီးရောင်ဖြင့် ထိုး၍ အသေအချာ ကြည့်သောအခါ အစွယ်နှင့်သွား





များတွင် သွေ့ခြောက်နေသော သွေးများကို တွေ့ရပြန်သည်။

"ဘာတွေများ ကြည့်နေတာလဲ မောင်ထင်ကျော်ရဲ့"

"ဒီကျောက်တုံးက ကျောက်ဘီလူးခေါင်းပြတ်ကြီး ဆရာကြီး၊ ပါးစပ်ထဲမှာ သွေးတွေပါ တွေ့ရတယ်"

"သူလည်း အသက်ဝင်လာတဲ့အခါ လူနဲ့သတ္တဝါတွေကို ဖမ်းစားရင်စားမှာပေါ့။ သူ့ကို အသုံးမပြုကြနဲ့၊ ဒီအတိုင်းသာ ထားလိုက်ကြ"

ဟု ပြောသဖြင့် ထိုကျောက်တုံးကြီးကို ဝေးဝေးရွှေ့ထားလိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၂)

# အသက်ဝင်လာသော ကျောက်တုံးရုပ်

ထိုညကတော့ အခြေအနေ ထူးထူးခြားခြား မတွေ့ရပေ။

မိုးလင်းတော့မှ အထမ်းသမား ကုလားတစ်ယောက်က ပြောသည်။

"ညတုန်းက ဇရပ်ပေါ်က ဆင်းပြီး အပေါ့အပါး သွားနေတုန်း မည်းမည်းသဏ္ဌာန်ကြီးတစ်ကောင် လာရပ်ပြီး ကြည့်နေတာကို တွေ့ရတယ်"

"မင်းကို ဘာမှမလုပ်ဘူးလား"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှတော့ မလုပ်ဘူး၊ မျက်လုံးပြူးပြူးကြီးနဲ့ စိုက်ကြည့်နေတာနဲ့ ကြောက်လို့ ပြန်တက်ပြေးခဲ့ရတယ်"

ထိုအခါ ဆရာကြီးသူရဋ္ဌက ပြောသည်။

"ဂမ္ဘီသေယျမျိုးနွယ်တွေကတော့ ငါတို့ကို အခြေအနေစောင့်ကြည့်နေကြပုံရတယ်၊ တစ်ချိန်ချိန်မှာတော့ သူတို့ဘက်က အစွမ်းအစ ပြလိမ့်မယ်"

ဟု ပြောနေကြစဉ် နံနက်ပိုင်းအချိန်လွန်သည်နှင့် လူသံသူသံများ ကြားရသဖြင့် လှမ်းကြည့်လိုက်သောအခါ လူတစ်စု လာနေသည်ကို လှမ်းမြင်ရသည်။

ရှေ့ဆုံးမှ မိန်းမတစ်ယောက်က ကန်တော့ပွဲကို ခေါင်းမှာ ရွက်လာပြီး နောက်မှ လူလေးယောက်က ဝါးကပ်ပေါ်မှာ လူသေအလောင်းတစ်လောင်းကို ထမ်းယူလာကြသည်။

နောက်မှာလည်း လူလေးငါးယောက်က လိုက်လာကြသည်။

သူတို့သည် ဇရပ်အနီးမှ လာကြပြီး တောထဲသို့ ဝင်သွားကြသည်။

အတန်ကြာသောအခါ မြေတူးသံ၊ မြေဖို့သံများ ကြားရပြီးနောက် အသုဘ ပို့သောသူများ ပြန်ထွက်လာကြကာ ရွာဘက်သို့ ပြန်သွားလေသည်။

ဇရပ်နှင့် မဝေးလှသောနေရာတွင် သုသာန်ရှိဟန်တူလေသည်။





နံနက်(၁၀)နာရီခန့်အချိန်ရောက်သောအခါ ရွာထဲမှ လူအချို့ ဇရပ်ရှိရာသို့ လာနေကြပြန်သည်။

၎င်းတို့မှာ အသက်အရွယ်ကြီးလှပြီဖြစ်သော မိန်းမကြီးသုံးလေးယောက်ဖြစ်ပြီး ပေရေနေသော အင်္ကျီလုံချည်များကို ဝတ်ဆင်လာကြသည်။

၎င်းတို့သည် ခံတောင်းများကို အသီးသီး ရွက်လာကြပြီး ဇရပ်ပေါ် ရောက်တော့ အောက်သို့ ချသည်။

"ဇရပ်ပေါ်မှာ ခရီးဝေးက ဧည့်သည်တွေ ရောက်နေတယ်လို့ သတင်းကြားတာနဲ့ ထမင်းဟင်း လာပို့ပေးတာပါ"

"အော် . . . အားနာစရာဗျာ"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ၊ ဧည့်သည်ရောက်ရင် ရွာခံတွေက ဧည့်ဝတ်ကျေရမှာပေါ့၊ အားမနာကြပါနဲ့ . . . စားသာစားပါ၊ အိုးခွက်ပန်းကန်တွေတော့ နောက်မှ လာယူပါ့မယ်"

ဟု ပြောဆိုကာ ပြန်သွားကြလေတော့သည်။

"အင်း . . . ဒီလိုတော့လည်း အဟုတ်သားပဲ"

ဟု တွေးကာ ဒေါက်တာမင်းထင်ကျော်က ၎င်းတို့ ထားခဲ့သော ထမင်းနှင့်ဟင်းအိုးများကို လှန်ကြည့်လိုက်သည်။

၎င်းတို့ ပို့လာသော ထမင်းဟင်းများမှာ ယခုပင် မီးဖိုပေါ်မှ ချလာသကဲ့သို့ ပူပူနွေးနွေး မွှေးမွှေးကြိုင်ကြိုင်နှင့် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာကသာ အခ်ိနေစုတ်သော်လည်း ချက်ပြုတ်ယူလာသော ဟင်းလျာများမှာ စားကောင်းသောက်ဖွယ်များချည်းဖြစ်ကြသည်။

ကြက်သားဟင်း၊ အမဲသားဟင်းတို့မှာ ဇီယာ၊ ကရဝေးရွက် စသည်တို့ကို အနိုင်နိုင်ဖြင့် ချက်ပြုတ်ထားသောကြောင့် မွှေးကြိုင်နေတော့သည်။

ထို့ပြင် ကြက်ပေါင်ကြော်နှင့် ရင်အုံသားကြော်တို့မှာလည်း အဆီတဝင်းဝင်းနှင့် စားချင်စဖွယ်ရှိလှသည်။

ဒေါက်တာမင်းထင်ကျော်က ထမင်းဟင်းအိုးများကို လိုက်လံဖွင့်ကြည့်နေစဉ် မွှေးရနံ့များက ဇရပ်ဆောင်တစ်ခုလုံး ပျံ့နှံ့နေတော့သည်။

အခြားသူများထက် အထမ်းသမားကုလားနှစ်ယောက်မှာ စားချင်သောက်ချင်စိတ်ကို မထိန်းနိုင်ဟန်ဖြင့် ထမင်းအိုးများရှိရာဘက်သို့ မကြာခဏ လှမ်းကြည့်နေကြသည်။

ထိုအခိုက်မှာပင် သုန္ဒရီက ဒေါက်တာမင်းထင်ကျော်အနီးသို့ လာရပ်၍ ဟင်းအိုး၊ ထမင်းအိုးများကို ကြည့်ပြီး မျက်နှာတစ်ချက်ပျက်သွားလေသည်။

"ဘာဖြစ်လို့လဲ သုန္ဒရီ"

"အတော်ယုတ်မာတဲ့ ရွာသူရွာသားတွေပဲ၊ ဒီဘဝမှာတောင် ဒီလိုယုတ်ညံ့တဲ့ဘဝမျိုးနဲ့ နေကြရတယ်၊ နောင်ဘဝမှာဆိုရင်တော့ ငရဲအိုးက တက်နိုင်ကြတော့မယ် မထင်ဘူး"





ဟု ရေရွတ်ပြောဆိုလေသည်။

"ဘာကြောင့်လဲ သုန္ဒရီ"

သုန္ဒရီက ဘာမှပြန်မပြောဘဲ သူမဦးခေါင်းပေါ်မှ ဂမုန်းနက်ရုပ်ကလေးကို ရေဖြင့် စိမ်ကာ ထိုဂမုန်းနက်ရေနှင့် ထမင်းအိုး ဟင်းအိုးများအပေါ်သို့ ဖျန်းချလိုက်သည်။

ထိုသို့ဖျန်းပြီးသည်နှင့် အဖုံးများကို ပြန်အုပ်ထားလိုက်သည်။

အဖုံးများ အုပ်လိုက်သည်နှင့် စောစောက ထွက်နေသော မွှေးရနံ့များ ပျောက်သွားပြီး အနံ့ဆိုးအချို့ ထွက်လာတော့သည်။

"ဆရာ. . . ထမင်းအိုး ဟင်းအိုးတွေကို ဖွင့်ကြည့်လိုက်ပါဦး"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က အဖုံးများပြန်ဖွင့်လိုက်သည်။

ထိုအခါ စောစောက မွှေးရနံ့များအစား စိမ်းရွှင်ရွှင်ပုတ်အဲ့အဲ့အနံ့များ ထွက်ပေါ်လာပြီး မြင်ကွင်းကလည်း ပြောင်းသွားတော့သည်။

စောစောက မြင်ရသောထမင်းများမှာ လောက်ကောင်များကို ပြုတ်ထားခြင်းဖြစ်ပြီး ကြက်သားဟင်းမှာလည်း သစ်ခေါက်များ ကိုချက်ထားခြင်းဖြစ်၏။

ကြက်သားကြော်မှာလည်း ပုတ်နေသောအသားအချို့



www.burmeseclassic.com

www.burmeseclassic.com



ကို ဖက်စိမ်းဖြင့် ထုပ်ထားခြင်းဖြစ်လေသည်။

ထိုမြင်ကွင်းကို မြင်ရသောအခါ စောစောက အာသာငန်းငန်းဖြစ်နေသော ကုလားနှစ်ယောက်ပင် မျက်နှာရှုံ့မဲ့သွားကာ တအံ့တသြဖြစ်သွားကြလေသည်။

"ကဲ. . ကဲ. . သူတို့ လာပို့ပေးတဲ့ အစားအသောက်တွေကို ဒီအတိုင်းပဲ ထားလိုက်ကြပါ။ ညနေ သူတို့ လာယူတော့ အဖုံးအုပ်ပြီး ဒီအတိုင်းသာ ပြန်ပေးလိုက်ကြပေါ့။

သူတို့ ပို့တာကို မစားမှန်းသိရင် နောက်ထပ် ပို့ဖို့မှာ မဟုတ်ပါဘူး"

ဟု ဆရာကြီးသူရဋ္ဌက ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က အိုးများကို အဖုံးပြန်အုပ်၍ ဇရပ်ထောင့်နားမှာ ချထားလိုက်လေသည်။

"ဒီအတိုင်းဆိုရင် သောက်ရေအိုးကလည်း ပုံမှန်ဟုတ်မယ် မထင်ဘူး"

ဟု ဦးဇန်ကောင်းက ပြောကာ သောက်ရေအိုးမှ ရေတစ်ခွက် ခပ်ယူလာပြီး ကြည့်သောအခါ ကြည်လင်သောရေမဟုတ်တော့ဘဲ သွေးရောင်ကဲ့သို့ နီရဲနေတော့သည်။

ထို့နောက်မှာတော့ မိမိတို့မှာ ပါလာသော အစားအသောက်များကိုသာ စိတ်ချလက်ချ စားသောက်ကြလေသည်။

ပြီးလျှင် ဒေါက်တာမင်းထင်ကျော်နှင့် သုန္ဒရီတို့ နှစ်ယောက်တို့သည် မှော်စက်ရှင်ရွာအတွင်းတလျှောက် လိုက်လံ





ကြည့်ရှုကြလေသည်။

ရွာလမ်းတလျှောက်မှာတော့ သွားလာလှုပ်ရှားနေကြသောလူများနှင့် ရွာလမ်းမပေါ်မှာ ဆော့ကစားနေသော ကလေးများကိုပါ လှမ်းမြင်ရသည်။

ကလေးများရော လူကြီးများပါ သူတို့နှစ်ယောက် လာနေသည်ကို လှမ်းမြင်ကြသည်နှင့် ကြောက်လန့်တကြား အိမ်ထဲသို့ ဝင်ပြေးကြလေသည်။

လူကြီးများက ခပ်သုတ်သုတ် သွားကြသလို ကလေးများကတော့ မကောင်းဆိုးဝါးများကို မြင်လိုက်ရသည့်ပမာ အော်ဟစ်ငိုကြွေးကာ ထွက်ပြေးကြခြင်းဖြစ်သည်။

"ဘယ်လိုလဲ သုန္ဒရီ၊ ကျွန်တော်တို့ကို လှမ်းမြင်ရုံနဲ့ ကြောက်လန့်တကြား ထွက်ပြေးကြပါလား"

"ကျွန်မတို့နှစ်ယောက်ကို ကြောက်လို့ဖြစ်မှာပေါ့"

ဟု ပြောရင်း လျှောက်လာကြရာ တစ်နေရာ ရောက်သောအခါ မနက်ပိုင်းအချိန်က ထမင်းဟင်းများ လာပို့သော မိန်းမကြီးများထဲမှ တစ်ယောက်က အိမ်ထဲမှ ထွက်လာပြီး မေးသည်။

"မနက်က ကျုပ်တို့ လာပို့တဲ့ ထမင်းဟင်းတွေ စားလို့ကောင်းရဲ့လား"

"ကျွန်တော်တို့မှာ အစားအသောက်တွေ အစုံအလင်ပါလာကြလို့ ခင်ဗျားတို့ လာပို့တဲ့ ထမင်းဟင်းတွေကို မစားဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဇရပ်ပေါ်မှာ ဒီအတိုင်းပဲ ထားပါတယ်"

ဟု ပြန်ပြောလိုက်သောအခါ မျက်နှာတစ်ချက် ပျက်သွားပြီး အိမ်ထဲသို့ ပြန်ဝင်သွားတော့သည်။

နောက်တစ်နေ့ရာ ရောက်ပြန်တော့လည်း နောက်တစ်ယောက်က အိမ်ထဲမှ ထွက်လာပြီး မေးပြန်လေသည်။

ဒေါက်တာမင်းထင်ကျော်က ယခင်ကအတိုင်းပင် ပြန်ပြောလိုက်သောအခါ မျက်နှာကြီး မသာမယာနှင့်. . .

"စေတနာနဲ့ မတန်တဲ့လူတွေပဲ"

ဟု ရေရွတ်ပြောဆိုကာ အိမ်ထဲ ပြန်ဝင်သွားပြန်သည်။

ဤသို့ဖြင့် လျှောက်လာရာ ရေတွင်းဟောင်းကြီးရှိရာသို့ ရောက်သောအခါ တစ်ယောက်တည်း ရေငင်နေသော လူရွယ်တစ်ယောက်ကို လှမ်းမြင်ရသည်။

၎င်းလူရွယ်၏ပုံသဏ္ဌာန်မှာ ရွာမှ တွေ့နေကျလူများနှင့် မတူဘဲ အသားဖြူဖြူနှင့် ရုပ်ရည်သန့်ပြန့်သူဖြစ်သည်။

သူက ရေငင်နေရာမှ ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက် လာတာကို မြင်သောအခါ ရေငင်နေခြင်းကို ရပ်ထားပြီး မတ်တတ်ရပ်ကြည့်နေသည်။

ဒေါက်တာမင်းထင်ကျော်က ၎င်း၏ အမူအယာကို အကဲခတ်ကြည့်ပြီး အနားသို့ လျှောက်သွားလေသည်။

၎င်းလူရွယ်မှာ အသက်(၁၅)နှစ်ခန့်သာရှိလေသည်။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"





"တန်. . တန်ပ"

"တန်ပဆိုတော့ မင်းက တိဘက်လူမျိုးလား"

ခေါင်းညိတ်ပြသည်။

"မင်းက ဒီရွာကပဲလား"

လူရွယ်က ခေါင်းခါပြသည်။

ပြီးမှ ကပျာကယာ ခေါင်းညိတ်ပြသဖြင့် ဒေါက်တာမင်းထင်ကျော်က ပြုံးလိုက်သည်။

"မင်းဟာ ဟုတ်တယ် မဟုတ်ဘူးနဲ့ ဘယ်ဟာကို ယုံရမှာလဲကွ"

"ကျွန်တော်က တိဗက်ကပါ၊ ဒါပေမယ့် ဒီရွာမှာပဲ နေရတယ်"

"ဘယ်လိုကြောင့်လဲ"

"မပြောဝံ့ဘူး"

"ငါတို့က ခရီးသွားဧည့်သည်တွေပဲ၊ ဇရပ်ပေါ်မှာ တည်းနေကြတယ်"

"ဘယ်တုန်းက ရောက်တာလဲဟင်"

"မနေ့ညက. . ."

"ဒါဖြင့် ဇရပ်ပေါ်မှာ တစ်ညအိပ်ပြီးကြပြီပေါ့နော်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြသည်။

လူရွယ်၏မျက်နှာမှာ များစွာအံ့ဩသွားဟန် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညက ဘာမှမဖြစ်ကြဘူးလားဟင်"

"ဘာမှမဖြစ်ပါဘူးကွာ. . . ဘာဖြစ်လို့လဲ"

"ဟို. . ဟို. . ဘာမှမဖြစ်ပါဘူး၊ ကျွန်တော်သွားတော့မယ်"

ဟု ပြောကာ ရေထည့်ထားသောပုံးကို ဆွဲ၍ နေရာမှ ထွက်သွားသဖြင့် ဒေါက်တာမင်းထင်ကျော်က နောက်မှ လှမ်းပြောလိုက်လေသည်။

"မင်း ငါတို့ဆီ လာချင်ရင် ဇရပ်ပေါ်ကို လာခဲ့ တန်ပရေ"

ထို့နောက် ရွာဆုံးသွားပြီဖြစ်သောကြောင့် လာလမ်းအတိုင်း နောက်သို့ ပြန်လှည့်လာကြသည်။

"ကျွန်တော်တို့ လာရမယ့်ရွာထဲတော့ ရောက်ကြပြီ၊ အခုထိ ပတ္တမြား ယူသွားတဲ့လူရော ပတ္တမြားကိုပါ အစအနမတွေ့ရသေးဘူး"

"ဖြည်းဖြည်းပေါ့ ဆရာရယ်၊ ကျွန်မတို့ပတ္တမြားက ဒီရွာကို ရောက်နေတာ သေချာပါတယ်၊ လျှို့ဝှက်တဲ့နေရာဆိုတော့ ဒီလိုပဲ တဖြည်းဖြည်း စုံစမ်းကြရမှာပေါ့"

"ဒီမှာရှိတာ သေချာရင်တော့ မရရအောင် ကြိုးစားကြရမှာပဲ၊ ဒါမှ ကိုယ့်ကို ပေးထားတဲ့တာဝန် ကျေမှာပေါ့"

"ဆရာတို့ မြန်မာလူမျိုးတွေက ကတိသစ္စာဆိုတာ လူတစ်ယောက်ရဲ့တန်ဖိုးဖြစ်သလို တာဝန်ဆိုတာကလည်း လူတစ်ယောက်ရဲ့စွမ်းဆောင်နိုင်တဲ့အရည်အချင်း မဟုတ်လား. . .





ဂရုစိုက်ရမှာပေါ့"

"ဒါထက် ဒီကိစ္စတွေပြီးရင် ဆရာက ကျွန်မတို့ နေတဲ့ရွာကို လိုက်ခဲ့မှာလား"

"ရွာခံက ဖိတ်ခေါ်တယ်ဆိုရင်တော့ လိုက်ခဲ့ဖို့ ဝန်မလေးပါဘူး"

"ဖိတ်ခေါ်ပါတယ် ဆရာရယ်၊ အဖိုးကလည်း ဆရာတို့ကို တွေ့ချင်တဲ့ အာသီသ ရှိပါတယ်"

"ဒီလိုဆိုရင်တော့ လိုက်ခဲ့ပါ့မယ်"

ထိုသို့ပြောဆိုကာ ဇရပ်ရှိရာသို့ ပြန်လာကြလေသည်။

ညအချိန်ရောက်သောအခါ တစ်ရွာလုံး တစ်အိမ်မှ မီးမထွန်းဘဲ မှောင်မည်းလျက်ရှိလေသည်။

ဂုဏ်တို့ပတ်ဝန်းကျင်မှာတော့ ဒေါက်တာမင်းထင်ကျော်ထွန်းထားသော ရေနံဆီ မီးအိမ်ကလေးကြောင့် ပတ်ဝန်းကျင်ကို အတန်အသင့် မြင်နိုင်လေသည်။

"မနေ့ညကတော့ ရောက်စညမို့ အခြေအနေ သိပ်မထူးလိုက်ဘူး၊ အခု ဒုတိယနေ့ ညရောက်လာပြီဆိုတော့ ဘယ်နည်းနဲ့မဆို တစ်ခုခုတော့ ထူးခြားမှာ အမှန်ပဲ၊

အားလုံး သတိဝီရိယနဲ့သာ နေကြပေတော့"

"စိတ်ချပါဆရာ"

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့ နှစ်ယောက်မှာ စကားပြောရင်း စောင့်နေကြရာ အခြေအနေ မထူး



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဦးဗန်ကောင်းက. . .

"မောင်ထင်ကျော်. . . မင်းတစ်ရေးအိပ်ရင် အိပ်ပေတော့၊ ငါ ပုတီးစိပ်ရင်း စောင့်ပေးမယ်"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်လည်း မောမောပန်းပန်းနှင့် မှေးကနဲ အိပ်ပျော်သွားတော့သည်။

ညဉ့်နက်ပိုင်းအချိန်ရောက်သောအခါ နားထဲမှာ ဆူးဆူးဝါးဝါး အော်သံတစ်ချက်ကြားပြီး လန့်နိုးလာလေသည်။

"ဘာဖြစ်တာလဲ"

ထိုအချိန်မှာ အထမ်းသမား ကုလားတစ်ယောက်မှာ ကြောက်လန့်တကြားနှင့် ဇရပ်ပေါ်သို့ ပြေးတက်လာသည်။

"မူတူးကို သရဲဆွဲသွားပြီ၊ မူတူးကို သရဲဝင်ဆွဲသွားတယ်"

ဟု ကြောက်ကြောက်လန့်လန့် ပြောနေလေသည်။

"ဘယ်မှာ ဆွဲတာလဲ"

"ကျွန်တော်တို့နှစ်ယောက် ဗိုက်နာလို့ တောစပ်နား သွားပြီး အပေါ့အပါး သွားနေတုန်း ဘီလူးကြီးတစ်ကောင် ရောက်လာပြီး မူတူးကို ဆွဲခေါ်သွားတယ်. . . ကယ်ကြပါဦး"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်တို့တတွေမှာ မီးအိမ်နှင့် လက်နှိပ်ဓါတ်မီးများကို ယူပြီး ထိုနေရာသို့ သွားကြည့်သောအခါ မြေပေါ်မှာ ကျနေသော သွေးကွက်များကိုသာ မြင်ရပြီး အခြားဘာမှမတွေ့ရတော့ပေ။

အနီးတဝိုက် လိုက်ရှာကြည့်တော့လည်း သစ်ရွက်များ





ပေါ်မှာ စွန်းပေနေသော သွေးကွက်များသာ တွေ့ကြရသည်။

မူတူးအလောင်းကိုတော့ မတွေ့ကြရတော့ပေ။

သို့ကြောင့် ဇရပ်ပေါ် ပြန်လာပြီး တစ်ညလုံး ထိုင်စောင့်ကြသော်လည်း နောက်ထပ် ဘာမှအခြေအနေ မထူးတော့ပေ။

နောက်တစ်နေ့ နံနက်လင်းသောအခါမှ အနီးပတ်ဝန်းကျင်သို့ လိုက်လံရှာဖွေကြည့်သောအခါ ချုံတောတစ်ခုအစပ်နားတွင် သေဆုံးနေသော မူတူးအလောင်းကို တွေ့ကြရသည်။

အလောင်းမှာ မှောက်ခုံအနေအထားဖြစ်ပြီး သွေးကွက်များက အလောင်းအနီးတွင် အိုင်ထွန်းနေလေသည်။

ဒေါက်တာမင်းထင်ကျော်က အလောင်းကို ဆွဲလှန်ကြည့်လိုက်သောအခါ လည်ပင်းတဝိုက်မှာ အသားများ မရှိတော့ဘဲ လည်ချောင်းရိုးများပင် ပေါ်နေချေပြီ။

သွေးများက ထိုအပေါက်မှ စီးထွက်နေခြင်းဖြစ်၏။

"လည်ချောင်းကို ကိုက်ဖောက်ထားတာပဲ၊ ဘယ်လိုသတ္တဝါမျိုးလဲ မသိဘူး"

"သတ္တဝါမဟုတ်ဘူး ဆရာ၊ ကျွန်တော်မြင်လိုက်ရတယ်၊ ကျောက်ရုပ်နဲ့ တူတဲ့ ဘီလူးတစ်ကောင်က မူတူးကို ဆွဲခေါ်သွားပြီး သတ်လိုက်တာ"

ဒေါက်တာမင်းထင်ကျော်တို့မှာ မိမိတို့နှင့် ခရီးသွားဖော်တစ်ယောက် ယခုကဲ့သို့ အဖြစ်ဆိုးမျိုးနဲ့ ကြုံရသဖြင့် များစွာစိတ်မကောင်းဖြစ်ကြရသော်လည်း မတတ်သာတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် အလောင်းကို ထိုနေရာတပိုက်မှာပင် မြေမြှုပ်လိုက်ကြရသည်။

"ငါသတိပေးတဲ့ကြားထဲက အခုလို ဖြစ်ရတာ စိတ်မကောင်းစရာပဲ၊ ဘာပဲဖြစ်ဖြစ် ဒီနားတဝိုက်မှာ မကောင်းဆိုးဝါးတွေ ရှိနေတာကတော့ အမှန်ပဲ၊

နောက်ရက်တွေမှာ အခုလိုအဖြစ်မျိုး မကြုံအောင် သတိထားကြရမယ်"

"ကျွန်တော်တို့ ဘယ်လိုဆက်လုပ်ရင် ကောင်းမလဲ ဆရာကြီး"

"ဒီဇရပ်ပေါ်မှာ တစ်ရက်နှစ်ရက်နေပြီး စနည်းနာကြရမယ်၊ ပြီးတော့မှ ရွာထဲ ဝင်ကြမယ်လေ"

"ကောင်းပါတယ် ဆရာကြီး"

ဟု ပြောဆိုကာ ဇရပ်ပေါ်မှာပင် တစ်ညဆက်အိပ်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်က အကြံရသဖြင့် အားလုံးအိပ်နေဟန်ဆောင်ကာ စောင့်ကြရန် ပြောပြလိုက်သည်။

ဆရာကြီးသူရဇ္ဇနှင့် ဦးဗန်ကောင်းတို့ပင် ပုတီးမစိပ်ကြတော့ဘဲ လှဲအိပ်နေကြသည်။

ညဉ့်နက်ပိုင်းရောက်လာသောအခါ ဒေါက်တာမင်းထင်ကျော်က ပတ်ဝန်းကျင်အခြေအနေကို လေ့လာကြည့်နေလေသည်။





သို့သော်လည်း သန်းခေါင်ယံအချိန်ရောက်သည်အထိတော့ မထူးခြားသေးပေ။

သန်းခေါင်ယံကျော်သောအခါ သူနှင့် မလှမ်းမကမ်းမှာ အိပ်နေသော သုန္ဒရီက သူ့ကျောဘက်သို့ တိုးကပ်လာကာ အသံတိုးတိုးဖြင့် ခေါ်လိုက်သည်။

"ဆရာ. . ."

"ဘာလဲ သုန္ဒရီ"

"ဟိုမှာကြည့်ပါဦး"

ဟု ပြောသဖြင့် သူမညွှန်ပြရာဘက်သို့ စောင်းငဲ့ကြည့်လိုက်သည်။ သူမညွှန်ပြသောအရာမှာ အခြားမဟုတ်ပေ။

ဇရပ်တစ်နေရာတွင် ချထားသော ကျောက်ဘီလူးခေါင်းပြတ်ကြီးတစ်ခုပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော် လှမ်းကြည့်လိုက်သောအချိန်တွင် ကျောက်ဘီလူးခေါင်းပြတ်ကြီးမှာ မျက်လုံးပွင့်လာသည်။

တဖက်က ဟောက်ပက်ကြီးဖြစ်နေပြီး ကျန်တစ်ဖက်က အနီရောင်များ ထွက်နေသည်။

အမှောင်ထဲမှာ ကြည့်လျှင် မျက်လုံးနီနီရဲရဲကြီးနှင့် လှမ်းကြည့်နေသကဲ့သို့ရှိသည်။

ထို့ပြင် ပါးစပ်ပေါက်ကလည်း ပွင့်လာပြီး အတွင်းမှ အစွယ်နှင့်သွားများကို အတိုင်းသား မြင်လာရသည်။

ထိုအချိန်မှာပင် မျက်တောင်က တဖျပ်ဖျပ်ခတ်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်ခတ်လိုက်တိုင်းလည်း မီးကျိခဲတမျှ နီသော အတွင်းက မျက်လုံးအိမ်ကို လှမ်းမြင်ရသည်။

ဒေါက်တာမင်းထင်ကျော်မှာ အတွေ့အကြုံ ရှိခဲ့ဖူးပြီဖြစ်သဖြင့် ကြောက်ရွံ့ထိတ်လန့်မှု သိပ်မရှိသေးသော်လည်း ကျောဘက်မှာ ရောက်နေသော သုန္ဒရီက ကြောက်ရွံ့နေဟန်ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်၏ကျောဘက်နားမှာ ကပ်နေလေသည်။

ခဏကြာတော့ မျက်တောင်တဖျပ်ဖျပ် ခတ်နေသော ကျောက်မျက်လုံးကြီးမှာ မျက်တောင်မခတ်တော့ဘဲ သူတို့ရှိရာသို့ စိုက်ကြည့်နေပြန်သဖြင့် ငြိမ်သက်နေကြရသည်။

အတန်ကြာသောအခါ အပြင်သို့ ပြူးထွက်လာပြီးနောက် မျက်လုံးအိမ်အတွင်းမှ ကျွတ်ထွက်လာလေသည်။

ထို့နောက်တွင် ပြဒါးရှင်လုံးပမာ ဝဲပျံလာပြီး ဒေါက်တာမင်းထင်ကျော်တို့အပေါ်သို့ ရောက်လာလေသည်။

ဒေါက်တာမင်းထင်ကျော်က သုန္ဒရီ လန့်မသွားစေရန် လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ထားရသည်။

မီးကျိခဲပမာ နီနီရဲရဲမျက်လုံးကြီးက လူတစ်ယောက်ချင်းစီ၏အပေါ်မှ ပျံဝဲကာ လိုက်လံကြည့်နေလေသည်။

သုန္ဒရီကတော့ မျက်စိမှိတ်ထားသောကြောင့် သေသေချာချာ မမြင်လိုက်ရသော်လည်း ဒေါက်တာမင်းထင်ကျော်တာ





တော့ အသေအချာ မြင်လိုက်ရသည်။

၎င်းမှာ မျက်လုံးတစ်လုံးနှင့် သိပ်မတူဘဲ နီရဲနေသော ပတ္တမြားတစ်လုံးနှင့် တူလေသည်။

နီရဲနေသောမျက်လုံးကြီးက လူတစ်ယောက်ချင်းစီကို လိုက်လံကြည့်ရှုနေပြီး အတန်ကြာသောအခါ ခေါင်းပြတ်ကြီးရှိရာသို့ ပြန်မသွားတော့ဘဲ ဇရပ်အောက်၌ ချထားသော ကျောက်ပုံရှိရာသို့ ပျံဝဲသွားလေသည်။

မျက်လုံးကြီးက ကျောက်ပုံရှိရာအပေါ်မှ သုံးလေးပတ်မျှ ပျံဝဲလိုက်သောအခါ ကျောက်တုံးအကျိုးအပဲ့များမှာ အသက်ဝင်လာသကဲ့သို့ လှုပ်ရှားလာလေတော့သည်။

ပြန့်ကျဲနေသောကျောက်တုံးများမှာ သူ့နေရာနှင့်သူ ထပ်နေရာ တိတ်ဆိတ်နေသောအချိန်ဝယ် 'တဂွပ်ဂွပ်' နှင့် အသံများ ပေါ်ထွက်နေလေသည်။

ခြေထောက်နေရာကခြေထောက် လက်နေရာကလက် ကိုယ်နေရာကကိုယ် ဆက်မိသောအခါ ကျောက်ရုပ်ခေါင်းပြတ်ကြီး ဖြစ်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့တတွေမှာ ကြောက်မက်ဖွယ်ကောင်းသောမြင်ကွင်းကြောင့် အသက်ရှူရန်ပင် သတိမေ့နေကြသည်။

အတန်ကြာသောအခါ ဦးခေါင်းမရှိသော ကျောက်ရုပ်ကြီးမှာ အသက်ဝင်လာသကဲ့သို့ဖြစ်ကာ တလှုပ်လှုပ်နှင့် ထလာ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဟင်. . ."

ဒေါက်တာမင်းထင်ကျော်တို့မှာ ထိတ်လန့်ဖွယ်မြင်ကွင်းကြောင့် ဘာလုပ်ရမှန်းမသိအောင် ရှိနေတော့သည်။

ကျောက်ဘီလူးရုပ်ကြီးမှာ အဘယ်ကြောင့် ထိုကဲ့သို့ အသက်ဝင်လာသည်ကို မစဉ်းစားတတ်အောင်ရှိနေကြသည်။

ထိုအခိုက်မှာပင် ဇရပ်အောက်ဘက်မှာ ရပ်နေသော ခေါင်းပြတ်ကျောက်ရုပ်ကြီးက တလှုပ်လှုပ်နှင့် ဖြစ်လာပြီး ဇရပ်ဘက်သို့ လျှောက်လာသည်။

ဆရာကြီးသူရဋ္ဌ ဦးဗန်ကောင်း၊ ဒေါက်တာမင်းထင်ကျော်၊ သုန္ဒရီတို့မှာ လူကသာ ငြိမ်နေကြသော်လည်း မျက်လုံးကို ဖွင့်လျက် ခေါင်းပြတ်ကျောက်ရုပ်ကြီး၏လှုပ်ရှားမှုကို မျက်တောင်မခတ် စိုက်ကြည့်နေကြသည်။

ခဏကြာတော့ ကျောက်ရုပ်ကြီးက ဇရပ်အနီး ရောက်လာပြီး ရပ်သည်။

ဦးခေါင်းမရှိသော်လည်း ကျောက်ရုပ်ကြီး၏ခြေလက်စသည်တို့မှာ သက်ရှိလူတစ်ယောက်ကဲ့သို့ သွားလာလှုပ်ရှားနိုင်ပေသည်။

ကျောက်ရုပ်ကြီးက ဇရပ်အောက်ခြေမှာ အတန်ကြာအောင် ရပ်နေပြီးမှ ခြေလှမ်းကျဲကြီးနှင့် ဇရပ်ပေါ် လှမ်းတက်လာသည်။





"ဒုန်း. . ."

ခြေတစ်ဖက် ဇရပ်ပေါ်သို့ နင်းချလိုက်သည်နှင့် ဇရပ်တစ်ခုလုံး သိမ့်သိမ့်တုန်သွားတော့သည်။

၎င်းတို့အထဲတွင် ကျွန်လူများထက် အထမ်းသမားအဖြစ် လိုက်လာသောကုလားမှာ ကြောက်လွန်းသဖြင့် တစ်ကိုယ်လုံး တုန်ယင်လျက်ရှိသည်။

ကြည့်နေရင်းမှပင် ခေါင်းပြတ်ကျောက်ရုပ်ကြီးက ဇရပ်ပေါ် လှမ်းတက်လာလေသည်။

"ဒုန်း. . ဒုန်း. . ဒုန်း"

၎င်းမှာ ဒေါက်တာမင်းထင်ကျော်တို့ တန်းစီအိပ်နေသောနေရာသို့ လာပြီး အတန်ကြာအောင် ရပ်နေလေသည်။

ပြီးတော့မှ ခေါင်းပြတ်ကြီး ရှိရာသို့ တရွေ့ရွေ့နှင့် လျှောက်သွားလေသည်။

၎င်း၏အလေးချိန်ကြောင့် ဇရပ်တစ်ခုလုံး သိမ့်သိမ့်တုန်နေတော့သည်။

ခေါင်းပြတ်ကြီးအနီးသို့ ရောက်သောအခါ လက်ကြီးနှစ်ဖက်နှင့် ကောက်ယူကာ လည်ပင်းပေါ်သို့ ကောက်တပ်လိုက်လေသည်။ ထိုအခါမှပင် ကျောက်ဘီလူးကြီးမှာ ခန္ဓာကိုယ်နှင့် ဦးခေါင်း ပြည့်စုံသွားလေတော့သည်။

အပြင်ဘက်မှာ ပိတုန်းတစ်ကောင်ပမာ ဝဲပျံနေသော မျက်လုံးနီနီကြီးမှာလည်း မူလနေရာဖြစ်သော မျက်လုံးအတွင်း



www.burmeseclassic.com

www.burmeseclassic.com



သို့ ပြန်ဝင်သွားလေတော့သည်။

ကျောက်ဘီလူးကြီးမှာ မျက်လုံးပြန်ရသွားသောအခါ သက်ရှိတစ်ယောက်ပမာ လှုပ်ရှားသွားနိုင်ပြီးနောက် ပါးစပ်ကြီးကို တပြင်ပြင်၊ လက်ကြီးနှစ်ဖက်ကို ဆန့်တန်းကာ ဒေါက်တာမင်းထင်ကျော်တို့ ရှိရာသို့ တက်လာပြန်လေတော့သည်။

၎င်းမှာ တန်းစီအိပ်နေသော လူများအနီးသို့ ရောက်သောအခါ ပါးစပ်ကြီးကို အစွမ်းကုန် ဖြဲကာ တစ်ယောက်ချင်း လိုက်လံကြည့်ရှုနေသည်။

ကျန်လူများက ဣန္ဒြေမပျက် နေနိုင်သော်လည်း ဆာမိခမျာမှာတော့ ကြောက်လွန်းသဖြင့် တဆတ်ဆတ် တုန်ယင်လျက်ရှိရာ ကျောက်ဘီလူးကြီးက ၎င်းကို ဆွဲယူရန် ဟန်ပြင်လိုက်လေသည်။

ထိုအခိုက်မှာပင် ဆရာကြီးသူရဋ္ဌက နေရာမှ ငေါက်ကနဲ ထထိုင်လိုက်သည်။

"ဟဲ့. . . မိစ္ဆာကောင် ဘာလုပ်တာလဲ၊ အခု နောက်ဆုတ်ပြီး ကိုယ့်နေရာကိုယ် ပြန်သွားပါရော့လား"

"ဖြန်း. . ဖြန်း. . ဖြန်း"

ဆရာကြီးသူရဋ္ဌက နံဘေးနားမှာ ချထားသောကြိမ်လုံးဖြင့် ကြမ်းပြင်ပေါ်သို့ တဖြန်းဖြန်း ရိုက်ချလိုက်ရာ ကျောက်ဘီလူးရုပ်ကြီးမှာ အလန့်တကြား နောက်ဆုတ်သွားလေသည်။

ထို့နောက် ဦးခေါင်းကို မူလနေရာတွင် ပြန်ချထားခဲ့ပြီး





ဇရပ်အောက်သို့ ဆင်းပြေးလေရာ အောက်သို့ ရောက်သောအခါ ကျောက်တုံးများမှာ တစ်စစီ ပြုတ်ကျပြီးနောက် ကျောက်တုံးပုံ ပြန်ဖြစ်သွားလေတော့သည်။

ထိုအခါမှပင် ဒေါက်တာမင်းထင်ကျော်တို့တတွေမှာ လှဲအိပ်နေရာမှ ထကြလေသည်။

မီးအိမ်ကို မီးထွန်း၍ ပြန်ချိတ်ထားလိုက်သောအခါ ပတ်ဝန်းကျင်သို့ အလင်းရောင် ရလာလေသည်။

မီးအလင်းရောင်ကြောင့် ခေါင်းတခြား ကိုယ်တခြား ဖြစ်နေသော ကျောက်တုံးပုံကြီးကိုလည်း အတိုင်းသား မြင်နေရသည်။

"ကျောက်ဘီလူးက ဘယ်လိုအသက်ဝင်လာတာလဲ ဆရာကြီး"

"ကျောက်ရုပ်ကတော့ အသက်ရှိတဲ့လူတစ်ယောက်လို ဘယ်လှုပ်ရှားနိုင်ပါ့မလဲ၊ တစ်စုံတစ်ခု အမှောင့်ပယောဂကြောင့်သာ အခုလို အသက်ဝင်လာတာ ဖြစ်မှာပေါ့"

"လူတစ်ယောက် ရုတ်တရက် သေသွားပြီးနောက် ချက်ချင်း ဖုတ်ဝင်လာပြီး လူတစ်ယောက်လို ဟန်မပျက် နေနိုင်တာကို တွေ့ဖူးတယ်၊ အစားကြူးတာကလွဲပြီး ကျန်တာက လူအတိုင်းပဲ နေနိုင်ကြတယ်"

ဟု ဦးဗန်ကောင်းက ပြောပြသည်။

ပခုက္ကူခရိုင်၊ ရေစကြိုမှ ခရီးလေးတိုင်ခန့် ကွာသော



www.burmeseclassic.com

www.burmeseclassic.com

သံပုရာချောင်းရွာ၌ ထန်းတက်သမား မြေဆိုသူမှာ ထန်းတက်နေရင်း ထန်းပင်ပေါ်မှ ပြုတ်ကျကာ သေဆုံးသွားလေသည်။

သို့သော် ချက်ချင်းဖုတ်ဝင်ကာ ဟန်မပျက် အိမ်သို့ ပြန်လာလေသည်။

မြေမှာ သားမယားတို့အား ခါတိုင်းကဲ့သို့ ထန်းတက်အလုပ်နှင့် ကျွေးမွေးသော်လည်း အစားအသောက်ကတော့ ခါတိုင်းနှင့် မတူတော့ပေ။

ခါတိုင်း အသားဟင်း မကြိုက်လှသော မြေမှာ ယခုအခါ အမဲသား၊ ဝက်သားဟင်းကို နေ့တိုင်းချက်ပေးရသည်။

တစ်ပိဿာချက်၊ နှစ်ပိဿာချက်ကို တစ်ယောက်တည်း တစ်ထိုင်တည်း ကုန်အောင် စားသောက်လေ့ရှိသည်။

မိန်းမကလည်း သတိမထားမိပေ။

တစ်နေ့ ရွာသို့ ဆေးဆရာတစ်ယောက် ရောက်လာတော့မှ ဇာတိမှန် ပေါ်လေတော့သည်။

မိန်းမကို အကျိုးအကြောင်း ပြောပြီး မြေအိပ်ယာအောက်တွင် အင်းချပ်နှင့်ဆေးမှုန့်များကို ထားရာ နောက်တစ်နေ့တွင် မြေမှာ အသက်ထွက်သွားတော့သည်။

ဖုတ်ကောင်ထွက်သွားသောအခါ မြေမှာ မူလရုပ် မရှိတော့ဘဲ ကမ္မဋ္ဌာန်းအရိုးစုအဖြစ်နှင့်သာ ကျန်ခဲ့တော့သည်။

ထိုအခါ မိန်းမဖြစ်သူမှာ ဝမ်းနည်းပူဆွေးမှုဖြင့် ငိုကြွေးနေလေတော့သည်။





"ဒီလိုအဖြစ်မျိုးတွေက နေရာအနှံ့မှာ အများကြီး ရှိတာပဲ၊ အခုကျောက်ရုပ်ကြီးကလည်း ဒီအတိုင်းပဲ၊ သူ့ချည်းပဲတော့ ဘယ်လှုပ်ရှားနိုင်ပါ့မလဲ၊ အမှောင့်ပယောဂ တစ်ခုခုက ဝင်နေလို့သာ အခုလို အသက်ဝင်နေနိုင်တာပေါ့"

"ဒါကတော့ အဖြေရအောင် ရှာကြည့်ရမှာပေါ့၊ ဒါထက် ကျောက်ရုပ်ကြီး ထမလာခင်မှာ ဘာထူးခြားတာ တွေ့ကြသေးသလဲ"

"တွေ့တယ် ဆရာကြီး၊ ပိတုန်းကောင်လို ဝဲပျံနေတဲ့ မီးအလုံးကြီးဟာ ပတ္တမြားကြီးနဲ့ အတော်တူတယ်"

"ဒါဖြင့် ဝိညာဉ်မျက်လုံးပတ္တမြားကြီးများ ဖြစ်နေရော့သလား"

"ဒီလိုဆိုရင် အဲဒီအလုံးကြီးက သူ့မျက်လုံးထဲမှာရှိတယ်၊ ဖောက်ကြည့်ရင် မကောင်းဘူးလား"

"အချိန်မတန်သေးဘဲ ဖောက်ထုတ်လိုက်ရင် ပတ္တမြားဖြစ်နေရင်လည်း ပျက်စီးသွားလိမ့်မယ်၊ သူ့အလိုလို အပြင်ထွက်လာတော့မှ ဖမ်းယူပြီး ကြည့်ကြတာပေါ့"

ဟု ပြောဆိုကာ မိုးလင်းချိန် ရောက်သည်အထိ စကားပြောရင်း ထိုင်စောင့်နေကြလေသည်။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

# ကျောက်တီရှူးမျက်လုံး

နောက်တစ်နေ့နံနက်ပိုင်းအချိန်မှာပင် ဇရပ်ရှိရာသို့ လူတစ်ယောက် ရောက်လာလေသည်။

အခြားမဟုတ်ပေ. . .။

တန်ပဆိုသော လူငယ်ကလေးပင်ဖြစ်သည်။

သူက ဇရပ်အနီးမှ ရပ်ကာ ဒေါက်တာမင်းထင်ကျော်တို့ကို လှမ်းကြည့်နေသည်။

ဒေါက်တာမင်းထင်ကျော်က လှမ်းခေါ်လိုက်မှ မဲ့မရဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် လျှောက်လာလေသည်။

"ဟော့ . . . တန်ပ လာလေကွာ"

"ဆရာကြီးတို့ ဒီဇရပ်ပေါ်မှာ ညအိပ်တာ ဘယ်နှစ်ည ရှိပြီလဲဟင်"

"ဘာဖြစ်လို့ မေးတာလဲကွ၊ ငါတို့ အိပ်တာ နှစ်ညရှိပြီ"

"ဘာမှမဖြစ်ကြတာ အံ့ဩစရာပဲ၊ ဒီဇရပ်ပေါ်မှာ ညအိပ်ဖို့ ဒီရွာက လူတွေကပဲ လမ်းညွှန်လိုက်တာ မဟုတ်လား"

"အေး . . . ဟုတ်တယ်၊ မင်းက ဘယ်လိုသိနေတာလဲ"

ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"ဒီရွာတစ်ရွာလုံးမှာ ရှိကြတဲ့လူတွေက တစ်ယောက်မှ လူအစစ်တွေ မဟုတ်ဘူး၊ ဂမ္ဘသေယျဆိုလားဘာလား ကျွန်တော်လည်း မသိဘူး၊

နေ့ခင်းမှာလူတွေလို ဟန်ကျပန်ကျ နေနိုင်ပေမယ့် ညအချိန်ရောက်ရင် တောထဲ သွားပြီး ငရဲခံကြရတယ်၊ မနက်လင်းခါနီးတော့မှ ပြန်လာကြတယ်"

"ဒါထက် မင်းက ဘယ်လိုသိနေတာလဲ"

"ကျွန်တော်က လူတစ်ယောက်ပါ၊ ကျွန်တော့်မိဘတွေကို သတ်ပြီးဖမ်းထားလို့ ဒီမှာ နေရတာပါ"

တန်ပက မျက်ရည်ကလေးအဝိုင်းသားဖြင့် ပြောသည်။

"ဒါဖြင့် ဒီရွာက လူတွေအကြောင်းကို မင်းသိသမျှ ပြောစမ်းပါဦး"





တန်ပက နောက်ဘက်သို့ စိတ်မချသလို တစ်ချက်ကြည့်ပြီးနောက် လေသံတိုးတိုးဖြင့် ပြောပြသည်။

ယခင်က ရွှေကျွန်းရွာဟု အမည်တွင်ခဲ့သော မှော်စက်ရှင်ရွာ၌ နေထိုင်ကြသူများမှာ နေစည်းခံဟူသော ဝဋ်ကြွေးမကုန်သမျှ ငရဲခံကြရသည့် ဂမ္ဘသေယျ လောကငရဲသားများပင်ဖြစ်၏။

နေ့အခါတွင် လူများအသွင်ဖြင့် တင့်တင့်တယ်တယ် နေနိုင်ကြသော်လည်း ညအခါမှာတော့ မိမိတို့ ပြုခဲ့သမျှ ဝဋ်ကြွေးခံကြရသည်။

(ကျတ်ကုန်းတွင် နေထိုင်ကြသော ကျတ်များကတော့ ညအချိန်တွင် လူယောင်ဖန်ဆင်းကာ နေနိုင်ကြသည်)

၎င်းတို့မှာ အကုသိုလ်ဝဋ်ကြွေး ကြီးမားသူများမို့ တစ်ညလုံး ခွေးနက်ကြီးများ၊ သားရဲများ၏အပိုင်းပိုင်းအပြတ်ပြတ်ဖြစ်အောင် စားသောက်ခြင်း ခံကြရသည်။

တစ်ကြိမ်သေသွားလျှင်လည်း မပြီးဘဲ နောက်တဖန် ပြန်ပေါ်လာပြီး ရှေးနည်းအတိုင်း ခံကြရသည်။

ငရဲကြီးရှစ်ထပ်၌ ငရဲခံနေသူများနှင့် မခြားလှပေ။

ဤသို့ဖြင့် တစ်ညလုံး ခွေးနက်ကြီးများအပါအဝင် သားရဲတိရစ္ဆာန်များ၏ကိုက်ဖြတ်စားသောက်ခြင်းကို ကယ်ပါယူပါ တစာစာ အော်ဟစ်ရင်းနှင့် ခံကြရပြီး အရုဏ်တက်လာချိန် ရောက်တော့မှ ငရဲခံရခြင်းမှ လွတ်ကင်းရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်းတို့ကို ကိုက်ဖြတ်စားသောက်သော ခွေးနက်ကြီးများနှင့် သားရဲတိရစ္ဆာန်များလည်း အရုဏ်တက်လာချိန်တွင် တောထဲ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

ထိုအခါမှ လူများလည်း ဟန်မပျက် ရွာသို့ ပြန်လာကြပြီး ယခင်အတိုင်း နေထိုင်ကြလေသည်။

ဂမ္ဘာသေယျ လောကသားများမှာ ဝိဉာဉ်လောကသားများကဲ့သို့ ကာမဇိတ္တိ ရှိသဖြင့် ဖန်ဆင်းနိုင်မှုနှင့် ပြုစားသော အတတ်ပညာများကိုတော့ ကောင်းစွာပြုလုပ်နိုင်ကြလေသည်။

"ဒါဖြင့် ဒီရွာက လူတွေက တခြားက လာတဲ့လူတွေ ဒုက္ခရောက်အောင် ကျောက်ဘီလူးရုပ်ကြီးကိုလည်း သူတို့ပဲ စီမံထားတာပဲလား"

"ဒီကျောက်ဘီလူးရုပ်ကြီးကတော့ သူတို့ လုပ်ထားတာ မဟုတ်ပါဘူး၊ ဒီကျောက်ဘီလူးရုပ်ကို သူတို့တောင် မနိုင်လို့ အစားခံနေကြရသေးတယ်"

"ဒါဖြင့် မင်းက ဒီကျောက်ဘီလူးရုပ်ကြီးအကြောင်းကို ကောင်းကောင်းသိတယ်ပေါ့"

"သိပါတယ်. . . ကျွန်တော့်မိဘတွေနဲ့ ဆွေမျိုးတွေလည်း စားပစ်လိုက်တာပဲ မသိဘဲ ရှိပါ့မလား"

"ဒါဖြင့် ပြောပြစမ်းပါဦးကွာ"

ဟု ဒေါက်တာမင်းထင်ကျော်က ပြောခိုင်းသဖြင့် တန်ပဆိုသော တိဗက်လူငယ်ကလေးက ထိတ်လန့်ဖွယ်ရာ ကြေကွဲဖွယ်ရာ ကောင်းလှသော ၎င်း၏အဖြစ်အပျက်ကို အောက်ပါအတိုင်း ပြောပြလေသည်။

တန်ပ၏မိဘများမှာ တိဗက်နယ်ဘက်မှာ ရှိသော ရွာကလေးတစ်ရွာမှဖြစ်ပြီး ဆင်းရဲနွမ်းပါးကြသည်။

တစ်ရွာလုံးမှာလည်း ဆွေမျိုးသားချင်းများဖြစ်ပြီး အချို့က တောင်ယာစိုက်ပျိုးခြင်း မလုပ်ကြဘဲ အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ကာ ဈေးရောင်းဈေးဝယ်ပြုကြသည်။

တစ်နေ့တော့ ဈေးရောင်းရာမှ ပြန်လာသော လူတစ်ယောက်က ဝမ်းသာအားရနှင့် သတင်းကောင်းတစ်ခု ပြောပြသည်။

"ဟိမဝန္တာဘက်က ရွာတစ်ရွာကို ငါတို့ ရောက်ခဲ့တယ်၊ အဲဒီရွာမှာ ရွှေငွေဥစ္စာတွေ အတော်ကလေး ပေါများတယ်၊ ငါတို့ ပါသမျှ ကုန်ပစ္စည်းတွေကိုလည်း ပြောတဲ့ဈေးနဲ့ ဝယ်လိုက်ကြတယ်၊

မင်းတို့ ဒီမှာ ဆင်းဆင်းရဲရဲနဲ့ လုပ်ကိုင်စားသောက်နေမယ့်အစား ငါတို့နဲ့ ကုန်ရောင်းကုန်ဝယ် တစ်ခေါက်လောက် လိုက်ခဲ့ကြပါလား"

ဟု အဆွယ်ကောင်းသဖြင့် တန်ပ၏မိဘများလည်း ရှိသမျှပစ္စည်းများကို စုဆောင်းပြီးနောက် ကုန်ရောင်းလိုက်ခဲ့ကြလေသည်။

မိသားစုသုံးယောက်တည်း ရှိသောကြောင့် တန်ပပါ




☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့ရလေသည်။

ထိုအချိန်က တန်ပမှာ (၁၀)နှစ်သားအရွယ်သာ ရှိသေးသည်။

နောက်ဆုံးတော့ ယခင်ရောက်ခဲ့ဖူးသူများက လမ်းပြခေါ်ဆောင်လာခဲ့သောကြောင့် မှော်စက်ရှင်ရွာသို့ ရောက်လာကြသည်။

ရွာထဲ ရောက်သောအခါ ရွာသူရွာသားများက ညွှန်ပြသဖြင့် ဇရပ်ပေါ်မှာပင် လာရောက်တည်းခိုကြလေသည်။

ပါလာသောလားများကို ဇရပ်ဝန်းကျင်မှာ ထားပြီး လူများကတော့ ဇရပ်ပေါ်မှာ တည်းခိုကြသည်။

သူတို့ရောက်နေချိန်တွင် ရွာသူရွာသားများက ဧည့်ဝတ်ကျေပွန်စွာဖြင့် စားကောင်းသောက်ဖွယ်များ လာရောက်ပို့ပေးကြရာ ဝမ်းသာစွာဖြင့် စားသောက်ကြလေသည်။

ထို့နောက် ပါလာသောကုန်ပစ္စည်းများကိုလည်း ဝယ်ယူကြသည်။

သူတို့အဖွဲ့မှာ လူက (၁၀)ယောက်၊ လားက (၆)ကောင် ပါလာရာ လားများမှာ တစ်ညတစ်ကောင် ပျောက်ပျောက်သွားလေသည်။

ပထမတော့ တောကောင်ဝင်ဆွဲသည်အထင်နှင့် စောင့်ကြရန် ကြိုးစားသော်လည်း ရွာထဲမှ လာပို့ပေးသော အစားအသောက်များကို စားသောက်ပြီးသည်နှင့် ဟန်မဆောင်နိုင်





အောင်ဖြစ်လာပြီး အားလုံးအိပ်ပျော်သွားကြလေသည်။

ဤသို့ဖြင့် လားများ တစ်ညတစ်ကောင် ပျောက်သွားရာ နောက်ဆုံး(၆)ကောင်စလုံး ကုန်သွားတော့သည်။

ထိုအခါ အားလုံးကြောက်လန့်ပြီး ထိုနေရာမှ ထွက်ပြေးရန် ကြိုးစားကြသော်လည်း တစ်ယောက်မှ မလှုပ်နိုင်တော့ပေ။

လားများ ကုန်သွားသောအခါ လူများ တစ်ယောက်ပြီး တစ်ယောက် အသတ်ခံကြရသည်။

လည်ပင်းကို ကိုက်ဖြတ်ထားပြီး တစ်ကိုယ်လုံး အစွယ်ရာများဖြင့် ရုပ်ပျက်ဆင်းပျက် သေဆုံးကြရခြင်းဖြစ်သည်။

ထိုအခါမှပင် သူတို့မှာ ကယ်မည့်သူ ဝေးသောဘဝသို့ ရောက်ကြရတော့သည်။

ထွက်ပြေးရန် ကြံသော်လည်း ဂန္ဓသေယျများ ကျွေးမွေးသော အစားအသောက်များကို စားထားမိသဖြင့် အပင်းသွင်းသကဲ့သို့ဖြစ်ကာ မလှုပ်နိုင်ကြတော့ဘဲ တစ်ညလျှင် တစ်ယောက်ကျောက်ဘီလူး အစားခံကြရလေရာ နောက်ဆုံး တန်ပတစ်ယောက်သာ ကျန်ခဲ့တော့သည်။

တန်ပမှာ ကလေးအရွယ်ရှိသေးသဖြင့် များစွာထိတ်လန့်ကြောက်ရွံ့မှုဖြစ်ကာ အော်ဟစ်ငိုကြွေးလျက် ခြေဦးတည့်ရာသို့ လျှောက်ပြေးလေရာ ရွာထဲမှ မိန်းမကြီးတစ်ယောက်က အိမ်သို့ ခေါ်ထားကာ ကျွန်တစ်ယောက်သဖွယ် ခိုင်းစေလေတော့သည်။

www.burmeseclassic.com



"ဒါထက် မင်းက ကံကောင်းလို့ အသက်ရှင်နေတာပေါ့။ ဒီရွာမှာ နေရတာ မကောင်းဆိုးဝါးတွေမှန်း သိလျက်နဲ့ ထွက်ပြေးဖို့ မကြိုးစားဘူးလား"

"ပြေးတာပေါ့ ဆရာရယ်၊ ဒါပေမယ့် ဒီရွာနယ်နိမိတ်က လွတ်အောင် မပြေးနိုင်ပါဘူး၊ ပြန်မိတာပါပဲ၊

အဲဒီလို ထွက်ပြေးရင် အဖွားကြီးက တစ်ကိုယ်လုံး စုတ်ပြတ်အောင် ရိုက်နှက်ပါတယ်"

တန်ပက ၎င်းကိုယ်ပေါ်မှ ဒဏ်ရာဒဏ်ချက်များကို ပြသည်။ ဒဏ်ရာအဟောင်းရောအသစ်ပါ တစ်ကိုယ်လုံး ပြည့်နေသည်။

"နောက်ရော ဘယ်လိုနှိပ်စက်သေးလဲ"

"အဖွားကြီးက ပြုစားတတ်တဲ့ပညာတွေ သင်ပေးပါတယ်၊ ကျွန်တော်က ဘုရားတရားသံဃာ ရတနာသုံးပါးကို စိတ်ထဲက ရွတ်ဆိုနေတော့ သင်ပေးလို့မရပါဘူး၊

အဲဒီလို မရရင် အရိုက်ခံရပြန်တယ်၊

အရိုက်ခံရမှ ခံရရော ဒီလိုမကောင်းမှန်းသိတဲ့ မိစ္ဆာပညာမျိုးကိုတော့ ဘယ်တော့မှ မသင်ဘူး"

ဒေါက်တာမင်းထင်ကျော်မှာ အရွယ်ငယ်သေးသော်လည်း ဘာသာရေးအပေါ်မှာ ယုံကြည်မှုရှိပြီး အသိတရားရှိသော တန်ပကို စိတ်ထဲမှ ချီးကျူးမိလေသည်။

"အခု ဆရာကြီးတို့ကိုတော့ သူတို့ ဘယ်လိုမှ လုပ်မရလို့





ဒေါသတွေ ဖြစ်နေကြတယ်၊ ဆရာတို့က ဒီရွာက လူတွေကို နိုင်တာပေါ့နော်"

ဒေါက်တာမင်းထင်ကျော်က ပြုံး၍ခေါင်းညိတ်ပြလိုက်သည်။

"ဒီလိုဆိုရင် ဆရာကြီးတို့ ပြန်ရင် ကျွန်တော့်ကိုပါ တစ်ပါတည်း ခေါ်သွားပေးပါဗျ၊ ကျွန်တော့်ကို ဒီရွာမှာ မထားခဲ့ပါနဲ့၊

နေ့ခင်းဘက်ဆိုရင် သူတို့နှိပ်စက်တာကို ခံရတယ်၊ ညအချိန်ရောက်ရင် ကျွန်တော်တစ်ယောက်တည်း နေရတယ်၊ သိပ်ကြောက်စရာကောင်းတာပဲ"

ဟု မျက်ရည်အဝိုင်းသားဖြင့် တောင်းပန်ပြောဆိုလေသည်။

"ဒီလောက်လည်း ကြောက်မနေပါနဲ့ တန်ပရယ်၊ ငါတို့ ပြန်ရင် မင်းကိုပါ တစ်ပါတည်း ခေါ်သွားပါ့မယ်"

"တကယ်ပြောတာလား ဆရာ၊ ကျွန်တော်ဝမ်းသာလိုက်တာ ဆရာရယ်၊ ဒီအတိုင်းဆိုရင် ကျွန်တော်ဝဋ်ကျွတ်တော့မှာပေါ့နော်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"ဒါထက် လာသမျှလူတွေကို သတ်စားနေတဲ့ ကျောက်ဘီလူးကြီးအကြောင်းလည်း ပြောပါဦးကွ"

"ကျွန်တော်လည်း ဒီရွာရောက်မှ သူတို့ပြောတာတွေကြောင့် သိရတာပါ၊ ဒီလို ဆရာရဲ့"



www.burmeseclassic.com

www.burmeseclassic.com



မှော်စက်ရှင်ရွာဟု အမည်တွင်နေသော ရွှေကျွန်းရွာနှင့် မနီးမဝေးနေရာတွင် ယခု ဘီလူးမျက်နှာတောင်ဟု ခေါ်ဝေါ်နေကြသော 'သေလာယက္ခ' တောင်တန်းရှိလေသည်။

သေလာယက္ခတောင်တန်းပေါ်မှာ ရှိသော ကျောက်တုံးကျောက်ခဲများမှာ အခြားနေရာ၌ ရှိသော ကျောက်တုံးကျောက်ခဲများနှင့် မတူပေ။

ကျောက်စုန်းဟု ခေါ်သော ကျောက်တုံးကြီးများ ရှိလေသည်။

၎င်းတောတောင်များထဲတွင် တောင်စုန်း၊ ကျောက်စုန်း၊ ရေစုန်း၊ မီးစုန်း၊ သစ်စုန်း၊ မြေစုန်း၊ စသည်တို့ ရှိလေသည်။

ယက္ခသေလတောင်မှာပင် တောင်စုန်းဟု သတ်မှတ်ထားကြသည်။ ရှေးအခါက ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီ အစရှိသော ထွက်ရပ်လမ်းပေါက် ပုဂ္ဂိုလ်များတို့သည် ထိုတောင်ပေါ်၌ စခန်းချ နေထိုင်ကာ သိဒ္ဓိပေါက်လမ်းစဉ်များကို ကျင့်ကြံပြုလုပ်ခဲ့ကြလေသည်။

၎င်းတို့သည် ထိုတောင်ပေါ်မှာ ပြဒါးပြာများ ရရှိအောင် စီရင်နိုင်ခဲ့ကြသည်။

ပြဒါးပြာသည် ထွက်ရပ်ပေါက်လမ်းစဉ်၌ များစွာအကျိုးပြုနိုင်သော လမ်းစဉ်ဖြစ်သည်။

ဤနေရာတွင် စာဖတ်သူအတွက် ဗဟုသုတဖြစ်နိုင်သော ပြဒါးနှင့် ပတ်သက်သော သိမှတ်ဖွယ်ရာနှင့် ပြာချနည်းတို့





ဖော်ပြပေးလိုက်ပါသည်။

ပြဒါးကို အခေါ်အဝေါ် အမျိုးမျိုးဖြင့် ခေါ်ဝေါ်ကြသည်။

| | | |
|---|---|---|
| သက္ကတဘာသာဖြင့် | - | ရသ၊ ရသိန္ဒ၊ ရာသရာဇ၊ သုတ၊ ပါရဒ၊ စပလ၊ သိဝ၊ သိဝဗီဇ၊ |
| ဟိန္ဒူ ဗင်ဂါလီဘာသာဖြင့် | - | ပါရာ |
| ဂုဂျာရုံသီဘာသာဖြင့် | - | ပာရော |
| အရဗီ(အာရတ်)ဘာသာဖြင့် | - | ဇီဝက |
| ဖရာစီဘာသာဖြင့် | - | ဇနုလုဟယာတ |
| လက်တင်ဘာသာဖြင့် | - | သိမ်ာဗ၊ ဇီဝ |
| အင်္ဂလိပ်ဘာသာဖြင့် | - | မာကျူရီ(Mercury)၊ ကွစ်ဆီး(လ်)ဗား |

ပြဒါးသည် ရေအလေးထက် (၁၃)ဆခွဲ လေးသည်။ သုညဒီဂရီအောက် အလွန်အေးသော (၃၉)ဒီဂရီစင်တီဂရိတ်တွင် စု၍ခဲသည်။

သုညဒီဂရီအထက်(၃၆၀)ဒီဂရီစင်တီဂရိတ်တွင် အလွန်ပူ၍ အခိုးဖြစ်ကာ ပျံထွက်သွားလေသည်။

ဆေးဝါးလုလ္လတစ်ခုခုနှင့် ပြုပြင်၍ စင်ကြယ်လျှင် (သုတ)ပြဒါးဟု ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တန်ခိုးသိန္ဓိပေါက်လျှင် (ပါရဒ)ပြဒါးဟု ခေါ်သည်။

ကမ်းတစ်ဖက်သို့ ပြီးဆုံးလွန်မြောက်သွားလျှင် ကျောက်နံ့ဂါး(သို့မဟုတ်) ပြဒါးရှင်(သို့မဟုတ်) ပတ္တမြားမျက်ရှင်ဟု ခေါ်ဝေါ်ကြသည်။

မြေပုတ်စားပြဒါး၏အရိပ်သဏ္ဌာန်မှာ ရိုးရိုးရွဲရွဲရှိ၏။ ကျောက်မှုံ့စားပြဒါး၏အရိပ်သဏ္ဌာန်မှာ ဝန်းဝန်းတိတိရှိ၏။ သစ်ရွက်သစ်ပွင့်စား ပြဒါး၏အရိပ်သဏ္ဌာန်မှာ ရှည်ရှည်လျားလျား ရှိ၏။ ဆီးနှင်းမိုးပေါက်စားပြဒါး၏အရိပ်သဏ္ဌာန်မှာ ပိန်ပိန်ရှည်ရှည်ရှိ၏။

ပြဒါးကို ပြာချသောလမ်းမှာ. . .

သွပ်ဖြူနှင့် ပြဒါး လေးတူတွဲ၍ကျို၊ အရည်ဖြစ်လျှင် ပေါက်ပန်းဖြူမြစ်နှင့် မပြတ်မွှေပေးက နှစ်ပါးစလုံး ပြာကျသည်။ (အခြားနည်းများစွာ ရှိသော်လည်း ဇာတ်လမ်းအရသာပျက်မည်စိုးသောကြောင့် မဖော်ပြတော့ပြီ)

ထွက်ရပ်ပေါက်ကြသော ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့သည် ပြဒါးပြာ ရသောအခါ မထိုက်သူများ မရစေရန် ရည်ရွယ်၍ ကျောက်စုန်းတုံးကြီးတစ်တုံးကို ဘီလူးရုပ်ကြီးသဖွယ် ဖန်ဆင်း၍ ၎င်း၏မျက်လုံးတစ်လုံးထဲမှာ ထည့်ထားခဲ့ကြပြီးနောက် ထိုတောင်မှ ထွက်သွားကြလေတော့သည်။

ထိုအချိန်မှာပင် ဘီလူးရုပ်ကြီးမှာ ပြဒါးပြာတန်ခိုးကြောင့် အသက်ဝင်စပြုနေချေပြီ။





ထိုတောင်သို့ မျက်စိလည် လမ်းမှားပြီး ရောက်လာသူတို့ကို ဖမ်းစားလေ့ရှိသည်။ သေလာယက္ခတောင်သို့ ညအိပ်ညဥ့်နေ ဝင်ရောက်တည်းခိုကြသူတိုင်း မကြာခဏ သေဆုံးကြသောအခါ အကြောင်းသိသူများက ထိုတောင်သို့ မသွားဝံ့ကြတော့။ အကြောင်းမသိသူများသာ ဝင်ရောက်ခိုနားကြသည်။

ထိုသို့ ညအိပ်ညဥ့်နေ ဝင်နားသူတိုင်း ကျောက်ဘီလူးက ဖမ်းစားသဖြင့် အသက်ရှင်ရက်နှင့် မပြန်နိုင်ကြပေ။

တစ်နေ့သောအခါ ထိုတောင်သို့ အရပ်တစ်ပါးမှ ထွက်ပြေးလာသော လူတစ်ယောက် ရောက်လာလေသည်။

ထိုလူမှာ အခြားသူ မဟုတ်ပေ။

ဝိညာဉ်မျက်လုံးပတ္တမြားကို ယူ၍ထွက်ပြေးလာသော ထွန်းဇပင်ဖြစ်လေသည်။

ထွန်းဇမှာ နောက်က ခေါင်းပြတ်သရဲက လိုက်နေသဖြင့် လွတ်အောင်ပြေးရင်းနှင့် သေလာယက္ခတောင်သို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

ထိုတောင်သို့ ရောက်သောအခါ နောက်မှ တကောက်ကောက် လိုက်နေသော ခေါင်းပြတ်သရဲလည်း ဆက်မလိုက်တော့ပေ။ သို့သော်လည်း သူ့အနေနှင့် သေဘေးက မလွတ်သာဘဲ အသက်ဝင်နေသော ကျောက်ဘီလူးလက်ချက်နှင့် မရှုမလှ သေဆုံးသွားရတော့သည်။

ကျောက်ဘီလူးက ၎င်းဆီမှ ပတ္တမြားကို ယူ၍သာ ကျန်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတစ်ဖက်အတွင်းသို့ သွင်းထားလိုက်တော့သည်။

ထိုအခါမှပင် ကျောက်ဘီလူးလည်း ပိုမိုအစွမ်းထက်လာပြီး သေလာယက္ခ တောင်အနီးသို့ ရောက်လာသောလူနှင့် တိရစ္ဆာန်များကို ဖမ်းစားလေတော့သည်။

တစ်နေ့သောအခါ ယက္ခသေလတောင်သို့ အထက်လမ်းဆရာကြီးတစ်ယောက် ရောက်လာပြီး ဆိုးသွမ်းနေသော ကျောက်ဘီလူးကို ဖမ်းဆီးရန် ကြိုးစားလေသည်။

ကျောက်ဘီလူးလည်း ဆရာ၏ပညာကို မယှဉ်နိုင်မှန်းသိသဖြင့် တောင်ပေါ်မှ ဆင်းပြေးလေတော့သည်။

ဆရာကလည်း ဆေးဓားကို ကိုင်ကာ နောက်မှ လိုက်လာလေတော့သည်။ မှော်စက်ရှင်ရွာအနီးမှ ညောင်ပင်ကြီးအောက် ရောက်သောအခါ ကျောက်ဘီလူးကို ဆရာက ဖမ်းမိသွားပြီးနောက် ဆေးဒန်းမြင်းသီလာနှင့် စီရင်ထားသော ဆေးဓားဖြင့် ခုတ်ပိုင်းရာ ခေါင်းတခြားကိုယ်တခြားဖြစ်ရုံမက တစ်ကိုယ်လုံး အပိုင်းပိုင်း ကျိုးပဲ့ ပျက်စီးသွားလေတော့သည်။

ဆရာကြီးက သူအလိုရှိသော ဝိဇ္ဇာများ ထားခဲ့သည့် ပြဒါးပြာများ သိုဝှက်ထားသည့်မျက်လုံးကိုသာ ဖောက်ယူသွားပြီး ကျန်မျက်လုံးတစ်ဖက်ကိုတော့ ဒီအတိုင်း ထားခဲ့လေသည်။

နောက်ပိုင်းမှာတော့ ပြဒါးပြာမျက်လုံး မရှိတော့သော ကျောက်ဘီလူးမှာ ဝိညာဉ်မျက်လုံး ပတ္တမြားတန်ခိုးကြောင့် အပိုင်းပိုင်းဖြစ်နေသော ကိုယ်ခန္ဓာ အစိတ်အပိုင်းများကို ပြန်





ဆက်နိုင်ပြီး လူနှင့် တိရစ္ဆာန်များကို ဖမ်းစားနိုင်လေသည်။

၎င်းကို အပိုင်းပိုင်းဖြတ်ထားသော ဇရပ်အနီးမှာပင် နေကာ ဇရပ်ပေါ်သို့ ညအိပ်ည့်နေ လာရောက်တည်းခိုသူတို့အား နည်းအမျိုးမျိုးနှင့် ဖမ်းစားလေ့ရှိသည်။

တစ်ခါတစ်ရံလည်း ရွာထဲ ဝင်၍ ဖမ်းဆီးသတ်ဖြတ်လေ့ရှိရာ ရွာထဲမှာ နေကြသော ဂမ္ဘသေယျများပင် ၎င်းအား ကြောက်ရွံ့နေကြရသည်။

သို့ကြောင့် အခြားတစ်နယ်တစ်ကျေးမှ ရောက်လာသည့် ဧည့်သည်များအား ဇရပ်ပေါ်တွင် တည်းစေကာ ကျောက်ဘီလူးအား အစာကျွေးကြခြင်းဖြစ်၏။

တစ်ခါတစ်ရံ အခြားမှ ဧည့်သည်များ လာရောက်ခြင်းမရှိလျှင် ရွာထဲမှာ လူနှင့်တိရစ္ဆာန်များကို သတ်ဖြတ်စားသောက်လေ့ရှိသည်။

ကျောက်ဘီလူးစားခြင်းကို ခံရသူများမှာ ဝဋ်ကြွေးမကုန်သေးပါက တစ်ဖန်လူပြန်ဖြစ်ရပြီး ငရဲခံကြရသည်။

ကျောက်ဘီလူးရန်စွယ်ကြောင့် သေကြေပျက်စီးကြရသော လူနှင့်တိရစ္ဆာန်တို့မှာ မနည်းတော့ပေ။

"အဲဒီကျောက်ဘီလူးကြီးကို သူတို့ရဲ့ပညာစွမ်းနဲ့လည်း မနိုင်ကြဘူး၊ ဒါကြောင့် အခြားတနယ်က ရောက်လာတဲ့ ဧည့်သည်တွေ ရောက်လာရင် ဘီလူးအစာကျွေးဖို့ အဲဒီဇရပ်ကိုပဲ ညွှန်ပေးကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



“မင်းပြောမှပဲ အကြောင်းစုံ သိရတော့တယ်၊ ဒါဖြင့် ကျောက်ဘီလူးရဲ့မျက်လုံးတစ်ဖက်ထဲမှာ ဝိဇ္ဇာဖော်ဂိုဏ်တွေ ထည့်ထားခဲ့တဲ့ ပြဒါးပြာတွေကတော့ မရှိတော့ဘူးပေါ့”

“ဟုတ်ကဲ့. . . ဆရာတစ်ယောက် ဖောက်ယူသွားလို့ မရှိတော့ဘူးလို့ ပြောသံကြားရပါတယ်”

“ဒါဖြင့် လူတစ်ယောက် ယူလာတဲ့ ပတ္တမြားကတော့ သူ့ရဲ့မျက်လုံးတစ်ဖက်ထဲမှာ ရှိဦးမှာပေါ့”

“ရှိပါတယ် ဆရာကြီး၊ အဲဒီပတ္တမြားကြောင့် ကျောက်ဘီလူးကြီးက အသက်ဝင်နေတာပါ”

ဟု တန်ပက ပြောပြသဖြင့် ဆရာကြီးသူရဇ္ဇက ဇရပ်တစ်နေရာတွင် ရှိနေသော ကျောက်ဘီလူးခေါင်းပြတ်ကြီး ရှိရာသို့ ထသွားလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ကလည်း နောက်မှ လိုက်သွားကြသည်။

“ဦးဇန်ကောင်း. . . ကျုပ်တို့မှာ ပရိတ်ကြိုးတွေ ပါလာခဲ့တယ် မဟုတ်လား”

“ပါ,ပါတယ် ဆရာကြီး”

“အဲဒီဘီလူးခေါင်းပြတ်ကို ပရိတ်ကြိုးနဲ့ ပတ်ဝိုင်းထားလိုက်ဗျာ”

ဟု ဆရာကြီးသူရဇ္ဇက ပြောသဖြင့် ဦးဇန်ကောင်းက ပရိတ်ကြိုးများဖြင့် ပတ်ဝိုင်းလိုက်သည်။





ထို့နောက် ထောင့်လေးထောင့်တွင် ဖယောင်းတိုင် လေးတိုင် ထွန်းပြီးနောက် ကျောက်ဘီလူးခေါင်းပေါ်သို့ ဆေးမှုန့်များ ဖြူးချလိုက်သည်။

ထိုအခါ ငြိမ်သက်နေသော ညောင်ပင်ကြီးတစ်ခုလုံး လေပြင်းတိုက်ခတ်လိုက်သကဲ့သို့ တဝေါဝေါနှင့် ဆူညံသွားသည်။

ပြီးလျှင် တစ်နေရာမှ အသံနက်ကြီးဖြင့် အော်သံကို ကြားရလေသည်။

“မလုပ်ပါနဲ့. . မလုပ်ပါနဲ့. . အသက်ကို ချမ်းသာပေးပါ”

ထိုသို့အော်နေသော်လည်း ဆရာကြီးသူရဇ္ဇက ဆေးမှုန့်များကို ဖြူးချမြဲ ဖြူးချနေရာ အတန်ကြာတော့ မျက်လုံးနှစ်ဖက်မှာ တဖြည်းဖြည်း ပွင့်လာလေသည်။

တစ်ဖက်မှာ ဘာမှမရှိဘဲ ဟောက်ပက်ကြီးဖြစ်နေပြီး ကျန်တစ်ဖက်မှာတော့ အနီရောင်ပတ္တမြားတစ်လုံးကို တွေ့ရသဖြင့် ဆရာကြီးသူရဇ္ဇက ဆေးဓါးဖြင့် ကော်ထုတ်ယူလိုက်လေသည်။

ထိုအခါ ပတ်ဝန်းကျင်တစ်နေရာမှ အသံနက်ကြီးဖြင့် အော်လိုက်သံကြီးကို အားလုံးကြားလိုက်ရလေသည်။

“အား. . .”

ထိုအော်သံကြီး ကြားလိုက်ရပြီးနောက်မှာ စောစောက



www.burmeseclassic.com

www.burmeseclassic.com



ကြားနေရသော ဆူဆူညံညံအသံများလည်း တဖြည်းဖြည်းနှင့် ပြန်လည်ငြိမ်သက်သွားလေတော့သည်။

ဆရာကြီးသူရဇ္ဇက ပတ္တမြားကို သုတ်သင်ပြီးနောက် သုန္ဒရီကို လှမ်းပေးလိုက်သည်။

"မိန်းကလေးဟို့ နတ်ဘုရားရုပ်ထုက ပျောက်သွားတဲ့ ပတ္တမြား ဟုတ်မဟုတ် ကြည့်ပါဦးကွယ့်"

သုန္ဒရီက ပတ္တမြားကို လှမ်းယူပြီး အသေအချာ ကြည့်နေရင်းမှ လက်ကလေးများ တဆတ်ဆတ် တုန်လာလေသည်။

"ဟုတ်. . ဟုတ်ပါတယ် ဆရာကြီး"

"ဒီလိုဆိုရင် ကျုပ်တို့ ကူညီပေးရကျိုးနပ်ပြီပေါ့ကွယ်"

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ် ဆရာကြီး၊ အဖိုးမှာလိုက်တဲ့အတိုင်း ဆရာကြီးတို့တတွေ ကျွန်မတို့နေရာကို လိုက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်"

"ကောင်းပါပြီကွယ်. . .လိုက်ခဲ့ရမှာပေါ့"

ဟု ပြောဆိုကာ ကျောက်ဘီလူးခေါင်းပြတ်ကြီးကို လှမ်းကြည့်လိုက်သောအခါ အသက်မရှိတော့သည့်အလား မျက်လုံးနှစ်ဖက်စလုံး ပိတ်နေချေတော့သည်။

၎င်းတို့သည် ခရီးဆက်ရန်အတွက် ပစ္စည်းပစ္စယများ သိမ်းနေကြစဉ် ရွာထဲမှ လူများ ရောက်လာကြသည်။

ယောကျ်ားရောမိန်းမပါ အတော်များပြီး လက်ထဲမှာလည်း အစားအသောက် အသီးအနှံများ ပါလာကြလေသည်။





"ကျွန်မတို့ ရွာသူရွာသားတွေက ဆရာကြီးတို့ကို လာကန်တော့ကြတာပါ။ ကျွန်မတို့ မိုက်မှားခဲ့တဲ့အပြစ်တွေကို ကျေအေးပေးပါ"

ဟု ပြောဆိုကာ ဇရပ်အောက်မှ ထိုင်၍ကန်တော့ကြလေသည်။

"မင်းတို့အားလုံးအပေါ်မှာ အပြစ်မယူပါဘူး၊ အားလုံးကို ခွင့်လွှတ်ပါတယ်၊ ဒီဘဝဆိုးက လွတ်မြောက်ဖို့လည်း ဆုတောင်းပေးခဲ့ပါတယ်၊

မကောင်းတဲ့စိတ်တွေကို ဖယ်ပြီး ကောင်းတဲ့စိတ်တွေကို ကြိုးစားပြီး မွေးရင် လောကငရဲသားဘဝက အမြန်ဆုံး လွတ်မြောက်ကြမှာပါ"

ဟု ဆရာကြီးသူရဇ္ဇက ပြောသောအခါ ၎င်းတို့ ယူဆောင်လာကြသော အစားအသောက်များကို ဇရပ်ပေါ် လာတင်ပေးကြလေသည်။

"ကျွန်မတို့ရွာက လူတွေ အမြဲကြောက်လန့်နေရတဲ့ ကျောက်ဘီလူးကြီးကို သုတ်သင်ရှင်းလင်းပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာကြီး၊

ဒီအစားအသောက်တွေက မရိုးသားတဲ့စိတ်နဲ့ လာပို့ပေးတာ မဟုတ်ပါဘူး၊ ကျွန်မတို့ ရှာဖွေထားတဲ့ သန့်စင်တဲ့ အစားအစာတွေ ဖြစ်ပါတယ်၊

လက်ခံပေးပါ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



“သာဓု. . . သာဓု. . . သာဓု”

အနိစ္စာရုံများဖြင့် အစဥ်အမြဲ ရှိနေသော ဇရပ်တဝိုက်မှာ ယခုတော့လည်း ကြည်နူးချမ်းမြေ့မှုများ ပျံ့နှံ့သွားလေတော့သည်။





## အခန်း(၁၄)

## လောကဏ်အလှဆုံးသောအရာ

မနောသုခရှာ တည်ရှိရာ ကျောက်တောင်ပေါ်သို့ ရောက်သောအခါ ကျောက်နံရံကြီးနှစ်ချပ်က လူတစ်ကိုယ်စာ ဝင်၍ရလောက်အောင် ဟနေပြီး အပြင်ဘက်၌ မဟာချန်ဒီနှင့် နွှာသူရှာသားများက ထွက်စောင့်နေလေသည်။

သုန္ဒရီက အသင့်ပါလာသော ဝိညာဉ်မျက်လုံးပတ္တမြားတို့ မဟာချန်ဒီလက်သို့ ပေးအပ်လိုက်လေသည်။

“နောက်ဆုံးတော့ နတ်ဘုရား၏မျက်လုံးတော်သည်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ထံသို့ ပြန်လည်ရောက်ရှိလာခဲ့ပေပြီ”

ဟု ပြောဆိုကာ ပတ္တမြားမျက်လုံးကို လက်ဖြင့် ကိုင်၍ အပေါ်သို့ မြှောက်လိုက်သောအခါ ရွာသူရွာသားအပေါင်းက မြေပေါ်သို့ ဝပ်ကာ ဦးညွတ်အရိုအသေပြုကြလေသည်။

“ယခုကဲ့သို့ နတ်ဘုရားမျက်လုံးတော်ကို ပြန်ရအောင် ဆောင်ရွက်ပေးခဲ့သော သင်တို့အားလုံးကို ကျေးဇူးတင်ပါတယ်”

မဟာချန်ဒီက ဆရာကြီးသူရဋ္ဌအနီးသို့ လာကာ ကျေးဇူးတင်စကား ပြောလေသည်။

တကယ်တော့ ဆရာကြီးသူရဋ္ဌမှာ မဟာချန်ဒီနှင့်မနောဝိညာဉ်ချင်း တွေ့ဆုံခဲ့ပြီးဖြစ်သောကြောင့် သိရှိပြီးဖြစ်ပေသည်။

ထို့နောက်တွင် ဒေါက်တာမင်းထင်ကျော်တို့အား အတွင်းသို့ ခေါ်သွားလေတော့သည်။

နတ်ဘုရားကျောင်းတော်ကြီးရှိရာသို့ ရောက်သောအခါ မဟာချန်ဒီက တာဝန်ပေးသောကြောင့် ဒေါက်တာမင်းထင်ကျော်ကိုယ်တိုင် ပတ္တမြားမျက်လုံးကို ယူ၍ နတ်ဘုရားရုပ်ထုကြီးအပေါ်သို့ တက်သွားကာ ဟောက်ပက်ကြီး ဖြစ်နေသော မျက်လုံးအိမ်အတွင်းသို့ ပတ္တမြားမျက်လုံးအား ပြန်ထည့်ပေးလိုက်ရာ အခက်အခဲ မရှိဘဲ အတွင်းသို့ ဝင်သွားလေသည်။

ထိုသို့ဝင်သွားပြီးသည်နှင့် အနီရောင်အလင်းတန်းများ ဖြာထွက်လာလေရာ အခန်းတစ်ခုလုံး နီရဲသွားလေတော့သည်။

ထို့နောက် မဟာချန်ဒီအပါအဝင် ရွာသူရွာသားများ





အားလုံးတို့မှာ ကြေးစည်ဖားစည်များကို တီး၍ သံပြိုင်ညီညာစွာဖြင့် ဘုရားတရားစာများ ရွတ်ဆိုပူဇော်ကြလေသည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်တို့လည်း အတူတကွ ဝင်ရောက်၍ ဘုရားဝတ်ပြုကြလေသည်။

တစ်ညလုံး ဘုရားဝတ်ပြုဆုတောင်းကြပြီး နောက်တစ်နေ့ အရုဏ်တက်ချိန် ရောက်သောအခါမှ ကြေးစည်၊ ဖားစည်များကို သံပြိုင်တီးပြီး ဝတ်ပြုခြင်းကို ရပ်နားကြလေသည်။

ရွာသူရွာသားများကတော့ စကားတစ်ခွန်းမှ မပြောဘဲ ဘုရားကျောင်းအတွင်းမှ ထွက်ခွာသွားကြလေသည်။

မဟာချန်ဒီ၊ သုန္ဒရီနှင့် ဒေါက်တာမင်းထင်ကျော်တို့သာ ကျန်ခဲ့ကြသည်။

“ကျွန်ုပ်တို့ ဘုရားဝတ်ပြုခြင်းအလုပ်ကို မလုပ်နိုင်ခဲ့ကြတာ အတော်ကြာခဲ့ပေပြီ”

“ဘာကြောင့်လဲ အဖိုး”

“မသမာသော မိစ္ဆာတစ်ဦးက မျက်လုံးတော်ကို ဖောက်ယူသွားခဲ့ခြင်းကြောင့် ကျွန်ုပ်တို့တစ်ရွာလုံး စိတ်မချမ်းမသာဖြစ်ခဲ့ကြရတယ်၊ ဒါကြောင့် ဘုရားကျောင်းသို့ မလာရောက်ကြခြင်းဖြစ်ပေတယ်၊

ယခုတော့ သင်တို့ကျေးဇူးကြောင့် နတ်ဘုရားမျက်လုံးတော်ကို ပြန်လည်ရရှိခဲ့ရပေပြီ၊

သို့ကြောင့် ကျွန်ုပ်ပေးထားသောကတိအတိုင်း သင်တို့



www.burmeseclassic.com

www.burmeseclassic.com



အား ထိုက်တန်သော ကျေးဇူးဆပ်မှုများ ပေးပါမည်"

ဟု ပြောဆိုကာ မဟာချန်ဒီက ၎င်းနေထိုင်ရာနေရာသို့ ခေါ်သွားလေသည်။

ထိုနေရာသို့ ရောက်သောအခါ ရွာသူရွာသားများ လာရောက်ပို့ပေးထားသော သက်သက်လွတ်အစားအသောက်များကို စားသောက်ကြရသည်။

ပန်းဂေါ်ဖီပွင့်၊ မုန်လာဥနီ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီတို့နှင့် စွပ်ပြုတ်သဖွယ်ပြုလုပ်ထားသော ဟင်းလျာများမှာ အရသာရှိလှပေသည်။

ထို့နောက်တွင် မဟာချန်ဒီက. .

"သင်တို့အား ထိုက်တန်သောကျေးဇူးဆပ်ရမည်ဖြစ်သဖြင့် ကျွန်ုပ်တို့နှင့်အတူ လိုက်ခဲ့ကြပေတော့"

ဟု ပြောဆိုကာ မဟာချန်ဒီနှင့် သုန္ဒရီတို့က ရှေ့မှ ဦးဆောင်၍ခေါ်ဆောင်သွားလေရာ ဒေါက်တာမင်းထင်ကျော်၊ ဆရာကြီးသူရဇ္ဇနှင့် ဦးဇန်ကောင်းတို့က နောက်မှ လိုက်သွားကြလေသည်။

၎င်းတို့အား သစ်တောအုပ်များ ဖုံးလွှမ်းထားသော တောင်မြင့်ကြီးတစ်ခုပေါ်သို့ ခေါ်ဆောင်သွားလေသည်။

ထိုတောင်မြင့်ကြီးအပေါ်မှ လှမ်းကြည့်လျှင် တောင်သုံးလုံးမှာ ဖိုခနောက်ဆိုင်ရှိနေပြီး ရေတံခွန်သုံးခုကို တစ်နေရာတည်းသို့ ထိုးကျနေလေသည်။





ထိုနေရာမှ ခွဲထွက်သွားသော စမ်းချောင်းသုံးချောင်းကိုလည်း အတိုင်းသား လှမ်းမြင်ရသည်။

"ကျွန်ုပ်တို့ အဲဒီနေရာရောက်အောင် သွားရမယ်"

ဟု ပြောကာ တောင်မြင့်ကြီးအပေါ်မှ တဖြည်းဖြည်းဆင်းကြရာ နောက်ဆုံးတော့ တောင်သုံးလုံး၊ ရေတံခွန်သုံးခုတို့၏ ဗဟိုချက်ဖြစ်သော အောက်ခြေသို့ ရောက်သွားကြသည်။

ထိုနေရာရောက်တော့ မဟာချန်ဒီက ပြောသည်။

"အရှေ့ဘက်မှာ ရှိတဲ့ တောင်ရဲ့အတွင်းမှာ ပြဒါးပြာရှိတယ်၊ အနောက်ဘက်တောင်ရဲ့အတွင်းမှာ ကျောက်သွေးနဲ့ ဂမုန်းနက်ပင်တွေရှိတယ်၊

မြောက်ဘက်မှာ ရှိတဲ့ တောင်ရဲ့အတွင်းဘက်မှာ ကျောက်မျက်ရတနာတွေရှိတယ်၊

သင်တို့ လိုချင်တာ ရနိုင်ပေမယ့် သို့သော် လူတစ်ဦးလျှင် တစ်မျိုးသာ ယူခွင့်ရှိတယ်"

ဟု ပြောပြီး ဆရာကြီးသူရဇ္ဇဘက်သို့ လှည့်ကာ. . .

"သင် ဘာအလိုရှိသလဲ"

ဟု မေးရာ ဆရာကြီးသူရဇ္ဇက မဆိုင်းမတွ အဖြေပေးလိုက်လေသည်။

"ပြဒါးပြာကိုပဲ ယူပါမယ်"

ထိုသို့ပြောသဖြင့် မဟာချန်ဒီက ဆရာကြီးသူရဇ္ဇတစ်ယောက်ကိုပဲ အရှေ့ဘက်တောင်ရှိရာသို့ ခေါ်သွားပြီး ရေတံခွန်



www.burmeseclassic.com

www.burmeseclassic.com



အောက်မှ အတွင်းသို့ ခေါ်သွားလေသည်။

လိုဏ်ဂူအတွင်းသို့ ရောက်သောအခါ ရွှေကလပ်ပေါ်မှာ တင်ထားသော ရွှေကြုတ်ဖူးတစ်ခုကို ယူပေးလိုက်သည်။

"သင်အလိုရှိတဲ့ ပြဒါးပြာပဲ"

"ကျေးဇူးတင်ပါတယ် အဖိုး"

ထို့နောက် ပြန်ထွက်လာကြသည်။

အပြင်သို့ ရောက်သောအခါ ဦးဇနိကောင်းကို ပြောသည်။

"သင့်အနေနဲ့ ပြဒါးပြာကို ယူခွင့်မရှိတော့ပေ၊ ကျန်တဲ့ နှစ်မျိုးထဲက နှစ်သက်ရာတစ်ခု ရွေးပေတော့"

"ကျောက်သွေးကိုပဲ အလိုရှိပါတယ် အဖိုး"

ဟု ပြောသဖြင့် အနောက်တောင်ဘက် ရှိရာသို့ ခေါ်သွားလေသည်။

ရေတံခွန်အတွင်းမှ အတွင်းသို့ ဝင်လိုက်သည်နှင့် ကျောက်ချပ်ကြီးအကြားမှ စိမ့်ကျနေသော ကျောက်သွေးရည်များကို တွေ့ရလေသည်။

အချို့က ကြမ်းပြင်ပေါ်မှာ အတုံးအခဲဖြစ်နေကြသည်။

မဟာချန်ဒီက ရွှေခွက်တစ်ခွက်လာပေးသဖြင့် ကျောက်ခွက်တစ်ခုထဲမှာ အိုင်နေသော ကျောက်သွေးရည်တစ်ခွက် ခပ်သောက်လိုက်သည်။

ရင်ထဲသာမက တစ်ကိုယ်လုံး ရှိသမျှ အကြောအချင်





များပင် ရေခဲတုံးနှင့် ထိကပ်လိုက်သကဲ့သို့ အေးစိမ့်သွားလေသည်။

ထို့နောက်. . .

ကျောက်သွေးခဲအချို့ကို ကောက်ယူနေစဉ် မဟာချန်ဒီက ဂူအတွင်းသို့ ဝင်သွားလေသည်။

အတန်ကြာ၍ ပြန်ထွက်လာသောအခါ ဂမုန်းနက်တစ်ပင် ပါလာပြီး ဦးဇနိကောင်းကို ပေးသည်။

ကျောက်သွေးနှင့် ဂမုန်းနက် ရသောအခါ အပြင်သို့ ပြန်ထွက်လာကြသည်။

ဒေါက်တာမင်းထင်ကျော် အလှည့်ရောက်သောအခါ အခြားရွေးစရာမရှိတော့ပေ။

ကျောက်မျက်ရတနာများရှိသည့် တောင်တစ်လုံးသာ ကျန်တော့သည်။

"သင့်အနေနဲ့ မြောက်ဖက်တောင်အတွင်းမှာ ရှိတဲ့ ကျောက်မျက်ရတနာများကိုသာ ယူခွင့်ရှိတော့တယ်. . . အလိုရှိပါသလား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းခါပြလိုက်သည်။

"ကျောက်မျက်ရတနာများကို အလိုမရှိပါ အဖိုး"

"ကျန်နှစ်မျိုးက ယူခဲ့ပြီးပြီဆိုတော့ ကျောက်မျက်ရတနာများသာ ယူခွင့်ကျန်တော့တယ်"

"ကျောက်မျက်ရတနာကို မယူဘဲ အခြားလိုချင်တာကို



www.burmeseclassic.com

www.burmeseclassic.com



တောင်းနိုင်ပါသလား"

"တောင်းနိုင်ပါတယ်. . . သင်အလိုရှိတာကိုသာ ပြောပါလော့"

ဒေါက်တာမင်းထင်ကျော်က အနီးမှာ ရပ်နေသော သုန္ဒရီကို တစ်ချက်ကြည့်ပြီး. . .

"သုန္ဒရီကိုပဲ အလိုရှိပါတယ် အဖိုး"

ဟု ရဲရဲတင်းတင်း ပြောလိုက်ရာ သုန္ဒရီမှာ ရှက်သွေးဖြာသော မျက်နှာကလေးဖြင့် ခေါင်းငုံ့သွားလေသည်။

"သင့်သဘောဆန္ဒကို ကြိုတင်သိရှိထားပါတယ်၊ သင်တို့ချင်းက မေတ္တာစက်ကွင်းချင်း ထိစပ်မှုရှိပြီးဆိုတာလည်း ကျွန်ုပ်သိပါတယ်၊ ကာယကံရှင်က သဘောတူ လက်ခံမယ်ဆိုရင် ကျွန်ုပ်အနေနဲ့က ကန့်ကွက်စရာအကြောင်းမရှိပေ၊

သို့သော် တစ်ခုတော့ ရှိသည်၊ သုန္ဒရီကို အလိုရှိပါက မနောသုခရွာမှာ သုံးနှစ်ပြည့်အောင် နေထိုင်ပြီးမှ အခြားနေရာသို့ ခေါ်ယူ၍ရနိုင်ပေသည်၊

သင်တို့အချင်းချင်း နားလည်မှု ရခဲ့ပါက ကျွန်ုပ်ရှိရာသို့ လိုက်လာကြပေတော့"

ဟု ပြောဆိုကာ မဟာချန်ဒီက လှည့်ပြန်သွားရာ ဆရာကြီးသူရဋ္ဌနှင့် ဦးဇန်ကောင်းတို့ကလည်း နောက်မှ လိုက်သွားကြလေတော့သည်။

ရေတံခွန်အနီးမှာတော့ သူတို့နှစ်ဦးသာ ကျန်လေတော့





သည်။

"ကိုယ်ကတော့ စိတ်ထဲမှာ ရှိတဲ့အတိုင်း အဖိုးဆီမှာ ခွင့်ပန်လိုက်ပြီ၊ သုန္ဒရီသဘောကိုလည်း ပြောပါဦး"

"ကျွန်မသဘောကတော့ ဆရာ့အပေါ်မှာ ငြင်းပယ်စရာ မရှိပါဘူး၊ အတွင်းအဗ္ဘန္တရကလည်း နှစ်သက်မှုရှိပါတယ်၊

ဒါပေမယ့် ကျွန်မနဲ့ လက်ထပ်ပြီးရင် ဆရာက ဒီမှာ သုံးနှစ်ပြည့်အောင် နေနိုင်ပါ့မလားဟင်"

ဟု စိုးရိမ်သောလေသံဖြင့် မေးသည်။

"ကိုယ်ချစ်တဲ့သူကို ပိုင်ဆိုင်ရဖို့အတွက်ကတော့ သုံးနှစ်မကဘူး၊ ဘယ်လောက်ပဲကြာကြာ နေရမှာပေါ့"

"ဝမ်းသာလိုက်တာ ဆရာရယ်၊ ဒါဖြင့် ဆရာကြီးနှစ်ယောက်ကရော ပြန်ကြမှာလားဟင်"

"သူတို့က ကိုယ်ရှိတဲ့နေရာဆိုရင် အမြဲနေနိုင်ကြတဲ့လူတွေပါ၊ နောက်ပြီး သူတို့ လိုချင်တာတွေလည်း ရပြီဆိုတော့ ကိုယ်ဒီမှာရှိနေသရွေ့ ဆက်နေကြမှာပါ၊

ဒါထက်' သုန္ဒရီသဘောကိုလည်း ပြောပြပါဦး"

"ဆရာကလည်း. . . ကျွန်မသဘောကို ထပ်ပြောဖို့ လိုသေးလို့လား၊ မျက်နှာအမူအယာကြည့်ရုံနဲ့ အကဲခတ်လို့ မရနိုင်ဘူးလား"

"သုန္ဒရီမျက်နှာပေါ်မှာ ပုဝါက ဖုံးထားတော့ မျက်နှာအမူအယာကို အကဲခတ်လို့ မလွယ်လှဘူးပေါ့၊ ပါးစပ်က ဖွင့်

www.burmeseclassic.com



ပြောမှပဲ သိရမှာပေါ့”

ဟု ပြောရာ သုန္ဒရီက သူမဦးခေါင်းပေါ်မှ အုပ်ထား သောပုဝါကို ဆွဲဖယ်လိုက်ရာ ဖြူဝင်းလှပသောမျက်နှာကလေး ပေါ်လာလေသည်။

ထိုမျက်နှာပြင်ပေါ်မှာ လှပသောအပြုံးတစ်ခုကိုလည်း တွေ့မြင်ရလေသည်။

“ကျွန်မ မောင့်အပေါ်မှာ ချစ်ပါတယ် မောင်ရယ်”

ဟု ပြောကာ ရင်ခွင်ထဲသို့ တိုးဝင်လာလေရာ ဒေါက်တာ မင်းထင်ကျော်က သူမ၏ကိုယ်ကလေးကို တင်းတင်းကြပ်ကြပ် ဖက်ထားလိုက်လေသည်။

အတွင်းအဇ္ဈတ္တ၌ မေတ္တာစက်ကွင်းချင်း ထိစပ်မိသော သူတို့နှစ်ယောက်အတွက် ဘာမှဖုံးကွယ်ထားစရာအကြောင်း မရှိ တော့ပေ။

ကြည့်လေမြင်လေရာ လောကအလှများဖြင့် ပြည့်စုံ လျက်ရှိနေတော့သည်။

သာယာလှပသော ဟိမဝန္တာတောင်တန်းကြီးများ၊

မှိုင်းညို့လျက်ရှိသော တောအုပ်များ၊

နှင်းမှုံနှင်းစက်တို့ ဆွတ်ဖျန်းထားသော ပန်းအလှများ

ရေတံခွန် စိမ့်စမ်းများတို့မှာ သဘာဝအလှများဖြစ်ကြ လေသည်။

၎င်းတို့သည် လောကကို အလှဆင်ပေးနေသော





သဘာဝအလှများဆိုလည်း မမှားပေ၊

ချစ်သူနှစ်ဦးအတွက်ကတော့ မွန်မြတ်သန့်စင်ခြင်း ထုံမွှန်းအပ်သော ချစ်ခြင်းမေတ္တာသည်သာလျှင် အလှပဆုံးဖြစ် ပေတော့သည်။

သူတို့နှစ်ဦးအတွက် အချစ်မှလွဲ၍ အခြားသဘာဝအလှ များက ပို၍မလှပနိုင်တော့ပေပြီ။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(မနောဝိညာဉ် မှော် စက်ရှင်)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနိယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

[illegible] ။ ။ (၂၀၀၉)ခုနှစ်၊ မတ်လ(၃၀)ရက်၊

တနင်္လာနေ့၊ နေ့လည်(၁း၃၀)နာရီ။



www.burmeseclassic.com